ကြေးမုံ
The Mirror Daily
Established in 1957

## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday 11 October 2019 ၉၇၉၉

# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ကျင်းပရာ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဒေါက်တာထွန်းနိုင်၊ တပ်မတော်အရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် “၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ”ကို ဒုတိယသမ္မတ ဦးဆောင်၍ ၃၇ ဦးဖြင့် ဖွဲ့စည်းထားပြီး ဗဟိုကော်မတီကချမှတ်သည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် “ဆပ်ကော်မတီ(၁၀)ခု”ကိုလည်း ယခင်နှစ်အတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**လွတ်လပ်ရေးရရှိရေးအတွက် အချိန်ကြာမြင့်စွာ အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ပေးဆပ်ပြီးမှ ရရှိလာသည်ကို နောင်လာနောက်သားများသိရှိပြီး လွတ်လပ်ရေးကို အသက်ပေးကာကွယ်စောင့်ရှောက် ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များကိန်းအောင်းနေစေရန်နှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရန် သတိပေးနှိုးဆော်**

ကြေးမုံ ယနေ့ဖတ်စရာ

မကွေးပြည်သူ့ဆေးရုံကြီးတွင် ဆီးချို၊ သွေးချိုရောဂါ ပညာပေးကုသဌာန ဖွင့်ပွဲကျင်းပ
စာမျက်နှာ » ၂

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး
စာမျက်နှာ » ၅

**ကြေးမုံသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။**



ကြေးမုံ

## လူထုဗဟိုပြု ကျေးလက်လူမှုဘဝမြှင့်တင်

ပြည်ထောင်စုအဆင့်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း၏ အကျိုးရလဒ်ကြောင့် ကျေးလက်နေပြည်သူ ၇ ဒသမ ၁ သန်းကျော်သည် စီမံကိန်းမှပေါ်ထွက်လာသည့်အကျိုးကျေးဇူးများကို ရရှိခံစားနေရပြီဖြစ်ကြောင်း အောက်တိုဘာလ ၈ ရက်နေ့က နေပြည်တော်တွင် ပြုလုပ်သည့် လူထုဗဟိုပြုစီမံကိန်း ဆဋ္ဌမနှစ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲမှ သိရှိရသည်။

လူထုဗဟိုပြုစီမံကိန်းကို၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၊ ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်(မြောက်ပိုင်း) နှင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်စသည့် မြို့နယ်သုံးမြို့နယ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြည့်စုံအောင် အကောင်အထည်ဖော်နိုင်သောကြောင့် ယခုအခါ ကျေးရွာပေါင်း ၁၂၀၀၀ ကျော်တွင် မှီတင်းနေထိုင်ကြသော ကျေးလက်နေပြည်သူ ၇ ဒသမ ၁ သန်းကျော်တို့သည် စီမံကိန်း၏အကျိုးကျေးဇူးများကို လက်တွေ့ရရှိခံစားနေကြရပြီဖြစ်သည်။

ယခုကဲ့သို့ အခြေအနေကောင်းများရရှိလာရာမှ အနာဂတ်ကာလများတွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ပိုမိုအရည်အသွေးပြည့်မီစွာဖြင့် အကောင်အထည်ဖော်ပြီး နိုင်ငံ၏လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝမြှင့်မားရေးဟူသည့် လူထုဗဟိုပြုစီမံကိန်း ပြည်ထောင်စုအဆင့် ဆောင်ရွက်ချက်များသည် ကျေးလက်ပြည်သူများ၏ လက်တွေ့ဘဝကို ထင်ဟပ်ပေါ်လွင်စေပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် အကောင်အထည်ဖော်ခဲ့ကြသော်လည်း ကျေးလက်ပြည်သူများဘဝနှင့် တစ်သားတည်းမကျသဖြင့် လူမှုဘဝများ ထူးမခြားနားဖြစ်ခဲ့ရပါသည်။ ယခုစီမံကိန်းမှာမူ ကျေးလက်နေပြည်သူများဘဝနှင့် ရင်းနှီးကျွမ်းဝင်ဆုံးစီမံကိန်းတစ်ခုဖြစ်စေရန် အကောင်အထည်ဖော်နေသောကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ယခင်နှင့်မတူ သိသာထင်ရှားစွာ တိုးတက်လာသည်ဟု မျှော်လင့်ပါသည်။

လက်ရှိ၌ လူထုဗဟိုပြုစီမံကိန်းကို မြို့နယ်ပေါင်း ၆၃ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၂၀၀၀ ကျော်တွင် အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သည်။ စီမံကိန်းအတွင်း၌ပါဝင်သည့် ကျေးရွာများအနေဖြင့် မိမိတို့ကျေးရွာများတွင် လိုအပ်လျက်ရှိသည့် လူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံများကို ကိုယ်တိုင်ရွေးချယ်ခြင်း၊ ကိုယ်တိုင်အကောင်အထည်ဖော်ခြင်း၊ ကိုယ်တိုင်ကြီးကြပ်ခြင်းနှင့် ကိုယ်တိုင်တာဝန်ယူ၍ လုပ်ငန်းလည်ပတ်စေခြင်းဖြင့် ပြည်သူ့အားကို အဓိကရယူထားသော လူထုကိုဗဟိုပြုသည့် လုပ်ငန်းစစ်စစ်ဖြစ်သည်။ အစမှ အဆုံးအထိ ပြည်သူကတာဝန်ယူ လုပ်ဆောင်ရသည့် စီမံကိန်းဖြစ်သည်။

စီမံကိန်းလုပ်ငန်းများတွင် လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေပေးအပ်ခြင်း၊ ကူညီထောက်ပံ့မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အသိပညာနှင့် လေ့လာသင်ယူခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှုအထောက်အကူပြုခြင်း၊ အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ခြင်း စသည်တို့ပါဝင်သည်။ စီမံကိန်းဒေသရွေးချယ်ရာတွင် ဆင်းရဲမွဲတေမှုကို အခြေခံမှုအဖြစ် သတ်မှတ်သည့်အပြင် ဒေသအာဏာပိုင်များ၏ စီမံကိန်းအပေါ်လိုလားမှု၊ အကောင်အထည်ဖော်နိုင်စွမ်းရှိမှု၊ ဒေသတည်ငြိမ်အေးချမ်းမှု၊ ဆက်သွယ်သွားလာရေး အဆင်ပြေမှုနှင့် အခြားထောက်ပံ့ငွေမရရှိမှု စသည့်အချက်များအပေါ်မူတည်၍ ရွေးချယ်ထားသည်။

သို့ဖြစ်ရာ လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာသန်း ၈၀ ဖြင့် မြို့နယ်ပေါင်း ၁၅ မြို့နယ်တွင်သာ ဆောင်ရွက်ရန် ရည်ရွယ်ခဲ့သော်လည်း ယခုအခါ ရလဒ်ကောင်းများထွက်ပေါ်လာမှုကြောင့် တိုးတက်မှုများရရှိလာပြီဖြစ်ရာ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများအားလုံး လူထုဗဟိုပြုစီမံကိန်း အကျိုးပြုမှုဖြင့် လူမှုစီးပွားဘဝ မြှင့်မားတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မကွေးပြည်သူ့ဆေးရုံကြီးတွင် ဆီးချို၊ သွေးချိုရောဂါ ပညာပေးကုသဌာန ဖွင့်ပွဲကျင်းပ



**မကွေး အောက်တိုဘာ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မကွေးပြည်သူ့ဆေးရုံကြီးတွင် ကျင်းပသည့် ဆီးချို၊ သွေးချိုရောဂါ ပညာပေးကုသဌာန (Center of excellence for Diabetes Management) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ထပ်မံဖွင့်လှစ်သွားမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆီးချို၊ သွေးချိုရောဂါ ပညာပေးကုသဌာနများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ မန္တလေး ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် (ခုတင် -၁၀၀၀) ပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ခဲ့ပြီး ယခု မကွေးပြည်သူ့ဆေးရုံကြီးတွင် ငါးခုမြောက်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်းတွင် သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီးနှင့် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတို့တွင် ထပ်မံ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ဆီးချို၊ သွေးချိုရောဂါပညာပေးကုသဌာနများတွင် ဆီးချို၊ သွေးချိုရောဂါ ရှာဖွေစစ်ဆေးခြင်း၊ အင်ဆူလင် ဆေးထိုးပေးခြင်းအပါအဝင် လိုအပ်သောကုသမှုများကို ပြင်ပလူနာအနေဖြင့် ဆောင်ရွက်ပေးခြင်း၊ မျက်စိစမ်းသပ်ခြင်း၊ အာရုံကြောပျက်စီးမှု ရှိ၊ မရှိ စမ်းသပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ International Diabetes Federation ၏ ၂၀၁၈ ခုနှစ် စာရင်းဇယားများအရ ကမ္ဘာပေါ်ရှိ လူပေါင်း ၄၁၅ သန်းကျော်တွင် ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားနေပြီး ထိုအရေအတွက်သည် ၂၀၄၀ ပြည့်နှစ်တွင် သန်းပေါင်း ၆၄၂ သန်းအထိ တိုးပွားလာနိုင်ဖွယ်ရှိပါကြောင်း။

**စစ်ဆေးကုသမှုဆေးခန်းများဖွင့်**

ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားသူစုစုပေါင်း ၈၅ မှ ၉၅ ရာခိုင်နှုန်းမှာ အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါ (Type 2 DM) ရှင်များဖြစ်ပါကြောင်း၊ ဆီးချို၊ သွေးချိုရောဂါသည် ကျောက်ကပ်ပျက်စီးခြင်းကို ဖြစ်စေသည့် အဓိကအကြောင်းရင်းဖြစ်ပါကြောင်း၊ ထိခိုက်ဒဏ်ရာရခြင်းကြောင့် မဟုတ်ဘဲ ခြေထောက်ဖြတ်ရခြင်း၏ အဓိကအကြောင်းရင်းလည်းဖြစ်ပြီး ဆီးချို၊ သွေးချိုရောဂါရှိသူသည် မရှိသူထက် ခြေထောက်ဖြတ်ခံရနိုင်ခြေမှာ ၁၅ ဆမှ ၄၀ ပိုများပါကြောင်း၊ ဆီးချို၊ သွေးချိုရောဂါရှင်သည် ရောဂါမရှိသူထက် ၂၅ ဆ ပို၍ မျက်စိအမြင် ဆုံးရှုံးနိုင်ပါကြောင်း၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် လေဖြတ်လေငန်းရောဂါကို ဖြစ်စေနိုင်သည့် အဓိက အန္တရာယ်အခြေအနေတစ်ခုလည်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဗုဒ္ဓဟူးနေ့တိုင်း၌ ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါဆေးခန်းများမှတစ်ဆင့် ရောဂါဖြစ်ပွားမှုစာရင်းဇယားများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

**လုပ်ငန်းစဉ်များချမှတ် ဆောင်ရွက်**

ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံများကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" ဆောင်ပုဒ်ဖြင့် ပြည်သူများကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်မှုများ ပိုမိုပြုလုပ်နိုင်စေရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆီးချို၊ သွေးချိုရောဂါ ပညာပေးကုသဌာန ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး Mr. John Nielsen က ဒိန်းမတ်နိုင်ငံအနေဖြင့် Myanmar Diabetes Care Program လုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းပါဝင်ပံ့ပိုးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆီးချို၊ သွေးချိုရောဂါ ပညာပေးကုသဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၁,၃၀၁ | ၁၄,၉၆၁,၅၀၀ |
| MTSH | ၃,၇၀၀ | ၃,၉၅၀ | ၃,၁၈၆ | ၁၂,၀၉၈,၂၀၀ |
| MCB | ၇,၃၀၀ | ၈,၃၀၀ | ၂,၄၈၆ | ၂၀,၅၀၁,၈၀၀ |
| FPB | ၂၂,၅၀၀ | ၂၃,၅၀၀ | ၁,၂၆၀ | ၂၉,၁၈၂,၀၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၅ | ၁၄,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၀

ရန်ကုန်(ရွှေဈေး) ၁၂၂၉၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၃၅ ကျပ် | ၉၂၅/၉၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၈၀/၉၂၅ ကျပ် | ၉၆၀/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၃၅ ကျပ် | ၈၆၀/၈၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၅ ကျပ် | ၉၄၀/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၇၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၁.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၇.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၄.၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၃၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၅၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၆.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၁၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄.၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၁.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ ၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁

❂ ရှေ့ဖုံးမှ

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် တိုင်းတစ်ပါးတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှလွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် (၇၂)နှစ်ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကြိုးပမ်းမှုနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုများကြောင့် ရရှိခဲ့သည့်လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွတ်လပ်ရေးရရှိရေးအတွက် အချိန်ကြာမြင့်စွာ အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ပေးဆပ်ပြီးမှ ရရှိလာသည်ကို နောင်လာနောက်သားများသိရှိပြီး လွတ်လပ်ရေးကို အသက်ပေးကာကွယ်စောင့်ရှောက်ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များ ကိန်းအောင်းနေစေရန်နှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရန် သတိပေးနှိုးဆော်သည့်အနေဖြင့် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပရခြင်းဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကျင်းပသည့်အခါ နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာကျင်းပနိုင်ရေးအတွက် ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက် (၅)ရပ်ဖြစ်သည့် “ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံးစုပေါင်းအင်အားဖြင့် ကာကွယ်စောင့်ရှောက်ရေး”၊ “နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး”၊ “ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး”၊ “ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည်အသွေးမြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး”နှင့် “မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး” တို့ ဖြစ်ပါကြောင်း။

### ကြိုတင်ပြင်ဆင်

လွတ်လပ်ရေးနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပနေသည့်ပုံစံအတိုင်း နံနက်ပိုင်းအစီအစဉ်နှင့် ညနေပိုင်းအစီအစဉ်ဟူ၍ အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နံနက်ပိုင်းအစီအစဉ်များအနေဖြင့် “နိုင်ငံတော်အလံတင်အခမ်းအနား” နှင့် “နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား”တို့ကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ညနေပိုင်းအစီအစဉ်တွင် “နိုင်ငံတော်အဆင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား”ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကျင်းပမည့် အခမ်းအနားများအားလုံးအတွက် Plan A အပြင် Plan B ကိုပါ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လွတ်လပ်ရေးနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် ညပိုင်းတွင် အများနှင့်သက်ဆိုင်သည့် အဆောက်အအုံနေရာများ၌ ရောင်စုံမီးများထွန်းညှိခြင်းတို့ကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင်လည်း အများပြည်သူအသုံးပြုနေသည့် လမ်းများကိုပိတ်ဆို့၍ ဆောင်ရွက်ခြင်းမပြုလုပ်ကြရန်နှင့် စာသင်ကျောင်းများ၊ အားကစားကွင်းများ၌သာ ကျင်းပပြုလုပ်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့်လည်း လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် အားကစားနည်းအားလုံး၌ အင်တိုက်အားတိုက်ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲ၊ ရွှင်ပွဲများတွင် ချီးမြှင့်မည့်ဆုကြေးများအား ခေတ်နှင့်လျော်ညီစွာ ချီးမြှင့်ပေးနိုင်ရေးအတွက် လျာထားရန်နှင့် ဝန်ထမ်းများ စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ကစားနိုင်မည့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် အခြားအားကစားနည်းများကိုလည်း ထည့်သွင်းကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့အပြင် လွတ်လပ်ရေးနေ့မတိုင်မီ ကြိုတင်ဆောင်ရွက်ရမည့် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကျင်းပရာတွင်လည်း အမျိုးသားရေးဦးတည်ချက်များကို အခြေခံ၍ နိုင်ငံတော်လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို နိုင်ငံသားတိုင်း သတိတရရှိစေရေးအတွက် ရည်ရွယ်ကျင်းပသွားရန်နှင့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ပါ ဆိုင်းဘုတ်ကြီးများကို အများပြည်သူများသိရှိစေရန်အတွက် ခံ့ညားထည်ဝါစွာပြုလုပ်ပြီး သတ်မှတ်နေရာများတွင် ကြိုတင်စိုက်ထူနိုင်ရေးစီမံဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လွတ်လပ်ရေးနေ့မတိုင်မီနှင့် လွတ်လပ်ရေးနေ့များတွင် ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သည့် သမိုင်းဝင်မှတ်တမ်းများ၊ ဇာတ်လမ်းများ၊ သမိုင်းဝင်တေးသီချင်းများထုတ်လွှင့်ပြသနိုင်ရေးနှင့် သတင်းစာ၊ ဂျာနယ်များတွင်လည်း ရေးသားဖော်ပြသွားနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

### စီမံဆောင်ရွက်

ဖိတ်ကြားရေးအပိုင်းတွင် နံနက်ပိုင်းနှင့် ညနေပိုင်းအခမ်းအနားများသို့ တက်ရောက်မည့် ဧည့်သည်တော်များစာရင်းအား အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေး၊ ကြိုဆိုနေရာချထားမှုများ စနစ်တကျရှိစေရေး၊ သံတမန်များတည်းခိုနေထိုင်ရေးနှင့် လိုအပ်သည်များကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ကြိုတင်ညှိနှိုင်းစီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် အသုံးစရိတ်များသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်သုံးစွဲသွားရန် ပြောကြားလိုပါကြောင်း။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပခဲ့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ပြုပြင်ရမည့်ဆုံးဖြတ်ချက် (၂၉)ချက်ကို ချမှတ်ခဲ့ကာ ယင်းဆုံးဖြတ်ချက်များကိုလည်း သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် အလေးအနက်ထားကာ အကောင်အထည်ဖော် ပြုပြင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ဆပ်ကော်မတီများအနေဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် ချို့ယွင်းအားနည်းချက်များမရှိအောင် အထူးဂရုပြုဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများကိုအခြေခံ၍ လစ်ဟာမှုမရှိအောင် ဘက်စုံထောင့်စုံမှ စနစ်တကျစစ်ဆေးကြပ်မတ်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စေရေး အားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့်အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းက “(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များ”အပေါ် “ဗဟိုကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများ”၊ “၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအောက်တွင် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန် သတ်မှတ်ထားရှိမှု”အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် “နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲစစ်ရေးပြဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်ကလည်းကောင်း၊ “နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးနေလင်းတို့ကလည်းကောင်း၊ “လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးတို့ကလည်းကောင်း၊ “မီးရှူးမီးပန်းများပစ်ဖောက်ရေးဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန့်ကျော်စိုးကလည်းကောင်း၊ “လုံခြုံရေးဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူကလည်းကောင်း၊ “ပြန်ကြားရေးဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့ကလည်းကောင်း၊ “နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းကလည်းကောင်း၊ “ကျန်းမာရေးဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက လည်းကောင်း၊ “အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ကလည်းကောင်း၊ “စာရင်းစစ်ဆေးရေးဆပ်ကော်မတီ”ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် တင်ပြချက်များ၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပညာရေးစီမံခန့်ခွဲမှု ဒီပလိုမာဘွဲ့လွန်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ အရာထမ်းများအတွက် ပညာရေးစီမံခန့်ခွဲမှု ဒီပလိုမာဘွဲ့လွန်သင်တန်း (Postgraduate Diploma in Education Management – DEM) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို နေပြည်တော်တွင် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ဒိန်းမတ်နိုင်ငံတို့ ပူးပေါင်း၍ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်္ဂလိပ်စာဘာသာစကား ကျွမ်းကျင်မှုသင်တန်း၊ ICT ကျွမ်းကျင်မှုဆိုင်ရာ အခြေခံသင်တန်း၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်း စသည်တို့ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်းများအား သင်ယူမှုအခွင့်အလမ်းရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။




### အားလုံးပူးပေါင်းပါဝင်

ယနေ့ဖွင့်လှစ်မည့် ပညာရေးစီမံခန့်ခွဲမှု ဒီပလိုမာဘွဲ့လွန်သင်တန်းကို လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့နှင့်ပူးပေါင်း၍ University College of London–Institute of Education (UCL–IOE)မှ နည်းပညာပံ့ပိုးမှုရယူကာ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့်ဖွင့်လှစ်သည့် ပထမဆုံးဘွဲ့လွန်ဒီပလိုမာသင်တန်းဖြစ်ပြီး ပညာရေးစီမံခန့်ခွဲသူများ သိရှိရန်လိုအပ်သည့် နိုင်ငံတကာအဆင့်မီ ဘာသာရပ်များကို သင်ကြားပို့ချပေးသည့်အတွက် သင်တန်းသားများအနေဖြင့် ကြိုးစားသင်ယူစေလိုကြောင်း၊ သင်ယူတတ်မြောက်စေရန် ပို့ချပေးမည့် ဆရာ ဆရာမများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ယခုသင်တန်းတက်ရောက်မည့် အရာထမ်းဝန်ထမ်းများအနေဖြင့် မိမိတို့အတွက် အကျိုးရှိထိရောက်စေမည့် အရည်အသွေးများကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပညာရေးဝန်ကြီးဌာနမှဖွင့်လှစ်သည့် စွမ်းဆောင်ရည်မြှင့်သင်တန်းများ စဉ်ဆက်မပြတ် အောင်မြင်စွာ ဆက်လက်ဖွင့်လှစ်သွားနိုင်ရေးအတွက်လည်း အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### စုပေါင်းဓာတ်ပုံရိုက်

ဆက်လက်၍ ဒိန်းမတ်သံရုံးမှ Deputy Head of Mission, Ms. Hanne Carus က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတာဝန်ခံ ရန်ကုန်ပညာရေးတက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာခင်မာနီက သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယနေ့အခမ်းအနားသို့ ဒိန်းမတ်သံရုံးမှ Deputy Head of Mission, Ms. Hanne Carus၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်ယူတတ်မြောက်စေရန် ဆောင်ရွက်ပေးမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်သည့် ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာဘွဲ့လွန်သင်တန်းသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်းများနှင့် နေပြည်တော်ကောင်စီနယ်မြေမှ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ တစ်နှစ်ကြာ စာတွေ့၊ လက်တွေ့သင်ယူရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ❂ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် General Koji YAMASAKI က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**ရင်းနှီးခင်မင်စွာနှုတ်ဆက်**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုကြိုဆိုပွဲကျင်းပမည့် နေရာသို့ ရောက်ရှိကြရာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ်က ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် General Koji YAMASAKI တို့သည် ဧည့်ခန်းမတွင် တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ – ဂျပန်နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာကိစ္စ၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် ဂျပန်တပ်မတော်မှ တာဝန်ရှိသူတစ်ဦးက ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ ဒေသတွင်း လုံခြုံရေးဆိုင်ရာများတွင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာများတွင် မြှင့်တင်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာ–ဂျပန် နှစ်နိုင်ငံကောင်းမွန်သည့်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ်က Grand Hill Ichigaya ဟိုတယ်တွင် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးအား ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်လာသည့် အခြေအနေများနှင့် တပ်မတော်က ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်မှ တစ်ဖက်သတ်အပစ်ရပ်စဲပေးခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည့်အခြေအနေများ၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာ့တပ်မတော် ခေတ်မီတပ်မတော်ဖြစ်ရေး အဆင့်မြှင့်တင်ရေးတွင် ဂျပန်နိုင်ငံမှ အကူအညီပေးလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးသည် ရှည်လျားသည့် သမိုင်းကြောင်းရှိခဲ့ပြီး ဆက်လက်ပြီး ပိုမိုတိုးတက်ခိုင်မာအောင် တည်ဆောက်သွားမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ နိုင်ငံခြားရေးဝန်ကြီး Mr.Toshimitsu Motegi နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် ဂျပန်နိုင်ငံမှ မိတ်ဆွေစိတ်ဓာတ်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများ၏ ပေါ်ပေါက်လာပုံနောက်ခံသမိုင်းကြောင်း မတူညီသည့်အခြေအနေများ၊ နေရပ်စွန့်ခွာဒုက္ခသည်စခန်းများမှ ဒုက္ခသည်များအား သက်ဆိုင်ရာ နေရပ်အသီးသီးတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အင်ဒို–ပစိဖိတ်ဒေသတွင်းလုံခြုံရေးဆိုင်ရာ သဘောထားအမြင်များနှင့် ဒေသတွင်းခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရေး၊ နျူကလီးယားလက်နက်နှင့် ဖျက်အားပြင်းလက်နက်များ ကင်းစင်သည့် ကမ္ဘာကြီးဖြစ်စေရေး နိုင်ငံအားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတိုင်းရှိ တပ်မတော်တိုင်းသည် မိမိနိုင်ငံ၏ လုံခြုံရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အပြည့်အဝကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Toshimitsu Motegi တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပုဂံဒေသရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် ရစ်ချ်စတာစကေး ၆ ဒသမ ၈ အဆင့် မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံ၊ မြောက်ဦး၊ စစ်ကိုင်း၊ မကွေးစသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများရှိ ရှေးဟောင်းအဆောက်အအုံအချို့ပျက်စီးမှုရှိခဲ့ရာ အများဆုံးပျက်စီးမှုမှာ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်ပြီး ကွင်းဆင်းစာရင်းစစ်ဆေးကောက်ခံမှုအရ ဘုရားပုထိုး ၃၈၉ ဆူ ပျက်စီးခဲ့ကာ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ အရေးပေါ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီးဖြစ်သည်။

**ရာခိုင်နှုန်းပြည့် ဆောင်ရွက်ခဲ့**

ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ပျက်စီးမှုအခြေအနေများကို စိစစ်ချက်အရ ပထမဦးစားပေး ပြုပြင်ထိန်းသိမ်းရန် ၃၆ ဆူ၊ ဒုတိယဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၅၃ ဆူနှင့် ပျက်စီးမှုအနည်းငယ်သာရှိသည့် တတိယဦးစားပေးပြုပြင်ထိန်းသိမ်းမည့် အဆူ ၃၀၀ အဖြစ် ကနဦးသတ်မှတ်ခဲ့ပြီး နိုင်ငံတကာပညာရှင်၊ ပြည်တွင်းပညာရှင်များ ညှိနှိုင်းဆွေးနွေးမှုအရ ပထမဦးစားပေး၊ ဒုတိယဦးစားပေးနှင့် တတိယဦးစားပေး အဆူ ၃၀၀ အနက် ၇၆ ဆူကို ပညာရှင်များ ဖိတ်ခေါ်၍ ဌာနက တိုက်ရိုက်ကြီးကြပ်ညှိနှိုင်းကာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်ဖြစ်ပြီး တတိယဦးစားပေးမှ ကျန် ၂၂၄ ဆူကို အလှူရှင်များ ဖိတ်ခေါ်ပြုပြင်ထိန်းသိမ်းခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီလတွင် လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

**ပူးပေါင်းပါဝင်ထိန်းသိမ်း**

၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့်အတူ အဆောက်အဦဦးစီးဌာနနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ထိန်းသိမ်းခဲ့ရာ အောက်ပါအတိုင်း ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည် –

| စဉ် | အမျိုးအစား | ပျက်စီးမှုအရေအတွက် | ဆောင်ရွက်ပြီး | | ဆောင်ရွက်ဆဲ | ဆောင်ရွက်ရန်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | အင်္ဂါစုံပြုပြင်ရန် | ထိန်းသိမ်း | | | |
| ၁။ | ပထမဦးစားပေး | ၃၆ ဆူ | – | ၂၃ ဆူ | ၁၀ ဆူ | ၃ ဆူကျန် | ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| ၂။ | ဒုတိယဦးစားပေး | ၅၃ ဆူ | – | ၄၃ ဆူ | ၅ ဆူ | ၅ ဆူကျန် | ပြည်တွင်း/ ပြည်ပ ပညာရှင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း |
| ၃။ | တတိယဦးစားပေး(၃၀၀)ဆူအနက် | ၇၆ဆူ | – | ၆၂ ဆူ | ၃ ဆူ | ၁၁ ဆူကျန် | ပြည်တွင်း/ ပြည်ပ ပညာရှင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း |
| ၄။ | တတိယဦးစားပေး(၃၀၀)ဆူအနက် | ၂၂၄ ဆူ | ၂၂၄ | – | – | – | (၁)ဦးချင်း အလှူရှင်များ ဖိတ်ခေါ်ပြုပြင်ခြင်း |
| | **စုစုပေါင်း** | **၃၈၉ ဆူ** | **၂၂၄ ဆူ** | **၁၂၈ ဆူ** | **၁၈ ဆူ** | **၁၉ ဆူ** | |

ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် UNESCO ၊ နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းပညာရှင်များ၏ အကြံပြုချက်များ၊ Advisor Team ၊ Expert Team တို့၏ အကြံပြုဆွေးနွေးချက်များ၊ ငလျင်အလွန် ပြန်လည်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခဲ့သည့် နည်းပညာဆိုင်ရာလုပ်ငန်းညှိနှိုင်းမှုဖိုရမ် (Technical Coordination Forum) က ဆွေးနွေးညှိနှိုင်းချက်များကို ဌာနအနေဖြင့် လိုက်နာကာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ဘာသာရေးကိုးကွယ်ယုံကြည်မှုအရ တည်ရှိနေသည့် ရှေးဟောင်းအဆောက်အအုံများကိုလည်း ကိုးကွယ်ယုံကြည်မှုနှင့်အညီ အင်္ဂါစုံပြုပြင်လျက်ရှိသကဲ့သို့ ရှေးဟောင်းအဆောက်အအုံများကို ပျက်စီးမှုပမာဏအလိုက်သော်လည်းကောင်း၊ သမိုင်းတန်ဖိုးအရသော်လည်းကောင်း၊ ဗိသုကာလက်ရာ ကျန်ရှိမှုအရသော်လည်းကောင်း ခေတ်ကာလအပိုင်းအခြားများပေါ် မူတည်၍ ဦးစားပေးအဆင့်များ သတ်မှတ်ပြီး စံချိန်စံညွှန်းတန်ဖိုးနှင့် ကိုက်ညီသည့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များအနေဖြင့် ငလျင်ဒဏ်ခံရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် အလောတကြီး မပြုပြင်ရန်နှင့် ရှေးမူလက်ရာမပျက် ထိန်းသိမ်းရန် စသည့် ချမှတ်ထားသည့်မူအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ အနည်းငယ်သာ ထိခိုက်ပျက်စီးသော ဘုရားပုထိုး ၂၂၄ ဆူနှင့် ရှေးမူမပျက် ထိန်းသိမ်းပြီးဖြစ်သော ၁၂၈ ဆူ၊ စုစုပေါင်း ၃၅၂ ဆူကို လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ကာ ၁၈ ဆူကို ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ဆဲဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မူဆယ်မြို့တွင် ကလေးသူငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေရန် ပြိုင်ပွဲများ ကျင်းပ

**မူဆယ် အောက်တိုဘာ ၁၀**

မူဆယ်ခရိုင် မူဆယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ကလေးသူငယ်များ ဉာဏ်ရည်ဉာဏ်သွေး ပိုမိုထက်မြက်လာစေရန်အတွက် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပျော်ရွှင်စရာ အစီအစဉ်ဖြင့် ခါးလှည့်ကွင်းပြိုင်ပွဲနှင့် ခြေကွင်းလှည့်ပြိုင်ပွဲများ ကျင်းပသည်။

ရှေးဦးစွာ မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ကလေးသူငယ်များက ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပျော်ရွှင်စရာ ခါးလှည့်ကွင်းပြိုင်ပွဲ၊ ခြေကွင်းလှည့်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် အောက်တိုဘာ ၁၀**

ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်းမဟာမင်္ဂလာ၊ ရွှေထီးတော်တင်မဟာမင်္ဂလာနှင့် မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ထားကိုးကွယ်ရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထုံးတမ်းစဉ်လာများနှင့်အညီ ကျင်းပသွားမည်**

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ထာဝရငြိမ်းချမ်းရေးစေတီတော်ကို စေတီတော်တည်ထားကိုးကွယ်ရေးဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားကြီး ကိုးမျိုးရှိသည့်အနက် ခြောက်မျိုးကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အထက်ဌာပနာတော်သွင်းမဟာမင်္ဂလာ၊ ရွှေထီးတော်တင်မဟာမင်္ဂလာနှင့် မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားတို့ကို ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါကြောင်း။

အဆိုပါ အခမ်းအနားများကို နိုင်ငံတော်အဆင့် အခမ်းအနားများအဖြစ် တစ်ပေါင်းတည်း ကျင်းပသွားမည်ဖြစ်သည့်အတွက် အခမ်းအနားဆုံးနှင့်အထည်ဝါဆုံးဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရဟန်းရှင်လူပြည်သူအပေါင်း၏ လှူဒါန်းမှုဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ကို တည်ထားကိုးကွယ်ခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိရဟန်းရှင်လူ ပြည်သူအပေါင်း ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထာဝရငြိမ်းချမ်းရေးစေတီတော်အား သတ်မှတ်ရက်အတွင်း မဟာမင်္ဂလာအခမ်းအနားကြီးများ ခမ်းနားထည်ဝါအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးအနေဖြင့် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များကို ဆပ်ကော်မတီများအလိုက် တင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်မှုလုပ်ငန်းများနှင့် မဟာမင်္ဂလာအခမ်းအနားကြီးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ယင်းနောက် သာသနာတော်ဆိုင်ရာအခမ်းအနားများ ကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ သံဃာတော်များပင့်လျှောက်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေး ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက မဟာမင်္ဂလာအခမ်းအနားကြီးများ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂအဖွဲ့အစည်း အကြီးအကဲများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပနေသော အကြိမ်(၇၀)မြောက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ အမှုဆောင် ကော်မတီအစည်းအဝေးတွင် တက်ရောက်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခဲ့သည်။

အောက်တိုဘာ ၈ ရက်တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးသည် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကြိုတင်ပြင်ဆင်မှု များစွာဆောင်ရွက်ထားမှု၊ မြန်မာနိုင်ငံအစိုးရသည် ဖြစ်ပွားခဲ့သော ရေရှည်ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်မှု၊ UEHRD စီမံကိန်းအောက်တွင် လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ဖြင့် ဆောင်ရွက်မှု၊ UNDP နှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်ချက်ဆောင်ရွက်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ ဖော်ထုတ်ထားရှိမှု၊ အာဆီယံကလည်း ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဖော်ထုတ်ထားရှိမှု၊ "ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ"ကို အတည်ပြုထားရှိမှု၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် လွတ်လပ်စွာသွားလာခွင့်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

Mr. Filippo Grandi က မြန်မာနိုင်ငံအနေဖြင့် အရေးကြီးဆုံးနှင့် အမြန်ဆောင်ရွက်သင့်သည်မှာ ကော့ဘဇားရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်၍ သတင်းမှန်များ ရှင်းလင်းပြောကြားသင့်ပါကြောင်း၊ တစ်ဖက်နိုင်ငံ ရောက်နေသူများနည်းတူ ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများကိစ္စကိုလည်း အလေးထားဖြေရှင်းဆောင်ရွက်သင့်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် UNDP နှင့် UNHCR တို့၏ လုပ်ငန်းများကို နားလည်မှုစာချွန်လွှာအတိုင်း ပိုမိုပူးပေါင်းဆောင်ရွက်သင့်ပါကြောင်းနှင့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် အောင်မြင်အောင် ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို အကြံပြုဆွေးနွေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ ဥက္ကဋ္ဌ Mr. Peter Maurer နှင့် အောက်တိုဘာ ၉ ရက်တွင် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီများပေးအပ်နိုင်ရေး ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement)ဖြင့် ဆောင်ရွက်ခဲ့မှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ လက်ရှိလုံခြုံရေးအခြေအနေအရ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ ဖြေရှင်းနိုင်ရေးအတွက် နေပြည်တော်၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်၍ လုပ်ငန်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ပြီး ရလဒ်ကောင်းများ ပေါ်ထွက်ခဲ့ကြောင်း၊ ကချင်ပြည်နယ်တွင်လည်း လူသားချင်းစာနာ ကူညီမှုလုပ်ငန်းအတွက် ICRC နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သကဲ့သို့ နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာ ချထားရေးအတွက် "ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ"အရ ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်မည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံမှ ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကို အသိပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ICRC၏ ဥက္ကဋ္ဌ Mr. Peter Maurer က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့ကြုံနေရခြင်းအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းကို ကျေးဇူးတင်ရှိပါကြောင်း၊ ညှိနှိုင်းရရှိချက်များကို လက်တွေ့ တစ်ဆင့်ချင်းတစ်ဆင့် အကောင်အထည်ဖော်ရန် ဖြစ်ပါကြောင်း၊ ICRC အနေဖြင့် မိုင်းအန္တရာယ်လျှော့ချရေး အသိပညာပေးခြင်းလုပ်ငန်းတွင် အထူးကျွမ်းကျင်သူများရှိပါကြောင်း၊ ကချင်ပြည်နယ်တွင် မိုင်းအန္တရာယ် လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးဆောင်ရွက်လိုပါကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတွင် ICRC အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Mami Mizutoriနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင် အကောင်အထည်ဖော် တိုးတက်မှုအစီရင်ခံစာကို ယမန်နှစ်က တင်သွင်းနိုင်မှု၊ အစီရင်ခံစာ ပြုစုရာတွင် လိုအပ်သော သတင်းအချက်အလက်များကို စုစည်းနိုင်ရန် နိုင်ငံတော်အဆင့် သတင်းအချက်အလက်စနစ်တစ်ရပ် ထူထောင်ရေးနှင့် ဆန်ဒိုင်းမူဘောင်အကောင်အထည်ဖော်မှုကို အွန်လိုင်းမှတစ်ဆင့် စောင့်ကြည့်လေ့လာနိုင်ရေးအတွက် နည်းပညာအကူအညီပေးအပ်ခြင်းကို ကျေးဇူးတင်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဘေးဒဏ်ခံနိုင်ရည်ရှိသော မြို့တော်စီမံကိန်းအတွက် မော်လမြိုင်မြို့အား ရွေးချယ်ထားရာ မွန်ပြည်နယ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးစီမံချက် ရေးဆွဲရေးတွင် လိုအပ်သောအရင်းအမြစ်များ ကူညီပေးစေလိုပါကြောင်း ဆွေးနွေးခဲ့သည်။

Ms. Mami Mizutori က မြန်မာနိုင်ငံသည် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆောင်ရွက်ရာတွင် အသိအမှတ်ပြုသင့်သည့်နိုင်ငံဖြစ်ပါကြောင်း၊ ဆန်ဒိုင်းမူဘောင်၏ Target E အတွက် မြန်မာနိုင်ငံ၏ကြိုးပမ်းမှုမှာ ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ နိုင်ငံတော်အဆင့် မူဝါဒလမ်းစဉ်ထူထောင်ရန် ဆောင်ရွက်နေကြောင်းသိရ၍ ဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ကြိုးပမ်းမှုများတွင် ပိုမိုပူးပေါင်းဆောင်ရွက်မည်ဟု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စနေဂီတဝိုင်းနှင့် မောင်မိုးသူ

**မောင်မိုးသူ**

တစ်ချိန်သောအခါက ဆောက်လုပ်ရေးဆိုက်တစ်ခုထဲတွင် မြန်မာသီချင်းဆိုရအောင်ဆိုတဲ့ အဆိုတော် လှမြင့်ဝင်းရဲ့ တဲတစ်လုံး ရှိပါတယ်။ အဲဒီတဲမှာ စန္ဒရားတစ်လုံးရှိတဲ့အပြင် စနေညနေဂီတဝိုင်းတစ်ဝိုင်း အမြဲတွေ့ဆုံလေ့ရှိကြပါတယ်။ ဂီတဝိုင်းမှာပါဝင်သူများကတော့ ဦးမြတ်လေး၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားလှထွဋ်၊ မောင်မိုးသူနှင့် လှမြင့်ဝင်းတို့ဖြစ်ပါတယ်။ လှမြင့်ဝင်းက အိမ်ရှင်ဖြစ်လေတော့ အဲဒီစနေညနေဝိုင်းရဲ့အကျွေးအမွေးအစားအသောက်များကို တာဝန်ယူသူဖြစ်ပါတယ်။

စနေဂီတဝိုင်းကို စန္ဒရားလှထွဋ်ကတော့ သူ့ရဲ့စကူဒါကားလေးနဲ့ လာတတ်ပြီး မြတ်လေး၊ ချစ်ဆွေနှင့် မောင်မိုးသူတို့ဟာ ကြံ့ရာတက္ကစီနဲ့ လာလေ့လာထရှိပါတယ်။ တီးကြ၊ ဆိုကြ၊ စားကြ၊ သောက်ကြ၊ ပြောကြ၊ ဆိုကြ အပြီးမှာတော့ လှမြင့်ဝင်းရဲ့ ကားလေးနဲ့ မြတ်လေး၊ ချစ်ဆွေနဲ့ မောင်မိုးသူတို့ကို အိမ်တိုင်ရာရောက်ပြန်ပို့လေ့ရှိပါတယ်။ ကိုလှထွဋ်ကတော့ သူ့ကားနဲ့သူပြန်ပါတယ်။ အဲဒီဂီတဝိုင်းလေးမှာ အသက်အကြီးဆုံးက ဦးမြတ်လေး ဖြစ်ပါတယ်။ အသက်အကြီးဆုံးဖြစ်ပေမယ့် အားလုံးက ဦးမြတ်လေးကို ဖိုးမြတ်လေးလို့ ချစ်စနိုးခေါ်ကြပါတယ်။ တကယ်တော့ ဦးမြတ်လေး(ခေါ်) ဖိုးမြတ်ဟာ မောင်မိုးသူထက် ၁၀ နှစ်ကြီးပါတယ်။ စန္ဒရားချစ်ဆွေကတော့ နှစ်နှစ်ကြီးပြီး စန္ဒရားလှထွဋ်က တစ်နှစ်ကြီးပါတယ်။ ဦးမြတ်လေးနဲ့ မောင်မိုးသူတို့ သိကျွမ်းခင်မင်ရတာကတော့ နှစ်တွေနှစ်တွေ အများကြီးကြာလှပြီဖြစ်ပါတယ်။

မောင်မိုးသူ ၁၉၅၆ ခုနှစ် မန္တလေးတက္ကသိုလ်ရောက်ပြီး ၁၉၅၇ ခုနှစ်မှာ သီးခြားတက္ကသိုလ်ပွဲကြီး ကျင်းပရပါတယ်။ အဲဒီပွဲကြီးမှာ သီးခြားတက္ကသိုလ် မန်းရဲ့သီချင်းကို ဦးမြတ်လေး၊ စန္ဒရားချစ်ဆွေ၊ ကိုလေးညွန့်တို့က ရေးစပ်ပေးခဲ့တာဖြစ်ပါတယ်။ သူတို့သုံးယောက်ကတော့ ရန်ကုန်တက္ကသိုလ် အတိုင်ပင်ခံဖြစ်ပြီး မောင်မိုးသူက အဲဒီအချိန်က မန္တလေးတက္ကသိုလ်က အတိုင်ပင်ခံဖြစ်နေတော့ သူတို့ကိုရေးစပ်ခိုင်းရတာဖြစ်ပါတယ်။ ဦးမြတ်လေးရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကား "ပင်လုံထိပ်ထားဦး" မန္တလေးမှာရုံတင်ဖို့ ပန်းချီမောင်ငွေထွန်းနဲ့အတူလာတော့ မောင်မိုးသူတို့ စာပေအသိုင်းအဝိုင်းက အစစအရာရာဝိုင်းကူလုပ်ပေးရပါတယ်။ ဒါရိုက်တာဆရာဦးချစ်ခင် ရိုက်ကူးတဲ့ ပန်းပန်လျက်ပါ ဇာတ်ကားက မန္တလေးမှာလာရိုက်တာပါ။ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ကောလိပ်ဂျင်နေဝင်း (ဦးနေဝင်း)နှင့် ဦးမြတ်လေးတို့က မောင်မိုးသူနဲ့ ဘော်ဒါတွေကိုး။ မောင်မိုးသူရဲ့ ပထမဆုံးဇာတ်ညွှန်းဇာတ်ကားနှစ်ကားဖြစ်တဲ့ သူငယ်ချင်းဒါရိုက်တာတက္ကသိုလ်ကိုကိုလေးရိုက်ကူးတဲ့ ရေပွက်ပမာနှင့် ရန်ကုန်သားနဲ့ မန္တလေးသူဇာတ်ကားများဟာ ကိုကိုလေးနဲ့ မောင်မိုးသူတို့ မန္တလေးမှာရိုက်ကူးခဲ့ကြတဲ့ ဇာတ်ကားနှစ်ကားဖြစ်ပါတယ်။

> ဦးမြတ်လေးနဲ့ မောင်မိုးသူတို့က အစဉ်အဆက် ပေါင်းသင်းခဲ့ရာမှာ လှမြင့်ဝင်းရဲ့ စနေဂီတဝိုင်းမှာလည်း ပြန်လည်တွေ့ဆုံကြ၊ တီးကြ၊ မှုတ်ကြ၊ ဆိုကြ၊ စားကြ၊ သောက်ကြ၊ အနုပညာကိစ္စပြောကြ ဆိုကြ လုပ်လေ့ရှိပါတယ်။ အနုပညာကိစ္စမှာ ဒါရိုက်တာဖြစ်ပြီး အသက်အငယ်ဆုံးဖြစ်တဲ့ မောင်မိုးသူက ဘာဘာညာညာ ဝင်ပြောဆိုလေ့ရှိပေမယ့် တီးကြ၊ ဆိုကြတဲ့နေရာမှာတော့ စန္ဒရားတစ်လုံးရဲ့ ခုံရှည်တစ်ခုံမှာ ကိုချစ်ဆွေက တစ်ဖက်၊ ကိုလှထွဋ်ကတစ်ဖက် နှစ်ယောက်သား အလွတ်တီးခတ်ကြတာကိုလည်း တအံ့တသြနားထောင်ခဲ့ရ

ရေပွက်ပမာဇာတ်ကားကိုတော့ နန်းရှေ့က ရွှေမန်းခြံမှာ အားလုံးတည်းကြပြီး ရန်ကင်းတောင်တစ်ဝိုက်၊ မေမြို့ကားလမ်းတစ်ဝိုက် အပစ်ခတ်တိုက်ပွဲတွေဝေဝေဆာဆာရိုက်ကူးခဲ့တဲ့ ဇာတ်ကားပေ့ါ။ တစ်ချိန်သောအခါက အလွန်နာမည်ကြီးခဲ့တဲ့ ဇာတ်ကားတစ်ကားဖြစ်ခဲ့ပါတယ်။ အဲဒီဇာတ်ကားမှာတော့ မြတ်လေး၊ ဇော်ခင်၊ ခင်သန်းနု၊ ပန်းချီအောင်စိုး၊ နေစိုးနဲ့ ငွေးဝင်းတို့ ပါဝင်သရုပ်ဆောင်ရပါတယ်။ အဲဒီဇာတ်ကားရဲ့ နာမည်အကြီးဆုံးစကားလုံးတစ်လုံးကတော့ ကောင်မလေးကိုလွှတ်လိုက်ဆိုတဲ့ စကားလုံးပါပဲ။

ရေပွက်ပမာဇာတ်ကားကို မန္တလေးရုပ်ရှင်ရိုက်ကူးရေးစက်ဖြစ်တဲ့အတွက် ကင်မရာမန်း ဦးမောင်လေးနဲ့ ကိုပေါတို့က ရိုက်ကူးပြီး အသံဖမ်းသူက ဦးမြင့်ဆွေ ဖြစ်ပါတယ်။ ရေပွက်ပမာဇာတ်ကားမှာအလွန်ထူးခြားတဲ့ သေနတ်ပစ်ခန်းတွေ အများကြီးအများကြီးပါပါတယ်။ အဲဒီခေတ်မှာတော့ အကောင်းဆုံးသေနတ်ပစ်ခန်းများပါဝင်ပြီး နာမည်ကြီးပါတယ်။ သေနတ်ပစ်ခန်းတွေကကောင်းဆို အဲဒီအချိန်က မန္တလေးမှာအပျော်တမ်းသေနတ်ပစ်အဖွဲ့ တစ်ဖွဲ့လုံးက နံဘေးကပစ်ပေးတာဖြစ်ပြီး မြတ်လေးတို့ ဇော်ခင်တို့က အိုက်တင်ပေ့ါ။ ရေပွက်ပမာဇာတ်ကားရိုက်အပြီး နောက်တစ်ကားဖြစ်တဲ့ ရန်ကုန်သားနဲ့ မန္တလေးသူဇာတ်ကားကိုလည်း တက္ကသိုလ်ကိုကိုလေးနဲ့ မောင်မိုးသူတို့ မာလာမြိုင်ခြံထဲမှာ ရိုက်ကူးဖြစ်ပါတယ်။

သရုပ်ဆောင်တွေကတော့ မြတ်လေး၊ မသက်ပန်၊ ခင်သန်းနုတို့ဖြစ်ပါတယ်။ သူ့ခေတ်သူ့အခါကနာမည်ကြီး ဇာတ်ကားနှစ်ကားပေ့ါ။ ရန်ကုန်သားနဲ့ မန္တလေးသူ ဇာတ်ကားရဲ့ ခေါင်းစီးသီချင်းဖြစ်တဲ့ ရန်ကုန်သားနဲ့ မန္တလေးသူသီချင်းကိုတော့ မြတ်လေးကရေးဖွဲ့ပြီး ယခုထက်ထိ နောက်ထပ် နောက်ထပ် အဆိုတော်များဆက်လက်သီဆိုထုတ်လွှင့်နေကြတာ တွေ့ရှိရပါတယ်။

အဲဒီလိုဦးမြတ်လေးနဲ့ မောင်မိုးသူတို့က အစဉ်အဆက် ပေါင်းသင်းခဲ့ရာမှာ လှမြင့်ဝင်းရဲ့ စနေဂီတဝိုင်းမှာလည်း ပြန်လည် တွေ့ဆုံကြ၊ တီးကြ၊ မှုတ်ကြ၊ ဆိုကြ၊ စားကြ၊ သောက်ကြ၊ အနုပညာကိစ္စပြောကြ ဆိုကြ လုပ်လေ့ရှိပါတယ်။ အနုပညာကိစ္စမှာ ဒါရိုက်တာဖြစ်ပြီးအသက်အငယ်ဆုံးဖြစ်တဲ့ မောင်မိုးသူက ဘာဘာညာညာ ဝင်ပြောဆိုလေ့ရှိပေမယ့် တီးကြ၊ ဆိုကြတဲ့နေရာမှာတော့ စန္ဒရား တစ်လုံးရဲ့ ခုံရှည်တစ်ခုံမှာ ကိုချစ်ဆွေက တစ်ဖက်၊ ကိုလှထွဋ်က တစ်ဖက် နှစ်ယောက်သား အလွတ်တီးခတ်ကြတာကိုလည်း တအံ့တသြနားထောင်ခဲ့ရဖူးပါတယ်။ သူတို့နှစ်ယောက်ဟာ စန္ဒရားခုံရှည်လေးမှာထိုင်ကြပြီး လွတ်လွတ်လပ်လပ် ဂီတဖွဲ့စည်းမှုများကိုတီးခတ်ကြပုံများကလည်း တကယ်အံ့မခန်းပါပဲ။

အဲဒီလိုဂီတဝိုင်းကလေးရှိနေရာမှ တစ်နှစ်တော့ သင်္ကြန်ရက်နဲ့ ဆုံပါတယ်။ သင်္ကြန်ရက်နဲ့ဆုံတော့ လှမြင့်ဝင်းရဲ့ ကားလေးနဲ့ ဦးမြတ်လေး၊ ဦးချစ်ဆွေ၊ ကိုလှထွဋ်၊ မောင်မိုးသူတို့ကိုတင်ပြီး သင်္ကြန်မဏ္ဍပ်တွေမှာ သီဆိုဖျော်ဖြေဖြစ်ကြပါတယ်။ နောက်ဆုံးရောက်ရှိတဲ့ ဆောက်လုပ်ရေးမဏ္ဍပ်ကတော့ ချိုဝေလွင်ဦးစီးတဲ့ မဏ္ဍပ်ဖြစ်ပါတယ်။

မောင်မိုးသူတို့အဖွဲ့ရောက်သွားတော့ ချိုဝေလွင်က ဦးမြတ်လေး၊ ဦးချစ်ဆွေ၊ ကိုလှထွဋ်၊ ဒါရိုက်တာမောင်မိုးသူနဲ့ လှမြင့်ဝင်းတို့ကိုစင်ပေါ်မှာတက်ပြီး မြနန္ဒာသီချင်းကို သီဆိုဖို့ဖိတ်ကြားပါတယ်။ ကျန်တဲ့မဏ္ဍပ်တွေမှာတော့ မောင်မိုးသူစင်ပေါ် ဘယ်တော့မှ မတက်ဖြစ်ပါ။ ဆောက်လုပ်ရေးမဏ္ဍပ်မှာတော့ မချိုကဖိတ်တော့ ဦးမြတ်လေး၊ ဦးချစ်ဆွေ၊ ကိုလှထွဋ်၊ မောင်မိုးသူ၊ လှမြင့်ဝင်းတို့ စင်ပေါ်တက်ပြီး သီဆိုကြပါတယ်။ မိုက်ကရိုဖုန်းတစ်ယောက်တစ်လုံးပေးထားတာပေ့ါ။ အဲဒီအချိန်မှာ စန္ဒရားချစ်ဆွေကမောင်မိုးသူကို "မိုးသူ မင်းမိုက်ကရိုဖုန်းအသံပိတ်ထား၊ မင်းက ဒါရိုက်တာပဲကွ၊ ရုပ်ရှင်ရိုက်သလို ပါးစပ်ပဲလှုပ် မိုက်ကရိုဖုန်းကို အသံပိတ်ထား" လို့ အမိန့်ပေးပါတယ်။ မောင်မိုးသူကလည်း မနေပါဘူး။ ဟော့ မြနန္ဒာသီချင်းကိုရပါတယ်။ ဆိုမှာပေ့ါဆိုတော့ ချစ်ဆွေက မင်းရမှန်းတော့ သိတယ်၊ မင်းအသံကြီးက ဘယ်ကီးနဲ့မှ မကိုက်တော့ ငါတို့ဆိုရတာ ခက်တယ်။ မင်းမိုက်ကရိုဖုန်းအသံပိတ်ထားလို့ဆိုတော့ အဲဒီပွဲမှာ မောင်မိုးသူက ပါးစပ်ပဲလှုပ်ပြီး သီဆိုဖျော်ဖြေခဲ့ရဖူးပါတယ်။ အမှတ်တရပါပဲ။ ။



## လူ့အခွင့်အရေးအခြေခံသင်တန်း ဆင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေး အခြေခံသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းပွဲကို ယနေ့တွင် ရန်ကုန်မြို့ရှိ အဆိုပါကော်မရှင်ရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် အဖွဲ့ဝင်များက သင်တန်း၌ ဆုရရှိကြသူများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးအသိပညာများ ပြည်သူလူထုအတွင်း ပြန့်ပွားစေရန် ရည်ရွယ်ပြီး ၂၀၁၉ ခုနှစ်အတွင်း လူ့အခွင့်အရေး အခြေခံသင်တန်း(၄)ကြိမ်၊ လူ့အခွင့်အရေး အဆင့်မြင့်သင်တန်းနှင့် လူ့အခွင့်အရေး ပညာပေးသူများ သင်တန်းတို့ကို တစ်ကြိမ်စီ ဖွင့်လှစ်ခဲ့ပြီး သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားရန်လည်းရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ILO ရာပြည့်အထိမ်းအမှတ် ဆုရသူများ ဆုချီးမြှင့်မည့်နေ့ရက် ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၉ ခုနှစ်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ရာပြည့်နှစ်အထိမ်းအမှတ်အဖြစ် "ILO ရာပြည့်မှစ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် တိုးမြှင့်ရေးနှင့် လူမှုတရားမျှတရေး မြှင့်တင်ဆောင်ရွက်ကြ" ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကို ဖိတ်ခေါ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအနှံ့အပြားမှ အလွတ်တန်းပညာရှင် ၅၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများစာရင်းကို ကြေညာခဲ့ပြီး ဖြစ်သည်။

သို့ပါ၍ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ILO၊ ရန်ကုန်တို့ ပူးပေါင်း၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကျင်းပမည့် ရာပြည့်အထိမ်းအမှတ် အခမ်းအနား (Centenary Event) ၌ ဆုရရှိသူများကို ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနား တက်ရောက်နိုင်ရေး ဖိတ်ကြားစာများကို ဆုရရှိသူများထံ ပေးပို့မည်ဖြစ်ကြောင်းနှင့် အခမ်းအနားတက်ရောက်နိုင်ခြင်းရှိ/မရှိ ဆောင်းပါးပြိုင်ပွဲ စိစစ်အကဲဖြတ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်တင်မာထွေး၊ ဖုန်း- ၀၆၇-၄၃၀၀၈၀ သို့ ဆက်သွယ်အတည်ပြုရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

## ပျဉ်းမနားမြို့တွင် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ခင်းကျင်းပြီးစီးသည့် ကွန်ကရစ်လမ်းသစ်များ ဖွင့်လှစ်

**ပျဉ်းမနား အောက်တိုဘာ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သည့် ပျဉ်းမနားမြို့တွင်းရှိ ကွန်ကရစ်လမ်းသစ်များအား ယနေ့ နံနက် ၈ နာရီခွဲက ဖွင့်လှစ်ကြောင်း သိရသည်။

ထိုသို့ ကွန်ကရစ်လမ်းသစ်များ ဖွင့်လှစ်ပေးရာတွင် ပျဉ်းမနားမြို့ ဥယျာဉ်စုရပ်ကွက်အတွင်းရှိ ဥယျာဉ်စု (၁)လမ်း၊ ဥယျာဉ်စု(၂)လမ်း၊ ဦးကျေးရပ်ကွက် စစ်တောင်းလမ်း၊ ဧရာဝတီလမ်း၊ အိုးဘိုခတ္တာလမ်း အစရှိသည့် လမ်းပိုင်း (၅)ပိုင်းကို ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ ပျဉ်းမနားမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်လွင်လွင်လတ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသူရိန်ကိုကိုဝင်းနှင့် ရပ်မိရပ်ဖ ဦးညီညီတို့မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



ထို့နောက် ဥယျာဉ်စုရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသူရိန်ကိုကိုဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် ယနေ့ ဖွင့်လှစ်သည့် ကွန်ကရစ်လမ်းပိုင်း(၅)ပိုင်းသည် အရှည် ပေ ၆၁၀၀ ရှိပြီး ကျန်ရှိနေသေးသော လမ်းပိုင်းများကိုလည်း နှစ်အလိုက်ဘက်ဂျက်ဖြင့် ဆက်လက်ခင်းကျင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း အပြီးအပိုင်ရောင်းချခဲ့သော နိုင်ငံပိုင်ရုပ်ရှင်ရုံများအနက် စာချုပ်ပါစည်းကမ်းသတ်မှတ်ချက်များအတိုင်း ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရန် ကျန်ရှိသည့် ရုပ်ရှင်ရုံ ၁၁ ရုံနှင့်ပတ်သက်၍ ဝယ်ယူထားသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ တာဝန်ရှိသူများ၊ ရုပ်ရှင်ရုံဝယ်ယူထားသည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရောင်းချခဲ့ပြီး စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရမည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရုပ်ရှင်ရုံ ၁၃ ရုံအနက် ရုပ်ရှင်ရုံနှစ်ရုံမှာ ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသနိုင်သည့် အဆင့်မြင့်ရုပ်ရှင်ရုံများအဖြစ် ဖွင့်လှစ်နိုင်ခဲ့သော်လည်း ရုပ်ရှင်ရုံ ၁၁ ရုံမှာ ဆောင်ရွက်ရန်ကျန်ရှိနေကြောင်း၊ အဆိုပါရုပ်ရှင်ရုံများ ဝယ်ယူထားသည့် လုပ်ငန်းရှင်များအနေဖြင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ရန် စီမံဆောင်ရွက်ထားမှုအခြေအနေများကို သိရှိလိုသဖြင့် ယနေ့အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ စာချုပ်ပါစည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရောင်းချထားခဲ့သည့် ရုပ်ရှင်ရုံမြေနေရာများတွင် ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများအခြေအနေ၊ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရုပ်ရှင်ရုံများ ရောင်းချခဲ့မှုအခြေအနေ၊ စာချုပ်ပါစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရုပ်ရှင်ပြသမှုလုပ်ငန်း ဆောင်ရွက်ရန်ကျန်ရှိသည့် စမ်းချောင်းမြို့နယ်ရှိ ရတနာပုံရုပ်ရှင်ရုံ၊ ရွှေမန်းရုပ်ရှင်ရုံ၊ ကျောက်တံတားမြို့နယ်ရှိ ဆုထူးပန်ရုပ်ရှင်ရုံ၊ ဘုရင့်ရုပ်ရှင်ရုံ၊ မြို့မရုပ်ရှင်ရုံ၊ ရွှေဂုန်ရုပ်ရှင်ရုံ၊ ကြည့်မြင်တိုင်မြို့နယ်ရှိ သီတာရုပ်ရှင်ရုံ၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာရုပ်ရှင်ရုံ၊ မှော်ဘီမြို့နယ်ရှိ မြင့်ရုပ်ရှင်ရုံ ဝယ်ယူထားသူများက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရုပ်ရှင်ရုံ ပြန်လည်တည်ဆောက်သွားမည့် အဆိုပြုပုံစံကို နိုဝင်ဘာလအတွင်း တင်ပြသွားရန်နှင့် တက်ရောက်လာခြင်းမရှိသည့် ရုပ်ရှင်ရုံဝယ်ယူထားသူများ ဌာနနှင့်အမြန်ဆက်သွယ်နိုင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ရောင်းချခဲ့သော နိုင်ငံပိုင်ရုပ်ရှင်ရုံများအတွက် စာချုပ်ပါသတ်မှတ်ချက်အရ ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်ရမည့် ရုပ်ရှင်ရုံ ၉၄ ရုံတွင် ရန်ကုန်တိုင်းဒေသကြီးမှ ရုပ်ရှင်ရုံ ၁၃ ရုံ ပါဝင်လျက်ရှိရာ တာမွေမြို့နယ်ရှိ ဘုရင့်နောင်ရုပ်ရှင်ရုံမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်က ပိတ်ကားသုံးခုဖြင့် လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရွှေရတနာရုပ်ရှင်ရုံမှာ ၂၀၁၉ ခုနှစ် မတ် ၁ ရက်က ပိတ်ကားသုံးခုဖြင့် လည်းကောင်း ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲပြသသည့် ရုပ်ရှင်ရုံများ တည်ဆောက်ပြီး ပြသလျက်ရှိသဖြင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် ရုပ်ရှင်ရုံ ၁၁ ရုံ ကျန်ရှိနေခြင်းဖြစ်သည်။

ယခုအခါ အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒစ်ဂျစ်တယ်စနစ်ဖြင့်ပြသသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံ၊ အပြီးရောင်းချထားသည့် ရုပ်ရှင်ရုံနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သော ရုပ်ရှင်ရုံ စုစုပေါင်းအရေအတွက်မှာ ရန်ကုန်တိုင်းဒေသကြီးတွင် ရုပ်ရှင်ရုံ ၆၈ ရုံတွင် ပိတ်ကား ၈၁ ခုအထိ တိုးတက်လာသကဲ့သို့ နိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံ ၁၅၉ ရုံတွင် ပိတ်ကား ၁၈၂ ခုအထိ တိုးတက်ပြသလာနိုင်ပြီဖြစ်ကြောင်း၊ သို့သော်လည်း ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်လာနိုင်မှုနှင့် ရုပ်ရှင်ရုံနှင့်ပိတ်ကားများ တိုးတက်လာမှုတို့နှိုင်းယှဉ်ပါက ရုပ်ရှင်ရုံနှင့်ပိတ်ကား လိုအပ်ချက်မှာ မြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ– တင်ကိုဝင်း(MPDB)**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသောဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန်ကျွေးခြင်း မပြုလုပ်ရန်၊

(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊

(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ ငွေရတုအထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ ငွေရတုအထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းခန်းမ၌ ကျင်းပရန် စီစဉ်ထားကြောင်း ယနေ့မွန်းလွဲပိုင်းက ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။



အခမ်းအနားတွင် ပန်းအလှထိုးပြိုင်ပွဲ ကျင်းပခြင်း၊ ဓာတ်ခွဲခန်းတွင် စိုက်ပျိုးသည့် သစ်ခွပန်းများနှင့် ပန်းပုံများရေးဆွဲထားသည့် ရေဆေးပန်းချီကားများကို အသင်းရန်ပုံငွေအတွက်ရောင်းချခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### သင်တန်းတွေဖွင့်လှစ်

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းက "ပန်းမန်စိုက်ပျိုးသူများအနေနဲ့ ခေတ်မီနည်းစနစ်တွေ အသုံးပြုပြီး စိုက်ပျိုးရေးနည်းပညာတွေ တိုးတက်ဖို့နဲ့ ပန်းမန်နဲ့ပတ်သက်တဲ့ ဗဟုသုတတွေရရှိစေဖို့ သင်တန်းတွေလည်း ဖွင့်လှစ်လျက်ရှိပါတယ်" ဟု ပြောသည်။

သင်တန်းများတွင် အခြေခံနှင့် အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်းများ၊ သစ်သီးအလှပုံဖော်သင်တန်းများ၊ စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်းသင်တန်းများနှင့် ပန်းဥယျာဉ်တည်ဆောက်ခြင်းနှင့် မြေယာရှုခင်း အလှပြုပြင်ခြင်းသင်တန်းများကို နိုင်ငံတကာအဆင့်မီ စီးပွားဖြစ်လုပ်ကိုင်နိုင်သည်အထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း အတွင်းရေးမှူး ဒေါ်နီဝါလွင်က "ပန်းဥယျာဉ်တည်ဆောက်ခြင်းနဲ့ မြေယာရှုခင်းအလှပြုပြင်ခြင်းသင်တန်းကို မေလမှာ အမှတ်စဉ်(၁)အဖြစ် ဖွင့်ခဲ့ပါတယ်။ ဒုတိယမြောက်သင်တန်းကို နိုဝင်ဘာ ၁၄ ရက်ကနေ ၂၉ ရက်အထိ ဖွင့်သွားမှာပါ။ ပို့ချမယ့်ဘာသာရပ်တွေက အလင်းရောင်ဆက်စပ်မှုနဲ့ ပုံကြမ်းဆွဲထုတ်ခြင်းပညာ၊ ရာသီပန်းများ အစေ့မှ မျိုးပွားခြင်းနည်းပညာနဲ့ မျိုးစေ့ရွေးချယ်ခြင်းအတတ်ပညာ၊ ဥယျာဉ်သုံးပန်းပင်များ စိုက်ပျိုးခြင်းနဲ့ အပင်မျိုးပွားခြင်းပညာ၊ အပင်များ ရွှေ့ပြောင်းစိုက်ပျိုးခြင်းနဲ့ ထိန်းသိမ်းနည်းပညာတွေကို လက်တွေ့ကွင်းဆင်း သင်ကြားသွားမှာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကို ၁၉၉၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အသင်းသားဦးရေ ၂၀၀၀ ခန့်ရှိသည်။ အသင်းအနေဖြင့် မြန်မာ့ဂုဏ်ဆောင်ပြကွက်များ၊ နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ပြသခြင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် စာတမ်းများ တင်သွင်းခြင်းနှင့် အသိပညာဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိသည်။

**သတင်း– မွန်းဦးနဒီ၊ ဓာတ်ပုံ – လှမိုး**

## ပြည်သူ့လွှတ်တော်သို့ နည်းပညာတက္ကသိုလ်(ပုသိမ်) အီလက်ထရောနစ်အင်ဂျင်နီယာဌာနမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်သူ့လွှတ်တော်သို့ နည်းပညာတက္ကသိုလ်(ပုသိမ်) အီလက်ထရောနစ်အင်ဂျင်နီယာဌာနမှ ပါမောက္ခ / ဌာနမှူး ဒေါက်တာနှင်းအေးခိုင် ဦးဆောင်သည့် ဆရာမများနှင့် ၂၀၁၈–၂၀၁၉ ပညာသင်နှစ် ဒုတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ကျောင်းသား ကျောင်းသူ ၁၂၀ တို့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် လာရောက်လေ့လာခဲ့ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက လွှတ်တော်ဧည့်ခံကြိုဆိုရေးအဆောင်တွင် ကြိုဆိုပြီး ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် နည်းပညာပိုင်းဆိုင်ရာများကို ရှင်းလင်းပြသပြောကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်တွင်းဧည့်သည် ၅၇၄၁၂ ဦးနှင့် ပြည်ပဧည့်သည် ၂၃၀၁ ဦး စုစုပေါင်းဧည့်သည် ၅၉၇၁၃ ဦးရှိပြီဖြစ်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်တို့ထံ လိပ်မူပြီး သုံးရက်ကြိုတင်ပေးပို့နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# သီတင်းကျွတ်ရုံးပိတ်ရက် ခရီးသွားပြည်သူများ၏ စကားသံများ

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ (မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် )ကို အများပြည်သူ အလုပ်ပိတ်ရက်ဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာ အမှတ် ၄၉/၂၀၁၉ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ရုံးပိတ်ရက်များအတွင်း နေပြည်တော်မှ အနယ်နယ်အရပ်ရပ်သို့ ပြန်ကြမည့် နိုင်ငံ့ဝန်ထမ်းများ၊ ခရီးသွားပြည်သူများ၏ စကားသံများကို စုစည်းရေးသားတင်ပြလိုက်ပါသည်-


ဒေါ်မြသန္တာထွန်း


ဦးပြည့်ဟန်စိုး


ဦးပြည့်ဖြိုးနိုင်


ဦးအောင်မျိုးကျော်


ဒေါ်နွယ်နွယ်လွင်


မဇွန်မိုးထူး


ဒေါ်လင်းလင်းအေး


ဒေါ်ခင်မြတ်နိုး


ဦးအောင်ကိုဝင်း

**ဒေါ်မြသန္တာထွန်း**
**(ဦးစီးအရာရှိ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး)**

သီတင်းကျွတ်ပိတ်ရက်ရှည်ရလို့ ပျော်ပါတယ်။ ဝန်ထမ်းဆိုတော့ ရက်ရှည်ပိတ်တဲ့အခါမှပဲ မိသားစု၊ ဆွေမျိုး၊ သူငယ်ချင်းတွေနဲ့တွေ့ဖို့ အချိန်ရပါတယ်။ မိဘ၊ ဆွေမျိုး၊ ဆရာသမားတွေကိုလည်း အခုလို ရက်ရှည်ပိတ်ရက်မှာ ကန်တော့ခွင့်ရလို့ မိဘတွေလည်း ပျော်ရွှင်ကြည်နူးကြပါတယ်။ ဒီနှစ်ပိတ်ရက်က စနေ၊ တနင်္ဂနွေနဲ့ တိုက်နေတော့ ပိတ်ရက်နည်းရင် နယ်ဝေးပြန်ဖို့ အဆင်မပြေတဲ့အတွက် စိတ်ပူခဲ့ရပါတယ်။ ဒါပေမယ့် နိုင်ငံတော်က သီတင်းကျွတ်ပိတ်ရက်ကို ငါးရက် သတ်မှတ်ပေးတဲ့အတွက် အဆင်ပြေသွားပါတယ်။

**ဦးပြည့်ဟန်စိုး (ဒုတိယစုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)**

သီတင်းကျွတ် အခါသမယမှာ ပိတ်ရက် ငါးရက်ရတဲ့အတွက် ဝန်ထမ်းတစ်ယောက်အနေနဲ့ ပျော်တာပေါ့ဗျာ။ ကျွန်တော့်အနေနဲ့ ဒီသီတင်းကျွတ်ပိတ်ရက်မှာ မိဘတွေရှိရာ ပခန်းငယ်ရွာကိုပြန်ပြီး ကျေးလက်ဒေသလေးမှာပဲ မိဘဆွေမျိုးတွေနဲ့အတူ သီတင်းကျွတ်ကာလကို ဖြတ်သန်းမှာဖြစ်ပါတယ်။

**ဦးပြည့်ဖြိုးနိုင်(ဒုတိယဦးစီးမှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး)**

ကျွန်တော့်အနေနဲ့ ပိတ်ရက်ရှည်ဖြစ်တဲ့တွက် မိဘတွေကို ကန်တော့မယ်။ ပြီးတော့ မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်ခရီးသွားဖို့ စဉ်းစားထားပါတယ်။ အရင်က သီတင်းကျွတ်ပိတ်ရက် သုံးရက်ပဲရမှာဆိုပြီး ခရီးသွားဖို့ အတော်စဉ်းစားရပါတယ်။ အခု ငါးရက်ဆိုတော့ ပုဂံကို ဘုရားဖူးသွားဖို့ အဆင်ပြေပါတယ်။ အခု သီတင်းကျွတ်ပိတ်ရက်က ငါးရက်ပိတ်တာဆိုတော့ ပုဂံရှေးဟောင်းအမွေအနှစ်နဲ့ အနုပညာလက်ရာတွေကို အချိန်ယူလေ့လာခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အရင်က ပုဂံကို ရောက်ဖူးပေမယ့် အချိန်မရတဲ့အတွက် သေသေချာချာ မလေ့လာခဲ့ရတဲ့ နေရာတွေကို အရောက်သွားဖို့ အစီအစဉ်ရှိပါတယ်။

**ဦးအောင်မျိုးကျော် (ဦးစီးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)**

သီတင်းကျွတ် ရုံးပိတ်ရက်ကို အစိုးရက ငါးရက်ပိတ်ပေးတဲ့အတွက် မွေးရပ်ဇာတိမြေက မိဘတွေဆီပြန်ပြီး အေးအေးချမ်းချမ်း နေလို့ရမယ်။ ပြီးတော့ သူငယ်ချင်းတွေနဲ့ ခရီးသွားဖို့ စိတ်ကူးထားတာက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်တဲ့ ပုဂံဒေသကိုသွားမှာဖြစ်ပါတယ်။ ပိတ်ရက်မှာ ဘုရားဖူးသွားရင်း ပုဂံခေတ်ရဲ့ သမိုင်းကြောင်းတွေကို သေသေချာချာလေ့လာချင်လို့ပါ။

**ဒေါ်နွယ်နွယ်လွင်၊ မူလတန်းပြ၊ ရွှေနံ့သာအထက်တန်းကျောင်း(ခွဲ)**

အခုသီတင်းကျွတ်မှာ ဥသျှစ်ပင်မြို့ကို ပြန်မှာပါ။ ကျောင်းပိတ်ရက်အတွင်း အိမ်အနီးအနားက သက်ကြီးရွယ်အိုတွေကို ကန်တော့မယ်၊ ပြီးရင် ရန်ကုန်ကို သင်တန်းတက်ဖို့ သွားမှာဖြစ်ပါတယ်။

**ဒေါ်မိုးစန္ဒာလွင်**
**(ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန)**

သီတင်းကျွတ် ရုံးပိတ်ရက်မှာ ရန်ကုန်က အမေနဲ့ အဒေါ်တွေ၊ ဦးလေးတွေ၊ အဘိုးတွေ၊ အဘွားတွေကို ပြန်ကန်တော့မယ်။ အခုလို ရုံးပိတ်ရက်ရှည်ရတော့ ကိုယ့်နေရပ်ကို ပြန်ရတာ အချိန် လုံလုံလောက်လောက်ရတဲ့အပြင် ခွင့်တွေယူစရာမလိုတော့ပါဘူး။ အရင်နှစ်တွေတုန်းက ခွင့်ထပ်ယူပြီး သွားခဲ့ရပါတယ်။ ဒီရုံးပိတ်ရက်ရှည်အတွင်းမှာ မိသားစုနဲ့အတူ ဘုရားဖူးမယ်၊ အပန်းဖြေလေ့လာစရာရှိတဲ့ နေရာတွေကိုလည်း သွားဖြစ်မယ်ထင်ပါတယ်။

**မဇွန်မိုးထူး(ဌာနခွဲစာရေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**

အခုလို သီတင်းကျွတ် ရုံးပိတ်ရက်ရှည်ပိတ်တော့ ရန်ကုန်ကမိသားစုဆီကို ပြန်ပြီး မိဘတွေ၊ အဒေါ်တွေနဲ့ အဘိုးအဘွားတွေကို ကန်တော့မယ်။ ရုံးပိတ်ရက်က ငါးရက်ဆိုတော့ မိဘတွေနဲ့ အချိန်လုံလုံလောက်လောက် နေခွင့်ရပါတယ်။ မိသားစုရဲ့ လူမှုရေး၊ ကျန်းမာရေးကိစ္စတွေကိုလည်း အချိန်ပေးပြီးလုပ်ခွင့်ရပါတယ်။

**ကိုဇာနည်(ဒုတိယဦးစီးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**

သီတင်းကျွတ်ရုံးပိတ်ရက်မှာ ရန်ကုန်က မိဘတွေကို ပြန်ကန်တော့မယ်။ ကျန်တဲ့ရက်တွေကို ငယ်ငယ်ကသင်ခဲ့တဲ့ ဆရာ ဆရာမတွေကို လိုက်ကန်တော့မယ်၊ ရွှေတိဂုံဘုရားနဲ့ သန်လျင်ရေလယ်ဘုရားကို သွားမယ့်အပြင် မိသားစုနဲ့အတူ မိဘမဲ့ဂေဟာနဲ့ ဘိုးဘွားရိပ်သာတွေမှာ အလှူလုပ်ဖို့ရှိပါတယ်။ ကျန်တဲ့အချိန်ကို မိသားစုနဲ့ အချိန်ပေးပြီး နေသွားဖို့ရှိပါတယ်။

**ဒေါ်လင်းလင်းအေး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

သီတင်းကျွတ်ပိတ်ရက်ရှည်ရတဲ့ အပေါ်မှာ အကောင်းဆုံးအသုံးချဖို့ စဉ်းစားထားပါတယ်။ မွေးရပ်ဇာတိဖြစ်တဲ့ ယောမြို့ကို ပြန်ပြီး မြန်မာ့ရိုးရာဓလေ့ထုံးတမ်းအတိုင်း လူကြီး၊ မိဘ၊ ဆရာသမားတွေကို ကန်တော့ မယ်။ ပြီးရင် မိသားစုနဲ့အတူ ဘုရားပွဲ တွေ၊ အထိမ်းအမှတ်ပွဲတွေကို လျှောက်လည်မယ်။ ကျန်တဲ့ရက်တွေမှာတော့ ငယ်သူငယ်ချင်းတွေနဲ့ မြို့ရဲ့အထင်ကရနေရာတွေမှာ အပန်းဖြေဖို့ စီစဉ်ထားပါတယ်။ ဒီလို ငါးရက်ပိတ်တာဟာ ကျွန်မတို့လို မွေးရပ်မြေနဲ့ အဝေးမှာ တာဝန်ထမ်းဆောင်နေတဲ့ သူတွေအတွက် အခွင့်အရေးတစ်ရပ်ဖြစ်တဲ့အတွက် ပျော်ရွှင်မိပါတယ်။ အိမ်က မိသားစုကလည်း ကျွန်မ ပြန်လာမယ်ဆိုတော့ အကုန်လုံး ပျော်ရွှင်နေကြပါတယ်။

**ဒေါ်ခင်မြတ်နိုး**
**(စိုက်ပျိုးရေးဦးစီးဌာန)**

ကျွန်မက ကျောက်ဖြူမြို့ကနေ ရေဆင်းတက္ကသိုလ်မှာ သင်တန်းလာတက်တာပါ။ အခုပိတ်ရက်မှာ မိဘတွေရှိတဲ့ မကွေးမြို့ကို ပြန်မှာပါ။ သီတင်းကျွတ်လဖြစ်တဲ့အတွက် အဘိုးအဘွားတွေ မိဘတွေကို ကန်တော့ပြီး မြို့မှာကျင်းပမယ့် ပွဲတော်တွေကို မိသားစု၊ သူငယ်ချင်းတွေနဲ့အတူ လျှောက်လည်ဖို့ စဉ်းစားထားပါတယ်။ ကျွန်မက အဝေးမှာ တာဝန်ထမ်းဆောင်နေရတဲ့အတွက် တစ်နှစ်တစ်ခါပဲ ပြန်ရောက်ပါတယ်။ အခုလို ရက်အများကြီးပိတ်ပြီး မိဘ၊ သူငယ်ချင်းတွေနဲ့ တွေ့ခွင့်ရတဲ့အတွက် ပျော်ရွှင်ပါတယ်။

**ဦးအောင်ကိုဝင်း**
**(အထက်တန်းပြကျောင်းဆရာ)**

ကျွန်တော့် မွေးရပ်ဇာတိဖြစ်တဲ့ မြင်းခြံမြို့ကို ပြန်မှာဖြစ်ပါတယ်။ မြို့ကို ပြန်ရောက်ရင် အဘိုးအဘွားနဲ့ မိဘတွေကို ကန်တော့မယ်။ နောက်ရက်တွေမှာ ပုဂံကို ဘုရားဖူးသွားပြီး ယခင်တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့နေရာတွေကို သွားရောက်လည်ပတ်ဖို့ စီစဉ်ထားပါတယ်။ ပိတ်ရက်ရှည်ကာလမှာ ကျွန်တော်တို့လို ဝန်ထမ်းတွေအတွက် စိတ်လက်ပေါ့ပါးစွာ မိသားစုနဲ့အတူ လည်ပတ်ခွင့်ရတဲ့အတွက် ကြည်နူးမိပါတယ်။

**သတင်းအဖွဲ့**


နေပြည်တော် မြို့မဈေးရှိ အဝေးပြေးကားဂိတ်တွင် ခရီးသွားပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# “အခမ်းနားဆုံးမေတ္တာ” ရုပ်ရှင်ဇာတ်ကားသစ် အထူးပွဲပြသ

**ရန်ကုန် အောက်တိုဘာ ၁၀**

“အခမ်းနားဆုံးမေတ္တာ” ရုပ်ရှင်ဇာတ်ကား အထူးပွဲ ယမန်နေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ JCGV ကန်သာယာစင်တာ ရုပ်ရှင်ရုံ၌ ပြသသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီနေတိုး၊ အကယ်ဒမီရဲအောင်၊ တိုင်ရွှန်း၊ သူရိယ၊ အကယ်ဒမီစိုးမြတ်သူဇာ၊ နေခြည်ဦး၊ မေဘရဏီသော်တို့ အဓိကပါဝင်သရုပ်ဆောင်ထားပြီး အခြားအနုပညာရှင်များစွာဖြင့် ရိုက်ကူးထားကာ လာမည့်အောက်တိုဘာ ၁၇ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်ကားက အချစ်ကားတွေ အများကြီးထဲက ထူးခြားတဲ့ အချစ်ဇာတ်ကားလေးတစ်ကားလို့ ကျွန်တော်သုံးသပ်မိပါတယ်။ ပရိသတ်တွေလည်း လာရောက်ကြည့်ရှုတဲ့အခါ ကျေနပ်မိမယ်လို့ မျှော်လင့်မိပါတယ်” ဟု သရုပ်ဆောင်နေတိုးက ပြောသည်။

သရုပ်ဆောင်နေခြည်ဦးက “ဒီဇာတ်ကားက နေခြည်ပထမဆုံးခေါင်းဆောင်မင်းသမီး လုပ်ခဲ့ရတဲ့ ဇာတ်ကားလေးပါ။ ကိုနေတိုးနဲ့လည်း ပထမဆုံးတွဲရိုက်ခဲ့ရတယ်။ မပွင့်နဲ့လည်းဆုံခဲ့ရတယ်။ ဒီကားလေးက နေခြည်လုပ်ချင်တာကို လုပ်ပြခွင့်ရတဲ့ ကားလေးလည်းဖြစ်ပါတယ်” ဟု ပြောသည်။

အဆိုပါဇာတ်ကားသည် ချစ်ခြင်းမေတ္တာဖွဲ့ ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး စဉ်းစားချင့်ချိန်နိုင်သော ဉာဏ်ပညာနှင့် ချစ်ခြင်းမေတ္တာသည်သာ တန်ဖိုးမဖြတ်နိုင်သော အရာများဖြစ်ကြောင်း၊ ချစ်ခြင်းမေတ္တာဖြင့် အရာခပ်သိမ်းကို အနိုင်ယူအောင်မြင်စေနိုင်ကြောင်း စသည့် ရည်ရွယ်ချက်များဖြင့် ရိုက်ကူးထားခြင်းဖြစ်ကြောင်းသိရသည်။

**(ကျော်စန်းမင်း/FDC)**

# အသက် ၁၀၀ နီးပါးရှိပြီဖြစ်သည့် အနုပညာသမားတစ်ဦး၏ ကြိုးပမ်းမှု(သို့မဟုတ်) မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုသီချင်းရေးဖွဲ့နေသည့် စည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်

**မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကို ကျင်းပရာတွင် အလွန်အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ရှိပါသည်။ ထိုလုပ်ငန်းစဉ်ကား မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုသီချင်းဖြစ်ပါသည်။ ထိုဂုဏ်ပြုသီချင်းကို ယခုရေးစပ်နေသူကား မြန်မာ့ရုပ်ရှင် တစ်သက်တာဆုရှင် ဘဘစည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်။ ဆိုရလျှင် ဘဘနှင့် မြန်မာ့ရုပ်ရှင်သက်တမ်းက မတိမ်းမယိမ်းမျှသာ။ ဘဘစည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်သည် ယခုအသက်အားဖြင့် ၉၈ နှစ်ရှိပြီဖြစ်သည်။**

**တွေ့ဆုံမေးမြန်း – ရီရီမြင့်**

မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုသီချင်းရေးစပ်နေသူ ဘဘစည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်က “အသက် ၁၀၀ နီးပါးရှိပြီဖြစ်တဲ့ လူတစ်ယောက်ရဲ့၊ အနုပညာသမားရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်”ဟု ဆိုပါသည်။

မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုသီချင်း ရေးစပ်သီကုံးဖွဲ့ဆိုနေသူ ဘဘစည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်နှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြအပ်ပါသည်။

“သတင်းတစ်ပုဒ်ရေးမယ်ဆိုရင် အကျိုးအကြောင်းညီညွတ်ဖို့ လိုပါတယ်။



ဘဘ သီချင်းရေးလာတာ နှစ်ပေါင်းလည်းကြာခဲ့ပြီ။ ကိုယ်ရေးတဲ့သီချင်းလေးကို တည်တည်တံ့တံ့နဲ့ ခိုင်မြဲစေချင်တယ်။ ဒါကြောင့် ဂရုတစိုက်နဲ့ အထားအသို၊ အနေအထိုင်တွေ အကုန်လုံးမှန်ကန်အောင် ကာရန်တွေ၊ အက္ခရာတွေ ပြည့်စုံအောင် ရေးသားတဲ့နေရာမှာ သတိအမြဲထားရတယ်။ သီချင်းရေးခဲ့တာလည်း ကြာပြီ။ အကြောင်းအရာလည်းစုံပြီ။ အဲဒီနေရာမှာ သူ့နေရာနဲ့သူ အံကျခွင်ကျ ဖြစ်ဖို့လိုတယ်။ ရုပ်ရှင်ဆိုရင် ရုပ်ရှင်ဘဝ၊ ပြဇာတ်ဆိုရင် ပြဇာတ်ရဲ့အခြေအနေ အကုန်လုံးဟာ သူ့ဘဝနဲ့သူရှိပြီးသား။ အဲဒါကိုဖော်ပေးဖို့က သီချင်းရေးဆရာတွေရဲ့ တာဝန်ပါ။

“ဒီတော့ တို့ရုပ်ရှင် နှစ် ၁၀၀ ပြည့်တယ်ဆိုတာ လွယ်လွယ်လေး မဟုတ်ပါဘူး။ ကြိုးစားပမ်းစား လူကြီးတွေရင်းနှီးခဲ့ရတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးတစ်ခု၊ အဲဒီ ရုပ်ရှင် နှစ် ၁၀၀ မှာ နှစ်အပိုင်းအခြားတွေ ကြည့်လိုက်ရင် ရုပ်ရှင်ခေတ်ဆိုတာဟာ အဖြူအမည်း၊ အသံတိတ်ခေတ်၊ အဲဒီကနေပြီး တီးလုံးနဲ့ တီးဝိုင်းနဲ့ ပရိသတ်နဲ့ရောပြီးတော့ ကြည့်ခဲ့ရတဲ့အခြေအနေက ရှန်းထွက်လို့ တကယ့်တီးဝိုင်းကို သီးခြားသွင်း၊ အသံကိုတစ်ခါ၊ အရုပ်ကိုတစ်ခါထည့်၊ အဲဒီလိုပူးပေါင်းတဲ့နည်းနဲ့ တီးဝိုင်းမပါတော့ဘဲနဲ့ ရှန်းကန်ရတဲ့ဘဝ ရောက်ခဲ့တယ်။ ဒါအသံစုံသွင်းခေတ်လို့ခေါ်တယ်။

### သမိုင်းကိုပါမှသာ ရုပ်ရှင်နှစ် ၁၀၀ အဓိပ္ပာယ်ရှိမယ်

အဲဒီခေတ်ပြီးပြန်တော့ အဖြူအမည်းနဲ့ သံစုံသွင်းကနေပြီးတော့ ဆေးရောင်စုံခေတ်ဖြစ်လာအောင် ကြိုးစားကြရပြန်တယ်။ ဆေးရောင်စုံခေတ်ကနေ မျက်စိရဲ့အနေအထားလေးတွေ ပြည့်စုံမှန်ကန်အောင် မြင်ကွင်းတွေချဲ့လိုက်တယ်။ ဒါဟာ ရုပ်ရှင်တာဝန်ကို ထမ်းနေကြတဲ့ လူသားတွေရဲ့ ကြိုးစားမှုပဲ။ အဲဒီလိုလုပ်ခဲ့ကြတဲ့ သမိုင်းကိုပါမှသာ ရုပ်ရှင်နှစ် ၁၀၀ အဓိပ္ပာယ် ရှိမယ်လို့ထင်တယ်။ ဒါကြောင့် အဲဒါတွေရေးလာခဲ့ပါတယ်။ “ … သရုပ်မြင်ခေတ်အခါမှာ အဟုတ်ပင်ဖြစ်လာတာ၊ ရုပ်ရှင်ခေတ် နှစ်ပေါင်း ၁၀၀၊ အမျိုးသားမြန်မာ ကြိုးစားလာတာ ရိုးသားစွာပါ၊ အသံတိတ်ခေတ်အခါ စာတန်းထိုးတစ်မျိုး တစ်ဘာသာ၊ ပြည်သူ့ရင်ထဲ စွဲဝင်စေခဲ့တာ ….” ။ အဲဒီအသံတိတ်ခေတ်တုန်းက တီးဝိုင်းက တီးပေး၊ အဓိပ္ပာယ်ကို စာတန်းလေးနဲ့ဖော်ပြ၊ ပရိသတ်က စာလေးတွေဖတ်၊ ဒီနေ့ညဘာတွေတွေ့မလဲ၊ အကြောင်းတွေ ဘာတွေပါလိမ့်မယ်၊ ရှင်းသွားတာပေါ့။ အဲဒီလို ပရိသတ်နားလည်အောင် စကားနဲ့မပြောနိုင်ခင် စာတန်းထိုးတဲ့ခေတ်ကို ရှန်းကန်ခဲ့ရတယ်။

“အဲဒါပြီးတော့မှ “ …အရုပ်နဲ့ တေးသံမနှေးအမြန် ဂုဏ်ဖြာ၊ တေးသံစုံခေတ် အသစ်ပေါ်လာ၊ ရှုချင်စရာ အနုပညာ ရုပ်ရှင်ဂီတ ညီမျှလွန်သာယာ …” အဲဒီရုပ်ရှင်ကို ဂီတသံလေးပေါင်းပြီးတော့ အသံထွက်မပေါ်ခင်မှာ သံစုံတေးခေတ်ဖြစ်လာအောင် တစ်ခါလုပ်ရပြန်ပါတယ်။

### အသံထွက် ရုပ်ရှင်ကားဖြစ်လာ

“ ….တေးသံစုံခေတ် ပြကွက်၊ အသံတိတ်မှ အသံထွက်ရန် တီထွင်ကြပြန်ကာ၊ ငွေပေးလို့မရ ဇာတ်ကားမှစတာ၊ ရုပ်ရှင်ခေတ်ပြောင်း အဟောင်းစွန့်ခွာ ရဲရဲရင့်ရင့် ပွဲလယ်တင့်စေတာ ….” အသံထွက်ဖို့ဖြစ်လာပြီ၊ တီထွင်လိုက်တဲ့အခါမှာ ငွေပေးလို့မရဆိုတဲ့ ဇာတ်ကားကစပြီးတော့ အသံထွက်ရုပ်ရှင်ကား ဖြစ်လာတယ်။

“ ….အသံထွက်ခေတ်ပြကွက် မနှေးပေါင်ဂုဏ်အသစ်လာ၊ ဆေးရောင်စုံခေတ်အခါ ဖြူနီပြာဝါ အဆင်အသွေးတို့၊ ယဉ်ကျေးလှစွာ ကြားရတာ နားဝမှာချိုသာ၊ လေးဖက်သံကြားဆိုတာများထွင်လာ ….” အဲဒီမျက်လုံးကစပြီး ရောင်စုံတွေခေတ်နဲ့ ထွင်လာသလိုပဲ နားမှာကြားရတာလည်း ပြည့်စုံအောင်ဆိုပြီး အပေါ်အောက် အဝေးအနီးကောင်းအောင် လေးဖက်သံကြားခေတ်ကိုလည်း တစ်ခါထွင်ရပြန်တယ်။ အဲဒီဖလင်ခေတ်ကြီးပြီးတဲ့နောက်မှာ အခုနောက်ဆုံးပေါ် ဒစ်ဂျစ်တယ်ခေတ်ရောက်လာတယ်။ ဒစ်ဂျစ်တယ်ဆိုတဲ့ အင်္ဂလိပ်စာလုံးကို မြန်မာမှုပြုပြီး တို့တွေကအားလုံးနားလည်ကြပြီ။ ဒီခေတ်မှာတော့ ရုပ်ရှင်သားတို့ အစွမ်းရှိသမျှ လုပ်ကြစမ်းဆိုပြီး ဖော်ပြသလိုပဲ အင်မတန်အင်အားပြည့်တဲ့ နည်းစနစ်တစ်ခုလို့ခေါ်ရမယ်။ ဒါကို တို့တွေရောက်ကြပြီ။

### အဆင့်ဆင့်တက်လာ

“နှစ် ၁၀၀ အတွင်းမှာ အဲဒီလို အဆင့်ဆင့် အဆင့်ဆင့်တက်လာတဲ့ တို့ရဲ့ ကြိုးစားမှု၊ ရုပ်ရှင်သမားတွေရဲ့ခွန်အား၊ ပြည်သူတွေရဲ့အားပေးမှု၊ အဲဒါတွေ စုပေါင်းလိုက်တဲ့အတွက် အင်မတန်အဓိပ္ပာယ်ပြည့်ဝတဲ့ ရုပ်ရှင်နှစ် ၁၀၀ ပွဲတော်ကြီးဖြစ်လာတယ်။ ဒီလိုပြည့်စုံအောင်ဖြစ်စေချင်လွန်းလို့ ဘဘကိုယ်တိုင် အခု ၉၈ နှစ်ရှိပြီ၊ အသိလေးကောင်းတုန်း၊ ဉာဏ်လေးပျောက်ကွယ်မသွားခင် ကြိုးစားပြီး၊ မှတ်သားပြီးရေးရတာပါ။ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဆိုတဲ့ လူထုအသိပညာပေးဌာနကြီးကနေပြီး ဘဘတို့ရဲ့ အသက်အရွယ်ကြီးရင့်သည့်တိုင်အောင် အားခွန်မလျှော့ဘဲနဲ့ ကြိုးစားတတ်တဲ့ အနုပညာသည်တွေရဲ့ သဘော၊ အနုပညာရဲ့သတ္တိ၊ အနုပညာရဲ့ ဇွဲ၊ အဲဒါတွေကိုဖော်ပြစေချင်တယ်။

“အနုပညာသမားတွေဟာ ချမ်းသာမှုမရှိပါဘူး။ ခန္ဓာကိုယ်ပြည့်စုံအောင် စားရရင်တော်ပြီ။ ကိုယ်လုပ်ချင်တာလေး၊ ကိုယ်ဖော်ပြချင်တာလေး ပြည်သူ သိသင့်သိထိုက်တာလေးရှိနေအောင် ကိုယ်ကဖန်တီးနိုင်ရင်တော်ပြီဆိုတဲ့ စိတ် ဘဘတို့မှာ အမြဲရှိပါတယ်။ ဒါကြောင့် အသက် ၁၀၀ နီးပါးဖြစ်လာတဲ့ လူတစ်ယောက်ရဲ့၊ အနုပညာသမားရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်”။ ။

**အဲဒီခေတ်ပြီးပြန်တော့ အဖြူအမည်းနဲ့ သံစုံသွင်းကနေပြီးတော့ ဆေးရောင်စုံခေတ်ဖြစ်လာအောင် ကြိုးစားကြရပြန်တယ်။ ဆေးရောင်စုံခေတ်ကနေ မျက်စိရဲ့အနေအထားလေးတွေ ပြည့်စုံမှန်ကန်အောင် မြင်ကွင်းတွေချဲ့လိုက်တယ်။ ဒါဟာ ရုပ်ရှင်တာဝန်ကို ထမ်းနေကြတဲ့ လူသားတွေရဲ့ ကြိုးစားမှုပဲ။ အဲဒီလိုလုပ်ခဲ့ကြတဲ့ သမိုင်းကိုပါမှသာ ရုပ်ရှင်နှစ် ၁၀၀ အဓိပ္ပာယ် ရှိမယ်လို့ထင်တယ်။**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော အောက်တိုဘာ ၅ ရက်မှ ၁၀ ရက်အထိ ထွက်ရှိလာသည့် စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်း ကိစ္စရပ်များအတွက် သိကောင်းစရာ အမိန့်ညွှန်ကြားလွှာများ စုစည်းမှု (၂၀၁၉) | ဥပဒေသုတေသီ ခင်ဝင်းမြင့် | ရှုတိုင်းယဉ် | ၅၀၀၀ |
| ၂။ | ကျွန်တော့်နာမည် ဂန္ဓီပါ | အေးမြခင်(မြန်မာဘာသာပြန်) | Myanmar Heritage | ၃၀၀၀ |
| ၃။ | မဟတ္တမဂန္ဓီ၏ မှတ်သားဖွယ်စကားများ | အေးမြခင်(မြန်မာဘာသာပြန်) | Myanmar Heritage | ၇၅၀၀ |
| ၄။ | သွေးစွန်းသောလက် | ဆင်ဖြူကျွန်း အောင်သိန်း | စိတ်ကူးချိုချို | ၂၃၀၀ |
| ၅။ | ကိုယ်တိုင်သိရှိသွားမှု | ဇဏ်ခီ | ဇလပ်နီစာပေ | ၃၀၀၀ |
| ၆။ | လေပြည်ကလေး၏တေးဆိုသံနှင့် ပင်ဘောလုံး ၁၉၇၃ | ရဲမြလွင် | ကိုနေမန်း | ၄၅၀၀ |
| ၇။ | အပြီးတိုင် နှုတ်ဆက်လိုက်ရပါသည် | မာရင်ရင် | သားငယ်စာပေ | ၃၀၀၀ |
| ၈။ | မဟတ္တမဂန္ဓီ၏ အိန္ဒိယကိုယ်ပိုင်အုပ်ချုပ်ရေး | ဟိန်းလတ် | Myanmar Heritage | ၂၅၀၀ |
| ၉။ | နှင်းတောင်တန်းက ပန်းဥယျာဉ် | ဉာဏ်ဝေ(မြစ်သာမြေ) | ဆိပ်ကမ်းသာ | ၄၀၀၀ |
| ၁၀။ | ကမ္ဘာတည်မယ့် အာရှနှင်းဆီကဗျာများ | ဖျာပုံ နီလုံဦး | ကြယ်နီ | ၃၅၀၀ |
| ၁၁။ | တင်တင်ဦးရဲ့ ဟင်းလက်ရာ ချက်ပြုတ်နည်း ပေါင်း(၆၃)မျိုး | တင်တင်ဦး | Synergy | ၅၀၀၀ |
| ၁၂။ | ကိုယ့်အကြောင်း သူတို့အကြောင်း | မောင်ခင်မင်(ဓနုဖြူ) | စာပေခရီးသွား | ၅၀၀၀ |
| ၁၃။ | စိတ်၏ ငြိမ်သက်ခြင်း | ထက်ထက်ထွန်း | ရေတံခွန်စာပေ | ၃၈၀၀ |
| ၁၄။ | နာဇီခေတ် အကြောက်တရားလွှမ်းမိုးမှု ယန္တရားကြီး ဂတ်စ်တာပို | ကျော်ထက်ထွန်း | ယဉ်မျိုး | ၄၅၀၀ |
| ၁၅။ | စောအယ်ကာတော(သို့မဟုတ်) အမှန်တရားအတွက်တိုက်ပွဲဝင်သူ | စောကိုဦး | မြနန္ဒာ | ၄၀၀၀ |
| ၁၆။ | မရဏလှောင်အိမ် | သော်တာလမင်းစန္ဒာ | ရွှေပေစာပေ | ၄၀၀၀ |
| ၁၇။ | သေသူထံမှ ပေးစာများ | မြသန်းတင့် | တိုးမြစ်စာပေ | ၅၀၀၀ |
| ၁၈။ | အောင်မြင်သောဘဝ | ခင်မောင်သန်း(စိတ်ပညာ) | Green Book Store | ၄၀၀၀ |
| ၁၉။ | မြူမှောင်ကင်း၍ ချစ်ခြင်းတည်စေ | ကာတွန်းကြည်ဝင်း | မျိုးမြန်မာ | ၂၀၀၀ |
| ၂၀။ | သာယာလှပတဲ့ ကမ္ဘာမြေသစ် မြန်မာပုံပြင်များ | ကျော်မြင့်အေး | စိတ်ကူးချိုချို | ၁၅၀၀ |
| ၂၁။ | မက်ချူ ပီချူ (၁၃၇) | The Key Collection | The Key Collection | ၁၅၀၀ |
| ၂၂။ | ဖတ်စာအုပ်များကို ဖတ်ရှုခြင်း | မင်းခက်ရဲ | Myanmar Know Ledge Society | ၂၀၀၀ |
| ၂၃။ | ချစ်တယ် | လင်းရောင်စင် | လင်းလွန်းခင် | ၂၀၀၀ |
| ၂၄။ | ပျော်ရွှင်မှုရဲ့ အတွင်းသား | ခင်မေကြည် (စိတ်ပညာ) | စိတ်ကူးချိုချို | ၁၅၀၀ |
| ၂၅။ | ကျမ၏ ချစ်သူ | ခင်နှင်းယု | စိတ်ကူးချိုချို | ၃၀၀၀ |
| ၂၆။ | ပျော်ရွှင်လိုသော် ဒါတွေဆောင် ဒါတွေရှောင် | ဦးရဲဦး | စိတ်ကူးချိုချို | ၁၅၀၀ |
| ၂၇။ | ဘာကြောင့် ငွေကြေးဆုံးဖြတ်ချက် အမှားတွေ လုပ်မိကြသလဲ | အိမ်ကြီးမောင် | စိတ်ကူးချိုချို | ၁၅၀၀ |
| ၂၈။ | Statistical applications for business supervisors Volume 1 | NweNwe Yee၊ Kyi Kyi Myint၊ Khin Win Myint | ရှုတိုင်းယဉ် | ၁၀၀၀၀ |
| ၂၉။ | ထာဝရ အမှတ်ရ ထင်ကျန်နေမည့် အမည်နာမ လင်ကွန်းသမ္မတ | ခင်စုစုစံ၊ မြနှင်းရည်ရှိန် | Hope Publishing | ၃၀၀၀ |

# ရုံးပိတ်ရက်ခဏတာ နေပြည်တော်မှ ထွက်ခွာရာဝယ်

ကေကေ



ဇာတိရပ်ထံပြန်ခြင်း၊ ဘုရားဖူးသွားခြင်း၊ အလည်အပတ်ခရီးသွားခြင်း အစရှိသည့် အကြောင်းအမျိုးမျိုးဖြင့် နေပြည်တော်ကို ခဏတာခွဲခွာပြီး သီတင်းကျွတ်ရုံးပိတ်ရက်များကို ကျော်လွှန်ဖြတ်သန်းကြမည့် နေပြည်တော်နေ ဝန်ထမ်းများ၏ ခရီးသွားရန် ပြင်ဆင်လှုပ်ရှားမှုများဖြင့် ယနေ့ (အောက်တိုဘာ ၁၀ ရက်) ညနေပိုင်းသည် အသက်ဝင်လျက်ရှိသည်။

မြို့မဈေး၊ သပြေကုန်းဈေးနှင့် ဘောဂသီရိအဝေးပြေးကားဂိတ်များ အတွင်း အကြောင်းအမျိုးမျိုးဖြင့် ခရီးသွားမည့်သူများသည် အခြားနေ့ လှုပ်ရှားသွားလာမှုများထက် ယနေ့တွင် ပို၍စည်ကားနေသည်။ "ပွမ်ပွမ်"ကားဟွန်းသံများပေးရင်း ကားဝင်းအတွင်းမှ ထွက်ခွာသည့် ယာဉ်များပေါ်တွင် ခရီးသည်များ အပြည့်ပင်။

"အိမ်ပြန်လက်ဆောင်လေးဝယ်ကြပါ"ဟု ဝယ်သူခေါ်ရင်း ဈေးရောင်းနေကြသူများမှာလည်း အပြေးအလွှားပင်။ ထို့အတူ အိမ်ပြန်လက်ဆောင် နန်းစိန်ကိတ်နှင့် မျှစ်ချဉ်ဘူးများဆွဲရင်း ကားပေါ်တက်ရန် တပြင်ပြင်ဖြစ်နေသည့် ခရီးသည်များကလည်း အများအပြားပင်။

"နိုင်ငံ့ဝန်ထမ်းတွေဖြစ်တဲ့အတွက် တခြားအချိန်တွေမှာ တာဝန်တွေနဲ့မို့ အေးအေးဆေးဆေးပြန်ချိန်မရှိဘူး။ အခုလို အများပြည်သူရုံးပိတ်ရက်ရှည် ရှိတုန်း ကိုယ့်အိမ်ကိုပြန်ခွင့်ရတဲ့အတွက် ဝမ်းသာတယ်"ဟု မန္တလေးသို့ ပြန်မည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဦးစီးအရာရှိ ဒေါ်နေခြည်ကျော်မင်းက ပြောသည်။

ခရီးသည်အော်ခေါ်သည့်အသံများ၊ ကားဂိတ်တွင် မိတ်ဆွေနှင့်တွေ့ဆုံ၍ နှုတ်ဆက်စကားပြောကြားသံများ စသည်ဖြင့် လှုပ်ရှားမှုအသံဗလံများဖြင့်လည်း နေပြည်တော်ညနေခင်းသည် စည်ဝေနေသည်။ တချို့သူများသည် ရုံးဆင်းလျှင်ဆင်းခြင်း ကားဂိတ်သို့ တိုက်ရိုက်လာဟန်တူပြီး ရုံးဝတ်စုံများပင် မလဲရသေးပေ။

"ရုံးပိတ်ရက်က ငါးရက်ဆိုတော့ ဝန်ထမ်းတွေအများစုက ပြန်ကြတယ်။ ဒီလိုပြန်ကြတဲ့အခါ ကားလက်မှတ်အခက်အခဲရှိတယ်။ တစ်လလောက်ကတည်းက ကြိုဝယ်ကြတာမျိုးတွေရှိတယ်။ ကားလက်မှတ်မရတဲ့သူတွေလည်းရှိတယ်။ ဒီလိုပိတ်ရက်ရတုန်း ဝန်ထမ်းအများစု ပြန်ကြတာဖြစ်တဲ့အတွက် ကားလက်မှတ်ဝယ်ရတာ ဒုက္ခမဖြစ်အောင် စီစဉ်ပေးရင်တော့ကောင်းမယ်" ဟု ဦးစီးအရာရှိ ဒေါ်နေခြည်ကျော်မင်းက အကြံပြုပြောကြားသည်။

အစိုးရရုံးများ တည်ရှိရာမြို့ဖြစ်သည့် နေပြည်တော်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် နေရပ်ဒေသအသီးသီးမှ တာဝန်ထမ်းဆောင်သူ အများအပြားရှိနေပြီး အများပြည်သူ ရုံးပိတ်ရက်ရှည်ရှိသည့်အခါ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ခရီးသွားရန်အတွက် ကားလက်မှတ်ဝယ်ယူရရှိရန် အခက်အခဲရှိကြောင်း သိရသည်။

"ကားလက်မှတ်သွားဝယ်သေးတယ်။ ဝယ်ပေမယ့်မရတော့ဘူး။ ကျွန်တော့်ဇာတိက ကျောက်ပန်းတောင်းမြို့ကပါ။ ကားလက်မှတ်အဆင်မပြေတော့ အခုနှစ် မပြန်ဖြစ်တော့ဘူး။ အများပြည်သူရုံးပိတ်ရက်တွေကျရင် နေပြည်တော်က တခြားနေရာတွေနဲ့မတူဘူး။ ပိတ်ရက်ရှိရင် တစ်မြို့လုံးနီးပါး ခရီးထွက်သလိုဖြစ်နေတယ်။ နေပြည်တော်မှာက နိုင်ငံ့ဝန်ထမ်းများတဲ့အတွက် ပိတ်ရက်ဆို အများစုကပြန်တော့ ကားလက်မှတ်က ဝယ်ရတာခက်တယ်။ အစိုးရဝန်ထမ်းပဲဖြစ်ဖြစ်၊ ကုမ္ပဏီဝန်ထမ်းပဲဖြစ်ဖြစ် ပိတ်ရက်ရတုန်း ဇာတိပြန်ချင်ကြတာမျိုးဆိုတော့ ကားလက်မှတ်ဝယ်ရတာ အဆင်ပြေရင်တော့ ပိုကောင်းမယ်" ဟု နေပြည်တော်တွင် အလုပ်လုပ်ကိုင်သည့် ကိုရဲလင်းဦးက ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။

"သီတင်းကျွတ်နဲ့ သင်္ကြန်ရုံးပိတ်ရက်ပဲ အိမ်ပြန်ဖြစ်တယ်။ ရုံးပိတ်ရက်က သုံးရက်ကနေ ငါးရက်အဖြစ် ပြောင်းလဲသတ်မှတ်ပေးတော့ ပျော်သွားတယ်။ နယ်မှာနေတဲ့သူတွေအတွက်ကျတော့ ရုံးပိတ်ရက်သုံးရက်ဆို အသွားတစ်ရက်၊ အပြန်တစ်ရက်နဲ့ ပြန်ဖို့အဆင်မပြေတာများတယ်။ အခုလို ပိတ်ရက်ငါးရက်မျိုးကျတော့ ပြန်ရတာအဆင်ပြေတယ်" ဟု မကွေးမြို့သို့ပြန်မည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ မကေသီခိုင်က ပြောပြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် ဇွန် ၁ ရက် ရက်စွဲဖြင့်ထုတ်ပြန်သည့် ကြေညာချက်တွင် သီတင်းကျွတ်အများပြည်သူအလုပ်ပိတ်ရက်မှာ သုံးရက်သာဖြစ်သည်။ သို့သော် အများပြည်သူ အလုပ်ပိတ်ရက်များ ခံစားခွင့် မနစ်နာစေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက် ရက်စွဲဖြင့် သီတင်းကျွတ်နှင့် တန်ဆောင်တိုင်ရုံးပိတ်ရက်များကို ပြင်ဆင် သတ်မှတ်ပေးခဲ့သည်။

ထိုသို့ ပြင်ဆင်သတ်မှတ်ပေးသည့်အတွက် သီတင်းကျွတ် အများပြည်သူ အလုပ်ပိတ်ရက်သည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ရုံးပိတ်ရက်ရှည် ဖြစ်လာခဲ့သည်။

"သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်နေတော့ ခရီးသွားတဲ့သူက အရင်ထက် ပိုများတယ်။ ခရီးသွားတဲ့သူများတဲ့အတွက် ကျွန်တော်တို့ယာဉ်လိုင်းဆို မကွေး၊ မင်းဘူး၊ မင်းလှ၊ စလင်း၊ ဆင်ဖြူကျွန်းမြို့တွေဘက် ထွက်တဲ့ယာဉ်တွေကို ယာဉ်တိုးထွက်ပေးတာမျိုးရှိပါတယ်" ဟု ဘောဂသီရိအဝေးပြေးကားဝင်းအတွင်းရှိ ရွှေပွင့်ဖြူ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ ဂိတ်မှူး ဦးထွန်းထွန်းက ဆိုသည်။

"အခုလို ရုံးပိတ်ရက်ရှည်ရှိတော့ ပြန်ကြမယ့်သူတွေ များတဲ့အတွက် ကားလက်မှတ်ကို စက်တင်ဘာလကုန်ကတည်းက ကြိုဖြတ်ထားရတယ်။ ပိတ်ရက်ရှိတော့ မိသားစုနဲ့ ဆွေမျိုးသားချင်းတွေနဲ့ အေးအေးဆေးဆေးတွေ့ရမယ်။ ပြီးတော့ မိသားစုနဲ့အတူ ခရီးထွက်ခွင့်ရမယ်။ ပိတ်ရက်က သုံးရက်မျိုးဆို ဝန်ထမ်းတွေအတွက်က ပြန်ဖို့အဆင်မပြေဘူး။ သုံးရက် ပိတ်ရက်မျိုးကျ ပိတ်ရက်မှန်ပေမယ့် အသွား၊ အပြန်ကုန်ကျစရိတ်၊ အိမ်မှာနေရမယ့်အချိန်နဲ့ ကိုယ်တတ်နိုင်တဲ့ငွေကြေးနဲ့ ပြန်ချိန်ရတော့ ကျွန်မဆို မပြန်ဖြစ်တာများတယ်။ ခုလို ငါးရက်ကျ အချိန်နည်းနည်းပိုရတော့ အဆင်ပြေတယ်" ဟု မုံရွာမြို့သို့ ပြန်မယ့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ မစုဝဏ္ဏအောင်က ပြောသည်။




## ပြည်သူများ၏ အကြံပြုတိုင်ကြားချက်များကို ဆောင်ရွက်နိုင်ရန် မန်းစည်ပင်က facebook group ဖွဲ့စည်း

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့တော်စည်ပင်နှင့်သက်ဆိုင်သည့် အကြံပြုသတင်းပေးတိုင်ကြားမှုများကို အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်ပေးနိုင်ရန် မန္တလေးမြို့တော်စည်ပင်သို့ အကြံပြုချက်များ facebook group ကို အောက်တိုဘာ ၈ ရက်မှ စတင်ဖွဲ့စည်းထားကြောင်း သိရသည်။

အဆိုပါ facebook group တွင် မည်သူမဆို အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ပြီး မန္တလေးမြို့တော်အတွင်း ဖြစ်ပေါ်နေသည့် စည်ပင်သာယာနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို တိုက်ရိုက်ဆက်သွယ်၍ သတင်းပေးတိုင်ကြားနိုင်ရန်နှင့် အဆိုပါ သတင်းပေးပို့မှုများကို မန္တလေးမြို့တော်စည်ပင်မှ ကော်မတီဝင်များ၊ စည်ပင်ဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ သိရှိ၍ လျင်မြန်စွာ အရေးယူဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ကာ ယင်း facebook group ကို ဖွဲ့စည်းပေးလိုက်ခြင်းဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

''မန္တလေးပြည်သူတွေအနေနဲ့ မြို့တော်စည်ပင်ကို အကြံပြုချင်တာတွေ၊ အသိပေးတိုင်ကြားချင်တာတွေ စတဲ့ အကြောင်းအရာတွေကို မြန်မြန်ဆန်ဆန်နဲ့ ပြောလို့ရအောင် ဖန်တီးလိုက်တာပါ။ မန္တလေးပြည်သူတွေရဲ့ အသိပေးတင်ပြမှုတွေကို သက်ဆိုင်ရာ စည်ပင်ဌာနက တာဝန်ရှိသူတွေ တွေ့မြင်သိရှိပြီး အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်ပြန်လည်ဖြေရှင်းဆောင်ရွက်နိုင်အောင် စီစဉ်ပေးခြင်း ဖြစ်ပါတယ်'' ဟု ၎င်းက ပြောကြားသည်။

အဆိုပါ group တွင် မန္တလေးမြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနအလိုက် ညွှန်ကြားရေးမှူးများအပြင် တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပါဝင်သွားမည်ဖြစ်ပြီး သတင်းပေးအကြံပြုချက်များကို သက်ဆိုင်ရာဌာနများက နေရာဒေသအလိုက် အချိန်မီအရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာအသင်း အဝေးကွင်း၌ ကာဂျစ္စတန်ကို ရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲစဉ် (၃) ကို ယနေ့ညနေပိုင်းက ကျင်းပခဲ့ပြီး ကာဂျစ္စတန်နိုင်ငံ၌ အဝေးကွင်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရသည့် မြန်မာအသင်းသည် ခုနစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။

ကာဂျစ္စတန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ကိုးမိနစ်အတွင်း နှစ်ဂိုးပေးခဲ့ရသည်။ ၁၉ မိနစ်တွင် အလီဗာဒွန်၊ ၂၅ မိနစ်တွင် အလီကူလော့ဗ်၊ ၄၄ မိနစ်တွင် ဗာလီရီတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ကာဂျစ္စတန်အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၇၀ တွင် အလီမာဒွန်နှင့် ၈၆ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အက်ဂါတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲများကို နိုဝင်ဘာတွင် နှစ်ပွဲ ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အကျဉ်းချုပ်၍ ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

(ယမန်နေ့မှ အဆက်)

## မူးယစ်ဆေးဝါးများ



မူးယစ်ဆေးဝါး အမှုပေါင်း (၁၉၄)မှု၊ တရားခံ (ကျား) (၂၅၄)ဦး၊ တရားခံ(မ) (၃၉) ဦး၊ စုစုပေါင်း တရားခံ (၂၉၃) ဦး အရေးယူနိုင်ခဲ့ပြီး တန်ဖိုးငွေကျပ် သိန်းပေါင်း (၆၃.၁၅) ဘီလီယံခန့်ရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရရှိခဲ့ပါသည်။

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲ (၂၇၄)ကြိမ်နှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ပါသည်။

## နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု

(၂၂-၃-၂၀၁၉)ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ လူငယ်များနှင့်တွေ့ဆုံ၍ လူငယ်ရေးရာမူဝါဒနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။



## လူ့အဖွဲ့အစည်းများအကြားပေါင်းစည်းရေး

မောင်တောခရိုင်အတွင်းရှိ မတူညီသော လူမှုအသိုက်အဝန်းများအကြား ရင်းနှီးဆက်ဆံမှု တိုးပွားစေရေးအတွက် အခြေခံပညာအထက်တန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲကို မောင်တောမြို့နယ်၌ (၇-၈-၂၀၁၉)ရက်နေ့မှ (၂၃-၈-၂၀၁၉)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ နှစ်ဖက်လူမှုအသိုက်အဝန်းမှ ကျောင်းသား/ကျောင်းသူ အသင်း(၁၈)သင်း ငြိမ်းချမ်းစွာ အတူပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

## လုံခြုံရေးကဏ္ဍ

### လုပ်ငန်းဆောင်ရွက်မှုများ





ရဲတပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း (၂၆)ကြိမ် ဖွင့်လှစ်၍ အရာရှိ (၁၀၅) ဦး၊ အမှုထမ်း (၂၂၁၂) ဦးတို့ကို လေ့ကျင့်ပေးခဲ့ပါသည်။

စစ်တွေမြို့၊ လုံခြုံရေးအတွက် အချက်အချာကျသည့်နေရာ (၄၉) နေရာ၌ CCTV (၁၁၇)လုံး တပ်ဆင်ကာ (၁၅-၁၂-၂၀၁၈) ရက်နေ့မှစတင်၍ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် Command Centre ဖွင့်လှစ်၍ စစ်ဆေးကြည့်ရှု ဆောင်ရွက်လျက်ရှိပါသည်။


လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လှည့်ကင်း (၈၂၈၄)ကြိမ်၊ ဝပ်ကင်း (၁၅၅၃၀)ကြိမ်ဖြင့် အများပြည်သူ လုံခြုံရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။

### နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့များပူးပေါင်းဆောင်ရွက်ခြင်း





နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရေကြောင်းကင်းလှည့်ခြင်း



## တရားမျှတမှုရရှိရေး

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲ ဖွင့်လှစ်နိုင်ရေးအတွက် (၂၇-၃-၂၀၁၉)ရက်နေ့တွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်တို့သည် ရုံးခွဲမြေနေရာရွေးချယ်ခြင်း၊ ယာယီရုံးခန်းနေရာရွေးချယ်ခြင်းနှင့် ဝန်ထမ်းသစ်များရွေးချယ်သင်တန်းပေးခြင်းတို့ပြုလုပ်ပြီး ရခိုင်ပြည်နယ်ရုံးခွဲကို ဖွင့်လှစ်ထားရှိပါသည်။

စစ်တွေမြို့တွင် ရခိုင်ပြည်နယ်၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ရုံးခန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ (၂၆-၄-၂၀၁၉) ရက်နေ့တွင် စတင်ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က (၂၄-၈-၂၀၁၉)ရက်နေ့တွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အလုပ်ရုံဆွေးနွေးပွဲကို စစ်တွေဟိုတယ်၌ ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို လက်ခံဆောင်ရွက်လျက်ရှိရာ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ရခိုင်ပြည်နယ်မှ တိုင်တန်းချက်(၃၄) စောင် လက်ခံရရှိခဲ့ပြီး (၁၂)စောင်အား ကော်မရှင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ပြီး (၂၂)စောင်ကို မှတ်တမ်းအဖြစ်ထားရှိခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် “တိုင်ကြားနိုင်ပါသည်”ဟူသော လက်ကမ်းစာစောင်များကို အထွေထွေအုပ်ချုပ်ရေးမှူးရုံးများရှိ ကြော်ငြာသင်ပုန်းများတွင် ဖော်ပြကြေညာထားပါသည်။

ရခိုင်ပြည်နယ် ဥပဒေချုပ်ရုံးအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် စစ်တွေမြို့နယ်တွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာဌာန Rule of Law Centre ထူထောင်နိုင်ရေးကို စတင်ဆောင်ရွက်လျက်ရှိပါသည်။

## ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု



မြောက်ဦးဒေသကို Cultural Mapping ရေးဆွဲရန်အတွက် ကိုရီးယားပညာရှင်အဖွဲ့အား ရှင်းလင်းပြသခြင်း



မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေး ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် အပြီးသတ်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခြင်း

(ဆက်လက်ဖော်ပြပါမည်)



# အမေရိကန်နှင့် တရုတ်ဝန်ကြီးများအဆင့် ကုန်သွယ်ရေးဆွေးနွေးပွဲများ စတင်

**ဝါရှင်တန် အောက်တိုဘာ ၁၀**

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဝန်ကြီးများအဆင့် ကုန်သွယ်ရေးဆွေးနွေးပွဲများကို အောက်တိုဘာ ၁၀ ရက် နောက်ပိုင်းတွင် စတင်လိမ့်မည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြထားသည်။ အဆိုပါ အစည်းအဝေးသည် ဇူလိုင်လနောက်ပိုင်း ထိပ်တန်းအဆင့်ရှိ ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးများအကြား ပထမအကြိမ်ပြုလုပ်သည့်အစည်းအဝေးလည်း ဖြစ်လာမည်ဖြစ်သည်။

အမေရိကန်ကုန်သွယ်ရေး အထူးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာနှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်တို့သည် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် လျူဟေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ တချို့သောကိစ္စရပ်များတွင် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံအကြား သဘောတူညီမှုတစ်စိတ်တစ်ပိုင်း ရရှိလိမ့်မည်ဟုလည်း လေ့လာသူတချို့က မျှော်လင့်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကမူ အောက်တိုဘာ ၁၅ ရက်မှ ၃၀ ရက်အတွင်း တရုတ်နိုင်ငံမှလာသည့် အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံရှိ ကုန်စည်များအပေါ် စည်းကျပ်ခွန်ကို တိုးမြှင့်မည်ဟုလည်း ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်**

# တိုင်ဖွန်းမုန်တိုင်း ဟာဂီဘစ် နီးကပ်လာမှုကြောင့် လေကြောင်းလိုင်းများ ဖျက်သိမ်း

**တိုကျို အောက်တိုဘာ ၁၀**

တိုင်ဖွန်းဟာဂီဘစ် ဂျပန်နိုင်ငံသို့ ချဉ်းကပ်လာလျက်ရှိသည့်အတွက် နိုင်ငံအတွင်းရှိ နိုင်ငံခြားကျောင်းသား၊ ကျောင်းသူများ အပါအဝင် ကမ္ဘာလှည့်ခရီးသွားများအား နောက်ဆုံးရ မုန်တိုင်းသတင်းများကို မျက်ခြည်မပြတ်စောင့်ကြည့်ရန် ဂျပန်အစိုးရက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

တိုင်ဖွန်း ဟာဂီဘစ်သည် ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ရန် နီးကပ်လာပြီဖြစ်သည့်အတွက် အစိုးရအဖွဲ့က ထုတ်ပြန်သော ရာသီဥတုဆိုင်ရာ သတင်းများကို အာရုံစူးစိုက်ကြရန် လိုအပ်ကြောင်း တရားရေးရာဝန်ကြီး ကတ်ဆုယုကီက အောက်တိုဘာ ၁၀ ရက်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့ပြင် တိုင်ဖွန်းမုန်တိုင်းချဉ်းကပ်လာပြီဖြစ်သည့်အတွက် နီပွန်လေကြောင်းလိုင်းမှ တိုကျိုမြို့ရှိ ဟာနီဒါလေဆိပ်နှင့် နာရီတာလေဆိပ်များရှိ လေကြောင်းခရီးစဉ် ၃၇၀ ခန့်ကို ယာယီဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

အခြားလေကြောင်း ကုမ္ပဏီများကလည်း ၎င်းတို့၏လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းရန် စီစဉ်လျက်ရှိသည်။ လေကြောင်းခရီးစဉ်များနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များကို လူမှုကွန်ရက်(သို့မဟုတ်) ၎င်းတို့၏ ဝက်ဘ်ဆိုက်များတွင် အဆက်မပြတ် စောင့်ကြည့်ကြရန် ခရီးသည်များအား တိုက်တွန်းပြောကြားခဲ့သည်။

ယခုအချိန်တွင် မုန်တိုင်း ဟာဂီဘစ်သည် အိုဂါဆာဝါရာကျွန်း၏ မြောက်ဘက်ပိုင်းသို့ တစ်နာရီလျှင် ၁၄၁ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်များတွင် နိုင်ငံ၏အရှေ့ဘက်နှင့် အနောက်ဘက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိပြီး မိုးသည်းလေထန်မှုနှင့် မြေပြိုမှုများ ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လေပြင်းတိုက်ခတ်မှုများ၊ မိုးသည်းထန်မှုများနှင့် မြေပြိုမှုများ ဖြစ်ပွားနိုင်ဖွယ်ရှိသည့်အတွက် မုန်တိုင်းလမ်းကြောင်းရှိ ပြည်သူများအား သတိဖြင့်နေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**




# မြောက်ကိုရီးယားက ပဲ့ထိန်းဒုံးကျည်များ စမ်းသပ်ပြီးနောက် နျူကလီးယားရေငုပ်သင်္ဘောများပိုင်ဆိုင်ရေး တောင်ကိုရီးယားရေတပ် စဉ်းစား

**ဆိုးလ် အောက်တိုဘာ ၁၀**

တောင်ကိုရီးယားနိုင်ငံရေတပ်သည် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ပိုင်ဆိုင်ဖို့ စဉ်းစားနေသည်ဟု ကြာသပတေးနေ့က ရုတ်တရက် ကြေညာခဲ့သည်။ အရှေ့မြောက်အာရှဒေသ၏ အင်အားချိန်ခွင်လျှာကို ပြောင်းလဲစေနိုင်သည့် ယင်းကြေညာချက်သည် တောင်ကိုရီးယားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများကို စိတ်အနှောင့်အယှက် ဖြစ်စေဖွယ်ရှိသည်။



တောင်ကိုရီးယားနိုင်ငံကို နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် တရုတ်၊ ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့က ဝန်းရံထားသည်။ တောင်ကိုရီးယားနှင့် ၎င်း၏ အိမ်နီးချင်း ဂျပန်နိုင်ငံတို့သည် အမေရိကန်နိုင်ငံ၏ နျူကလီးယားထီးရိပ်ကို မှီခိုနေကြရသည်။

ပြီးခဲ့သည့် အပတ်က မြောက်ကိုရီးယားနိုင်ငံက ၎င်း၏အဆိုအရ ရေငုပ်သင်္ဘောပေါ်မှ ပစ်ခတ်နိုင်သည့် ဒုံးကျည်များကို စမ်းသပ်ပစ်ခတ်ခဲ့သည်။ သို့သော်လည်း အမေရိကန်နိုင်ငံက ၎င်းဒုံးကျည်များကို ပင်လယ်အခြေစိုက်စခန်းများမှ ပစ်လွှတ်ခဲ့ပုံပေါ်သည်ဟု ဆိုသည်။ ရေငုပ်သင်္ဘော အခြေပြု ဒုံးကျည်ပစ်ခတ်မှုစွမ်းရည်သည် မြောက်ကိုရီးယားနိုင်ငံ၏ လက်နက်တိုက်ကို အဆင့်သစ်တစ်ခုဆီသို့ ရောက်ရှိစေမည်ဖြစ်ပြီး ၎င်း၏ လက်နက်များကို ကိုရီးယားကျွန်းဆွယ် အလွန်အထိ ဖြန့်ကြက်ချထားနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ ၎င်း၏ စစ်အခြေစိုက်စခန်းများ တိုက်ခိုက်ခံရသည့်အခါတွင်ပင် ပြန်လည်တိုက်ခိုက်နိုင်သည့် စွမ်းရည်ကို ပိုင်ဆိုင်မည်ဖြစ်သည်။

တောင်ကိုရီးယားရေတပ်က လွှတ်တော်သို့ တင်ပြသည့် အစီရင်ခံစာတွင် ရေရှည်တွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ဝယ်ယူရေး စီစစ်ဆောင်ရွက်ရန်အတွက် ရေတပ်ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိ အရာရှိတစ်ဦး ဦးဆောင်သည့်လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီးဖြစ်သည်ဟု ဖော်ပြထားကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ပိုင်ဆိုင်လိုသည့်ကိစ္စကို တောင်ကိုရီးယားနိုင်ငံသည် ပထမဆုံး လူသိရှင်ကြား ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ယင်းကိစ္စသည် မကြာသေးခင်က ထုတ်ပြန်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးကြေညာစာတမ်းတွင် ဖော်ပြပါရှိခြင်း မရှိပေ။ ဇန်နဝါရီလက ထုတ်ပြန်ခဲ့သည့် ယင်းကြေညာစာတမ်းတွင် တောင်ကိုရီးယားနိုင်ငံသည် ဒီဇယ်စွမ်းအင်သုံး သမားရိုးကျ ရေငုပ်သင်္ဘော ၁၀ စင်း ပိုင်ဆိုင်သည်ဟု ဆိုသည်။ မြောက်ကိုရီးယားနိုင်ငံက ယင်းရေငုပ်သင်္ဘော အစင်း ၇၀ ပိုင်ဆိုင်သည်။

တောင်ကိုရီးယားရေတပ် အကြီးအကဲ ရှင်မ်ဆောင် ဆဲယပ်က ပါလီမန်အမတ်များသို့ တင်ပြရာတွင် သမားရိုးကျ ရေငုပ်သင်္ဘောများထက် ရေအောက်တွင် ကြာကြာခုတ်မောင်းနိုင်သည့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများသည် ရေငုပ်သင်္ဘောမှ ပစ်ခတ်နိုင်သည့် ပဲ့ထိန်းဒုံးကျည်များ တပ်ဆင်ထားသည့် မြောက်ကိုရီးယား ရေငုပ်သင်္ဘောများကို ရှာဖွေ၍ ချေမှုန်းရာတွင် အစွမ်းအထက်ဆုံးဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# အိန္ဒိယအစိုးရက ကက်ရှ်မီးယားဒေသကို ကမ္ဘာလှည့်ခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်



**နယူးဒေလီ အောက်တိုဘာ ၁၀**

အိန္ဒိယနိုင်ငံသည် ၎င်းထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ သွားလာခွင့်ပိတ်ပင်ထားခြင်းကို ဖြေလျှော့ပေးခဲ့ပြီး ပြန်လည်သွားလာခွင့်ပြုခဲ့ကြောင်း သိရသည်။

နယူးဒေလီအနေဖြင့် ဩဂုတ်လအတွင်းက ဂျမ္မူးနှင့် ကက်ရှ်မီးယားပြည်နယ်အား ၎င်း၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်မှ ဖယ်ရှားခဲ့သည်။ ထိုကဲ့သို့သောလုပ်ဆောင်မှုအပေါ် ပါကစ္စတန်အစိုးရနှင့် ဒေသတွင်းရှိ မူဆလင်များက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ ကက်ရှ်မီးယားဒေသန္တရအစိုးရအနေဖြင့် ထိုကဲ့သို့မဖယ်ရှားမီ ကမ္ဘာလှည့်ခရီးသွားများအား ဒေသတွင်းမှ ထွက်ခွာရန်ပန်ကြားခဲ့သည်။

အိန္ဒိယအစိုးရက ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ပြသသည့်အနေဖြင့် တယ်လီဖုန်းလိုင်းများနှင့် ကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ဒေသတွင်းလုံခြုံရေးအားတင်းကျပ်ထားပြီး ပြည်နယ်၏ အကြီးဆုံးမြို့တော်ဖြစ်သော ဆရီနာဂါတွင် အင်တာနက်နှင့် တယ်လီဖုန်းလိုင်းများမှာ ပြတ်တောက်နေဆဲဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# အမေရိကန်သမ္မတက မိမိအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်းမရှိဟု ယူကရိန်းသမ္မတ ပြောကြား



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီးတို့ တွေ့ဆုံစဉ်။

**ကီယက်ဗ် အောက်တိုဘာ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဖုန်းပြောစဉ်အတွင်း သမ္မတ ထရန့်က ယူကရိန်းနိုင်ငံကို စစ်ရေးအကူအညီပေးမှုကို ရပ်တန့်မည်ဟုပြောဆို၍ ခြိမ်းခြောက်အကျပ်ကိုင်ရန် ကြိုးစားခဲ့ခြင်းမရှိကြောင်း ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီးက ကြာသပတေးနေ့က ငြင်းဆိုလိုက်သည်။

"အကျပ်ကိုင်ခြိမ်းခြောက်တာမရှိပါဘူး" ဟု ဟာသသရုပ်ဆောင်မှ နိုင်ငံရေးသမားဘဝသို့ ကူးပြောင်းခဲ့သူ သမ္မတ ဇီလန်စကီးက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၎င်း၏ ပြိုင်ဘက် ဂျိုးဘိုင်ဒင်ကို စုံစမ်းစစ်ဆေးပေးရန် ယူကရိန်းသမ္မတ ဇီလန်စကီးကို ပြောကြားခဲ့သည်ဟု ဖုန်းပြောဆိုမှုမှတ်တမ်းများက ဖော်ပြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျိုးဘိုင်ဒင်နှင့် သားဖြစ်သူ ဟန်းတားတို့၏ လုပ်ဆောင်ချက်များကို စုံစမ်းစစ်ဆေးပေးရန် မေတ္တာရပ်ခံမှုသည် အမေရိကန်နိုင်ငံအတွင်း၌ သမ္မတ ထရန့်အား သမ္မတအရည်အချင်းပျက်ယွင်းကြောင်း စွပ်စွဲပြစ်တင်ရန် တောင်းဆိုမှုများဖြစ်ပေါ်စေခဲ့သည်။ ဒီမိုကရက်တစ်အမတ်များက သမ္မတ ဒေါ်နယ်ထရန့်သည် ဂျိုးဘိုင်ဒင် သားအဖကို စုံစမ်းစစ်ဆေးပေးရန်အတွက် ယူကရိန်းသို့ပေးမည့်အကူအညီကို နှောင့်နှေးကြန့်ကြာအောင်လုပ်၍ ယူကရိန်းသမ္မတကို ဖိအားပေးခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးနေသည်။ ဒေါ်နယ်ထရန့်က ယူကရိန်းအစိုးရအနေဖြင့် ယူကရိန်းရှိ ဘူရစ်စမာဓာတ်ငွေ့ကုမ္ပဏီတွင် အလုပ်လုပ်နေသည့် ဟန်းတားဘိုင်ဒင်၏ လုပ်ငန်းဆောင်ရွက်မှုများကို စုံစမ်းစစ်ဆေးပေးရန် အလိုရှိနေခြင်းဖြစ်သည်။ ဘူရစ်စမာဓာတ်လမ်းနှင့် လက်နက်အကူအညီကိစ္စမှာ မည်သို့မျှမသက်ဆိုင်ကြောင်း၊ ဖုန်းပြောဆိုမှု၏ အဓိကရည်ရွယ်ချက်မှာ သမ္မတ ဒေါ်နယ်ထရန့်နှင့် အစည်းအဝေးတစ်ခု ကျင်းပရန်ဖြစ်ကြောင်း၊ အစည်းအဝေးအတွက် အမေရိကန်ဘက်မှ မည်သည့် စည်းကမ်းသတ်မှတ်ချက်မျှ မရှိကြောင်း၊ မိမိတို့ နှစ်ဦးအနေဖြင့် ဆက်ဆံရေးထူထောင်လိုခြင်းသာဖြစ်ကြောင်း သမ္မတ ဇီလန်စကီးက ကီယက်ဗ်မြို့ရှိစားသောက်ဆိုင်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက အဆိုပါဖုန်းပြောဆိုမှုသည် အမေရိကန်နှင့် ယူကရိန်းဆက်ဆံရေးကို ထိခိုက်စေမည်မဟုတ်ဟု ပြောသည်။ သမ္မတ ဒေါ်နယ်ထရန့်က ဂျိုးဘိုင်ဒင်သည် သူ့သား၏ စီးပွားဖက် ယူကရိန်းဓာတ်ငွေ့လုပ်ငန်းရှင်သူဌေးအား ယူကရိန်းနိုင်ငံက အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးမည့်ကိစ္စကို တားဆီးရန် ကြိုးစားခဲ့ကြောင်း စွပ်စွဲပြောကြားကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# တရုတ်နိုင်ငံတော်သီချင်းကို လှောင်ပြောင်သည့် ပရိသတ်များကြောင့် ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်အား ဖီဖာဒဏ်ရိုက်




**ဟောင်ကောင် အောက်တိုဘာ ၁၀**

တရုတ်နိုင်ငံတော်သီချင်းကို ရိုသေလေးစားသမှုမရှိသော ပရိသတ်များ၏ အပြုအမူကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်အား ဒဏ်ကြေးရိုက်ခဲ့သည်။ ယခုအဖြစ်အပျက်မှာ စက်တင်ဘာလ ၁၀ ရက်တွင် ဟောင်ကောင်၌ ကျင်းပသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဟောင်ကောင်နှင့် အီရန်အသင်းတို့၏ ဘောလုံးပွဲစဉ်မတိုင်မီ တရုတ်နိုင်ငံတော်သီချင်းဖွင့်ချိန်တွင် ဘောလုံးပရိသတ်အချို့က လှောင်ပြောင်အော်ဟစ်ကာ ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ အားကစားပြိုင်ပွဲတစ်ခုအတွက် မသင့်တော်သည့် နိုင်ငံတော်သီချင်းများကို အနှောင့်အယှက်ပြုမှုအတွက် ဖီဖာက ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်ကို ယမန်နေ့က ဆွစ်ဖရန့် ၁၅၀၀၀ သို့မဟုတ် ဒေါ်လာ ၁၅၀၀၀ ခန့် ဒဏ်ရိုက်ခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံတကာ ချစ်ကြည်ရေးပွဲတစ်ခု၌ တရုတ်နိုင်ငံတော်သီချင်းဖွင့်ချိန်တွင် လှောင်ပြောင်အော်ဟစ်မှုကြောင့် အာရှဘောလုံးအဖွဲ့ချုပ်က ဟောင်ကောင်အား ပြစ်ဒဏ်ပေးခဲ့ဖူးသည်။ တရုတ်နိုင်ငံတော်သီချင်းကို မလေးစားသူများအား အရေးယူရန် ဟောင်ကောင်အစိုးရက ယခုနှစ် ဇန်နဝါရီလအတွင်း လွှတ်တော်သို့ ဥပဒေကြမ်းတစ်ခု တင်သွင်းခဲ့သော်လည်း ဆန္ဒဖော်ထုတ်မှုများဖြစ်ပွားနေခြင်းကြောင့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးခြင်းမပြုရသေးဘဲ ဆိုင်းငံ့ထားရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# အင်ဒိုနီးရှား လုံခြုံရေးဝန်ကြီး ဓားဖြင့် တိုက်ခိုက်ခံရ

**ဂျကာတာ အောက်တိုဘာ ၁၀**

အင်ဒိုနီးရှားလုံခြုံရေးဝန်ကြီး ဝီရန်တိုသည် ဓားဖြင့် တိုက်ခိုက်ခံခဲ့ရပြီးနောက် ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒေဒီပရာဆီတီယိုက ယနေ့ ပြောကြားသည်။

လုံခြုံရေးဝန်ကြီးသည် နိုင်ငံ၏အနောက်ဘက် ဘန်တင်ပြည်နယ် ပန်ဒီဂလန်ခရိုင် ပန်းခြံတစ်ခု၌ ဒေသခံပြည်သူများအား လက်ဆွဲနှုတ်ဆက်နေစဉ် ယနေ့ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ဓားဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

ဝန်ကြီးသည် ပြည်သူများနှင့် တွေ့ဆုံရန် ပြင်ဆင်နေစဉ် ယခုလို အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ဓားဖြင့် လာရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ခန္ဓာကိုယ်၏ ရှေ့ဘက်ခြမ်းတွင် ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် ခရိုင်ရဲမင်းကြီး အာဒရီယံတိုနှင့် အာဂျီဖွာလ်ဆိုသူ ဒေသခံတစ်ဦးတို့လည်း ယင်းတိုက်ခိုက်မှု၌ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိပြီး အိုင်အက်စ်အုပ်စုအား သစ္စာခံထားသည့် ဒေသတွင်း ဂျမားအာရှိုရှဒ်ဒေါင်လာ စစ်သွေးကြွအုပ်စုကို အဓိကထား စုံစမ်းသွားမည်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ဒေသဆိုင်ရာ ရုပ်သံလွှင့်ဌာန၌ ပြောကြားသည်။

တိုက်ခိုက်မှု၌ ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုခံယူရန် နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ထားပြီး ပြစ်မှုကျူးလွန်သူများကို ထိန်းသိမ်းထားကာ ၎င်းတို့ ကိုင်ဆောင်ခဲ့သည့် ဓားနှင့် ကတ်ကြေးကိုလည်း သိမ်းဆည်းထားသည်။

ဂျမားအာရှိုရှဒ်ဒေါင်လာအုပ်စု အဖွဲ့ဝင်များသည် အင်ဒိုနီးရှားနိုင်ငံအတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှု အကြိမ်ပေါင်းများစွာ လုပ်ဆောင်ခဲ့သည့် စစ်သွေးကြွအုပ်စုဖြစ်သည်။ အဆိုပါ စစ်သွေးကြွအုပ်စုသည် ၂၀၁၈ ခုနှစ် မေလက အရှေ့ဂျာဗားနှင့် ရီအော်ပြည်နယ်များတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ ထို့ပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလက ဂျကာတာမြို့လယ်ကောင်ရှိ စားသောက်ဆိုင်တစ်ဆိုင်နှင့် ရဲစခန်းတစ်ခုတွင် အသေခံ ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် လူရှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။



**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# ဆီးရီးယားရှိ ကာ့ဒ်တပ်ဖွဲ့များအား တူရကီက ထိုးစစ်ဆင်တိုက်ခိုက်မှုစတင်

**အန်ကာရာ အောက်တိုဘာ ၁၀**

အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာသွားခဲ့သည့် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ရှိ ကာ့ဒ်တပ်ဖွဲ့များ ထိန်းချုပ်ရာဒေသများ၌ တူရကီနိုင်ငံက ထိုးစစ်ဆင်မှုတစ်ရပ် စတင်လိုက်ပြီဖြစ်သည်။

တူရကီသမ္မတ ရီစက်တေယက်အာဒိုဂန်က အောက်တိုဘာ ၉ ရက်တွင် တိုက်ခိုက်မှုစတင်ကြောင်း တွစ်တာ၌ ကြေညာခဲ့ပြီး သိပ်မကြာမီ ဂျက်တိုက်လေယာဉ်များ၊ အမြောက်ကြီးများက နယ်စပ်တစ်လျှောက်ရှိ ကာ့ဒ်တပ်ဖွဲ့၏ တည်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ ထောင်ချီသော အရပ်သားများ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ ညနေပိုင်းတွင် မြေပြင်စစ်ဆင်ရေး စတင်ခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ တူရကီနိုင်ငံ၏ စစ်ဆင်ရေးကို လူသားဆန်စွာ မဆောင်ရွက်ပါက ယင်းနိုင်ငံ၏ စီးပွားရေးကို ဖျက်ဆီးပစ်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သတိပေးခဲ့သည်။ တူရကီနိုင်ငံ၏ ထိုးစစ်ဆင်မှုနှင့်ပတ်သက်၍ အောက်တိုဘာ ၁၂ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်၌ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ်က ပြောကြားသည်။

တူရကီ၏ ထိုးစစ်ဆင်မှုကြောင့် ကာ့ဒ်ဦးဆောင်သော ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ (SDF) မှ အဖွဲ့ဝင် ၁၆ ဦး ကျဆုံးခဲ့ကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ (SOHR) က ပြောကြားသည်။ တဲအဘစ်မြို့တော်အနီး၌ ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ (SDF) နှင့် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ (SOHR) တို့ကပြောသည်။ တူရကီတပ်ဖွဲ့များက လက်ရှိအချိန်အထိ ကာ့ဒ်အဖွဲ့၏ ပစ်မှတ် ၁၈၁ နေရာကို တိုက်ခိုက်ခဲ့သည်ဟု တူရကီကာကွယ်ရေးဝန်ကြီးဌာနက တွစ်တာ၌ရေးသားဖော်ပြခဲ့သည်။ မြေပြင်ထိုးစစ်ဆင်မှုကို တဲအဘစ်မြို့တော်၌ စတင်ခဲ့ကြောင်း တူရကီလိုလားသည့် ဆီးရီးယားပြည်သူ့စစ်အဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အထူးတပ်ဖွဲ့များနှင့် သံချပ်ကာယာဉ်များမှာ နယ်စပ်တစ်လျှောက်ရှိ ကာ့ဒ်အဖွဲ့၏ ပစ်မှတ်နေရာများသို့ ဝင်ရောက်ခဲ့သည်ဟု တူရကီမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# ဆီးရီးယားနိုင်ငံအတွင်း တူရကီ၏ ထိုးစစ်ဆင်မှုနှင့်စပ်လျဉ်း၍ အာရပ်နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးမည်

**ကိုင်ရို အောက်တိုဘာ ၁၀**

ဆီးရီးယားနိုင်ငံအတွင်းရှိ ကာ့ဒ်စစ်သွေးကြွအုပ်စုအပေါ် တူရကီ၏ ထိုးစစ်ဆင်မှုနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ အောက်တိုဘာ ၁၂ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးများအဆင့် အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ်က ကြေညာသည်။

အီဂျစ်အစိုးရ၏ မေတ္တာရပ်ခံချက်အရ အဆိုပါအစည်းအဝေးကို ကိုင်ရိုမြို့တွင် ကျင်းပမည်ဖြစ်ပြီး တွေ့ဆုံစဉ် ဆီးရီးယားပိုင်နက်မြေအတွင်း တူရကီ၏ ကျူးကျော်ဝင်ရောက်မှုနှင့်စပ်လျဉ်း၍ အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကိုင်ရိုမြို့၌ ဝန်ကြီးအဆင့် အစည်းအဝေးတစ်ရပ်ကျင်းပရန် အီဂျစ်အစိုးရ၏ မေတ္တာရပ်ခံချက်ကို အာရပ်နိုင်ငံများက ထောက်ခံခဲ့ကြောင်း အာရပ်အဖွဲ့ချုပ်၏ လက်ထောက်အတွင်းရေးမှူး ဟိုဆမ်ဇာကီက ပြောကြားသည်။

အောက်တိုဘာ ၉ ရက်က ဆီးရီးယားနိုင်ငံအတွင်း တူရကီ၏ ထိုးစစ်ဆင်မှုသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ပြီး လက်သင့်မခံနိုင်သော ကျူးကျော်ဝင်ရောက်မှုပင်ဖြစ်သည်ဟု ဇာကီက ရှင်းလင်းပြောကြားခဲ့သည်။

တူရကီတပ်ဖွဲ့သည် ဆီးရီးယားနိုင်ငံ မြောက်ဘက်တွင် အခြေချသည့် ကာ့ဒ်စစ်သွေးကြွအုပ်စုအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းထိုးစစ်ဆင်မှုကြောင့် အရပ်သား ရှစ်ဦးထက်မနည်း သေဆုံးကာ လူ ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားသတင်းအေဂျင်စီက ယနေ့ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံမြောက်ဘက်အခြေစိုက် ကာ့ဒ်စစ်သွေးကြွအုပ်စုနှင့် တူရကီနိုင်ငံအတွင်းရှိ ကာ့ဒ်အလုပ်သမားပါတီ စစ်သွေးကြွအုပ်စုတို့သည် မဟာမိတ်ဖွဲ့ထားသည့် စစ်သွေးကြွများဖြစ်သောကြောင့် တူရကီတပ်ဖွဲ့အနေဖြင့် ဆီးရီးယားနိုင်ငံ မြောက်ဘက်အခြေစိုက် ကာ့ဒ်စစ်သွေးကြွအုပ်စုအပေါ် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

## မြန်မာမိန်းကလေးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် တစ်သက် ပြစ်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၀**

အမျိုးသမီးတစ်ဦးအား တရုတ်အမျိုးသားနှင့်လက်ထပ်ရန် ရောင်းစားခဲ့သူအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့်ထောင်ဒဏ်တစ်သက် ကျခံစေရန် မန္တလေးခရိုင်တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက်နေ မဝင်းလဲ့လဲ့ခိုင် (ခ) မခိုင်နှင့် ရှမ်းပြည်နယ် ကျောက်မဲမြို့ အမှတ် (၁)ရပ်ကွက်နေ မဖြိုးဝေတို့သည် ဧပြီ ၂၁ ရက်က ပြည်ကြီးတံခွန်မြို့နယ် (ခ)ရပ်ကွက်နေ မXXX၊ (၂၇) နှစ်အား တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ကျပ်သိန်း (၃၀)ရမည်၊ မိဘများအား ထောက်ပံ့နိုင်မည်ဟု ပြောဆိုစည်းရုံးပြီး လားရှိုး၊ မူဆယ်၊ ကျယ်ဂေါင် လမ်းကြောင်းအတိုင်း တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားကာ တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့မှုအား ပြည်ကြီးတံခွန်မြို့မရဲစခန်းက (ပ)၂၆၆/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ယခင်ပြစ်ချက်ဟောင်း ပူးတွဲလျက် မန္တလေးခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ မဝင်းလဲ့လဲ့ခိုင် (ခ)မခိုင်အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄/၃၁ အရ အလုပ်နှင့်ထောင်ဒဏ် တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံအား တရားခံပြေးအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



## မြောင်းမြမြို့ ဆိပ်ကမ်းတစ်ခု၌ ခရီးသည်တင်ရေယာဉ်တစ်စင်း မီးလောင်

**မြောင်းမြ အောက်တိုဘာ ၁၀**

မြောင်းမြမြို့ အမှတ် (၅ )ရပ်ကွက် လယ်ယာသုံးဈေး (သဲပုံဆိပ် )ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော လူတော်-မြောင်းမြ ပြေးဆွဲသည့် အောင်ချမ်းသာခရီးသည်တင် ရေယာဉ်တစ်စင်းသည် အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မြောင်းမြမြို့နယ် မီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ ၊ ဒုခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးထက်ကျော်မှာ မီးလောင်သေဆုံးပြီး ခရီးသည်များ ဖြစ်ကြသည့် ဒေါ်တူးတူးမာ၊ ရွှေဘိုစုရွာ အိမ်မဲမြို့နယ်၊ ဒေါ်ဝင်းဝင်း လူတော်ကျေးရွာ မြောင်းမြမြို့နယ်၊ မောင်ရှိုင်းကိုကို၊ ကျွန်းကလေးကျေးရွာ မြောင်းမြမြို့နယ်နေသူတို့ ဒဏ်ရာများ ရရှိသဖြင့် မြောင်းမြပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အောင်ချမ်းသာရေယာဉ်သည် လူတော်ကျေးရွာမှ ယမန်နေ့ ည ၈ နာရီခန့်က မြောင်းမြမြို့သို့ရောက်ရှိလာပြီး ညအိပ်ရပ်နားကာ ယနေ့နံနက် ၁၀ နာရီတွင် လူတော်ကျေးရွာကို ပြန်လည်ထွက်ခွာမည်ဖြစ်ကာ ခရီးသည်နှင့် ကုန်များ မတင်ဆောင်မီ မီးလောင်မှုဖြစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ သင်္ဘောမထွက်မီ သင်္ဘောဝမ်းဗိုက်အတွင်း Honda ရေစုပ်စက်ကို ဆင်းပြီးပြင်ဆင်ရာမှ စက်နှိုးစဉ် မီးစက်ပလပ်မှ မီးထွက်ကာ အနီးရှိစက်ပြင်ရာနေရာမှ ဓာတ်ဆီများကြောင့် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြောင်းမြမြို့မ ခေတ္တစခန်းမှူး ဒုရဲမှူး သန်းထွေးက မျိုးထက်ကျော်အား အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **အောင်မင်း ( မြောင်းမြ)**

## စစ်ကိုင်းမြို့ရှိ KTV ဆိုင်တစ်ဆိုင်၌ ဓားခုတ်မှုဖြစ်

**စစ်ကိုင်း အောက်တိုဘာ ၁၀**

စစ်ကိုင်းမြို့ စိန်ကုန်ရပ်ကွက် ကားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသော အိမ်မက်ချစ်သူ KTV ဆိုင်တွင် ယနေ့ နံနက် ၁ နာရီခန့်က ဓားခုတ်မှုဖြစ်ပွားခဲ့ကြောင်း စစ်ကိုင်း မြို့မရဲစခန်းမှ သိရသည်။

အိမ်မက်ချစ်သူ KTV ဆိုင်မန်နေဂျာ ဦးညီညီအောင်၏ဇနီး မဝင့်ဝါသည် အခန်းအတွင်း၌ အိပ်ပျော်နေစဉ် ဆူညံဆဲဆိုသံများ ကြားရသဖြင့် ထကြည့်ရာ ခင်ပွန်းဖြစ်သူ ဦးညီညီအောင်၏ လက်မောင်းတွင် ပြတ်ရှဒဏ်ရာဖြင့် သွေးများထွက်နေကာ ဆိုင်အလုပ်သမားဖြစ်သူ မောင်အိမွန်စိုးမှာယာဘက်နံကြား ထိုးသွင်းဒဏ်ရာဖြင့် လဲကျနေပြီး ဆိုင်ရှေ့တွင် ခင်းကျင်းထားသော ထိုင်ခုံများနှင့် ဘားအခန်းအတွင်းရှိ အရက်ပုလင်းများကို ဖျက်ဆီးထားသည်ကိုတွေ့ရှိရကြောင်း ရဲမှတ်တမ်းအရ သိရသည်။

ဆိုင်မန်နေဂျာ ဦးညီညီအောင်နှင့် ဆိုင် အလုပ်သမားဖြစ်သူ မောင်အိမွန်စိုးတို့အား ဓားဖြင့်ခုတ်သွားသူမှာ စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက်နေ ဇော်လင်းဦးဖြစ်ပြီး ၎င်းအား အရေးယူပေးရန် မဝင့်ဝါက တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် စစ်ကိုင်းမြို့မရဲစခန်းက ဇော်လင်းဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူအောင်(ကသာ)



## ဝိုင်းမော်မြို့နယ်တွင် ပိုင်ရှင်မဲ့ သစ်စက်နှင့် သစ်လုံးများသိမ်းဆည်းရမိ

**ဝိုင်းမော် အောက်တိုဘာ ၁၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီခန့်က မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် ရပ်မိ/ရပ်ဖတို့ပါဝင်သောအဖွဲ့သည် ရွှေညောင်ပင်ကျေးရွာနှင့် လေးမိုင်ခန့်အကွာ ရွှေညောင်ပင်-စန်းကားသွားလမ်းဘေး နှောကုန်းတောင်ကွင်းရှိ ချုံတောစပ်တွင် ပိုင်ရှင်မဲ့ သစ်စက်နှင့် သစ်လုံးများ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သစ်စက်မှ ဆက်စပ်ပစ္စည်းများဖြစ်သော သုံးပေခွဲ လွှပိုင်း တစ်ချပ်၊ ငါးပေ ရှပ်တန်းတစ်ချောင်း၊ ပေ ၃၀ အရှည်ရှိ ဘက်ကြိုးတစ်ချောင်း၊ ၂၅ ကောင် အင်ဂျင်တစ်လုံးနှင့် သစ်လုံးအမျိုးအစားစုံနှင့် ဆိုဒ်စုံ ၃ ဒသမ ၄၀၈ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထီးချိုင့်မြို့နယ်၌ ဘုန်းတော်ကြီးကျောင်း မီးလောင်

**ထီးချိုင့် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၏ အနောက်ဘက် ၁၃ မိုင်ခန့် ကွာဝေးသော ဆင်ဖြူဆိပ် အနောက်ကမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ယနေ့နံနက် ၂ နာရီခွဲခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

### မီးလောင်ဆုံးရှုံး

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးမောင်ချိုနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်းအင်အား ၁၂၀ ခန့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၄ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ကိုးပေ ပတ်လည် ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး တစ်ထပ်ကျောင်းဆောင်မှာ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

### အမှုဖွင့်ဆောင်ရွက်

မီးလောင်မှုဖြစ်စဉ်အား စုံစမ်းစစ်ဆေးရာ အဆိုပါဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ဦးဝိစာရမှာ ကျောင်းတွင် နေထိုင်ခြင်းမရှိဘဲ လွန်ခဲ့သောလေးလခန့်မှစ၍ ရွာမှ ထွက်သွားရာ ယနေ့ထိ ပြန်လည်နေထိုင်ခြင်းမရှိကြောင်း၊ ၎င်းဘုန်းတော်ကြီးကျောင်းတွင် သံဃာများ သီတင်းသုံးနေထိုင်ခြင်းမရှိသဖြင့် ရှို့မီးဟု ယူဆရကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲလင်းထွန်း (ပြန်/ဆက်)**

## ငွေဆောင်၌ တောဆင်ရိုင်းနင်း၍ တစ်ဦးသေဆုံး

**ငွေဆောင် အောက်တိုဘာ ၁၀**

ငွေဆောင်မြို့ သဇင်ကျေးရွာအုပ်စု သပြေခုံရပ်တောက်ဘက်တောတွင်း ငါးဖာလုံခန့်တွင် ယနေ့ နံနက် ၈ နာရီက တောဆင်ရိုင်းနင်း၍ လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ ငွေဆောင်နယ်မြေရဲစခန်း ခေတ္တစခန်းမှူး ဒုရဲအုပ်မျိုးဝေဦးနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ငွေဆောင်မြို့ သဇင်ကျေးရွာအုပ်စု သပြေခုံရပ်နေ ဦးပြားကြီး(ခ) ဦးညွန့်ဝင်းဖြစ်ပြီး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရ၍ ငွေဆောင်နယ်မြေရဲစခန်းက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မူမူ(ပြန်/ဆက်)**

## ရေကြည်မြို့နယ် ပုသိမ် - မုံရွာကားလမ်း၌ ဆိုင်ကယ်တိမ်းမှောက်ကာ သေဆုံးမှုဖြစ်

**ရေကြည် အောက်တိုဘာ ၁၀**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ခိုတောင်ကျေးရွာ ပုသိမ် - မုံရွာ ကားလမ်းပေါ်တွင် ဆိုင်ကယ်အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ကာ ဆိုင်ကယ်မောင်းသူသေဆုံးခဲ့ကြောင်း သိရသည်။

### အမှုဖွင့်အရေးယူ

ဖြစ်စဉ်မှာ အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီခွဲက ငါးသိုင်းချောင်းမှ ရေကြည်သို့ ဟန်အေး ဗထူးရပ်ကွက် (၄) လမ်း ရေကြည်မြို့နေသူမောင်းနှင်လာသော ဆိုင်ကယ်မှာ ခိုတောင်ကျေးရွာထိပ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်(၂၂/၁) အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲလဲကျပြီး ဒဏ်ရာများရရှိသွားသဖြင့် ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံ တွင် ကုသမှုခံယူနေရာမှ အောက်တိုဘာ ၁၀ ရက်တွင် ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေကြည် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဆန်းတင့် (ရေကြည်)**

ဇီးကွက်
မျက်မှန်နှင့်ဆေးခန်း

သီတင်းကျွတ်အထူးပရိုမိုးရှင်း

မျက်စိဆရာဝန်နှင့် စမ်းသပ်ခအခမဲ့ (သယ်န်းကျွန်းဆိုင်ခွဲ)

ကိုင်းနဲ့မှန်အပြီးအစီး ၃၀၀၀၀ ကျပ်၊ ကြာချိန် မိနစ် (၂၀)

မျက်စိဆရာဝန်ထိုင်ချိန်

တနင်္လာ-သောကြာ (၁း၃၀ - ၄း၀၀) / စနေ-တနင်္ဂနွေ (၁၀း၀၀ - ၄း၀၀)

အသက် (၄၀) ကျော်ပါက မျက်စိပါဝါစစ်တိုင်း အတွင်းတိမ် ရေတိမ် ရှိမရှိကို နောက်ဆုံးပေါ် စက်များနှင့် အခမဲ့ စစ်ဆေးပေးသည်။

နေကာမျက်မှန်
Up to 20% OFF
နိုဝင်ဘာ (၁၂) အထိ

ဆိုင်ခွဲ-၁ (မြေနီကုန်း)၊ ဆိုင်ခွဲ-၂(လှည်းတန်း)၊ ဆိုင်ခွဲ-၃ (သယ်န်းကျွန်း) - ၃၃-လေးထောင့်ကန်လမ်းမ၊ AKK / သယ်န်းကျွန်းဈေးအရှေ့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ PH : 09-688077888

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။* ***(စာတည်းအဖွဲ့)***

# စီရင်ချက်နှင့် တရားစီရင်ရေးမဏ္ဍိုင်



**မောင်စာဂ**

ရာဇဝတ်မှုခင်းများတွင် တရားရုံးက စုံစမ်းခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်ပြီးနောက် တရားခံ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိသည့်အခါ ပြစ်ဒဏ်စီရင်သည့် အမိန့်ချမှတ်သည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားမတွေ့ရသည့်အခါ တရားသေလွှတ်သည့် အမိန့်ချမှတ်သည်။ ထိုသို့ အမိန့်ချမှတ်သည့်အခါ စီရင်ချက်ရေးရသည်။ စီရင်ချက်မည်သို့ရေး၍ မည်သို့ချမှတ်ရသနည်း။ မျှဝေပါရစေ။

## စီရင်ချက်ချမှတ်ပုံ

စီရင်ချက်ကို တရားသူကြီးရုံးတက်သည့်အခါ တရားခွင်၌ တရားခံ၏ရှေ့တွင် ချမှတ်ရမည်။ သို့ရာတွင် တရားခံကိုယ်တိုင် တရားရုံးသို့လာရောက်ခြင်းမပြုဘဲ နေနိုင်ကြောင်း တရားရုံးက ခွင့်ပြုထားသည့်အပြင် အမှုမှာ တရားခံကို တရားသေလွှတ်ရန်သော်လည်းကောင်း၊ ဒဏ်ငွေသက်သက်သာ ချမှတ်ရန်သော်လည်းကောင်းဖြစ်လျှင် တရားခံ၏ရှေ့နေရှေ့တွင် စီရင်ချက် ချမှတ်နိုင်သည်။

## စီရင်ချက်ချမှတ်ရချိန်

အမှုကိုစစ်ဆေး၍ ဆုံးခန်းတိုင်ရောက်ပြီးသည်နှင့် စီရင်ချက်ကို ချက်ချင်းချမှတ်နိုင်သည်။ သို့မဟုတ် အမှုသည်နှင့် ရှေ့နေများကို မည်သည့်နေ့ရက်တွင် စီရင်ချက်ချမှတ်မည်ဟူ၍ ကြိုတင်ချိန်းဆိုထားသော နေ့ရက်တွင် စီရင်ချက်ကို ချမှတ်နိုင်သည်။

## စီရင်ချက်ချမှတ်နည်း

တရားသူကြီးသည် စီရင်ချက်၏ အဓိကအချက်အလက်များကို ရုံးသုံးဘာသာစကားဖြင့် ရှင်းလင်းပြောပြ၍ စီရင်ချက်ချမှတ်ရမည်။ သို့ရာတွင် တရားလိုဘက်မှဖြစ်စေ၊ တရားခံဘက်မှဖြစ်စေ စီရင်ချက်တစ်ခုလုံးကို ဖတ်ပြရန် လျှောက်ထားလျှင် စီရင်ချက်တစ်ခုလုံးကို ဖတ်ပြရမည်။

## စီရင်ချက်ရေးသားနည်း

စီရင်ချက်ကို တရားသူကြီးသည် ကိုယ်တိုင်ရေးသားရသည်။ သို့မဟုတ် နှုတ်တိုက်ပြောဆိုပြီးလည်း ရေးနိုင်သည်။ ရေးသားပြီးသော သို့မဟုတ် လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ကွန်ပျူတာဖြင့်ဖြစ်စေ စာစီပြီးသောစီရင်ချက်၏ စာမျက်နှာတိုင်းတွင် တရားသူကြီးက လက်မှတ်ရေးထိုးရသည်။

## စီရင်ချက်ပါအချက်များ

စီရင်ချက်တွင် ရှေးဦးစွာ အမှု၏အကြောင်းအရာ အကျဉ်းချုပ် ဖော်ပြရသည်။ အမှုအကြောင်းအရာ အကျဉ်းချုပ်ဟုဆိုရာတွင် အမှုဖြစ်စဉ်အရ ဖြစ်ပွားရာနေရာ၊ ဖြစ်ပွားသည့်နေရက်နှင့်အချိန်၊ အမှုဖြစ်ပွားပုံ၊ ကျူးလွန်သည့်အကြောင်းအချက်၊ ကျူးလွန်သူနှင့် ကျူးလွန်ခံရသူများကိုဖော်ပြကာ အမှုဖြစ်စဉ်တစ်ခုလုံးကို မြင်သာအောင် အကျဉ်းချုပ်၍ ရေးသားဖော်ပြခြင်းဖြစ်သည်။

ဒုတိယအချက်အနေဖြင့် သက်သေ၏ ထွက်ဆိုချက်နှင့် ယင်းထွက်ဆိုချက်အပေါ် ဆန်းစစ်သုံးသပ်သည့် အချက်အလက်၊ ယင်းသုံးသပ်သည့် အချက်အလက်အပေါ် ဆုံးဖြတ်ချက်၊ ယင်းဆုံးဖြတ်ချက်အပေါ် အဘယ်ကြောင့် ဆုံးဖြတ်ချက်ချရသည့်အကြောင်းပြချက်များကို ဖော်ပြရသည်။

တတိယအချက်အနေဖြင့် အကယ်၍ တရားခံအား ပြစ်ဒဏ်ချမှတ်လျှင် နှစ်ဖက်သက်သေ အထောက်အထားများကိုချိန်ဆ၍ တွေ့ရှိချက်အပေါ်သုံးသပ်ပြီး မည်သည့်ဥပဒေ၊ မည်သည့်ပုဒ်မအရ အပြစ်ပေးသည်၊ ပြစ်ဒဏ်မည်မျှချမှတ်သည်ကို ဖော်ပြရသည်။ အကယ်၍ တရားခံပြစ်မှုကျူးလွန်ကြောင်း မတွေ့ရှိရ၍ အမှုမှ တရားသေလွှတ်ကြောင်း အမိန့်ချမှတ်လျှင် တရားခံ ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်များကိုဖော်ပြပြီး အမိန့်ချမှတ်ရသည်။ တရားခံအချုပ်ဖြင့်ရှိနေလျှင် တရားခံကိုအချုပ်မှလွှတ်ရမည်ဖြစ်ကြောင်း ဖော်ပြရသည်။

> “မည်သူ့မျက်နှာကိုမျှမကြည့်၊ ကျောသားရင်သားမခွဲခြား၊ ဆင်းရဲသူ ချမ်းသာသူ၊ အာဏာရှိသူ အာဏာမဲ့သူ၊ ရာထူးကြီးသူ ရာထူးငယ်သူ၊ အင်အားကြီးသူ အင်အားငယ်သူ မည်သည့်ဘက်ကိုမျှမလိုက် စိုးရိမ်သောက ပူပင်ကြောင့်ကြမှုကင်းပြီး သတ္တိရှိရှိ တရားအမှန်ကို အမှန်အတိုင်း ...”

စတုတ္ထအချက်အနေဖြင့် တရားခံကို အပြစ်ပေးခြင်းမှာ ရာဇသတ်ကြီးပုဒ်မအရ ဖြစ်သည့်အခါ ထိုအပြစ်ပေးသောပုဒ်မသည် အပိုင်းနှစ်ပိုင်းရှိလျှင် မည်သည့်အပိုင်းအရ အပြစ်ပေးကြောင်းကို တိကျစွာဖော်ပြရသည်။

ဥပမာ - ရာဇသတ်ကြီးပုဒ်မ ၄၅၄ ၏ ပထမပိုင်းမှာ ထောင်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကို ကျူးလွန်ရန် ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှုဖြစ်၍ ဒုတိယပိုင်းမှာ ထိုသို့ ကျူးလွန်ရန်ကြံရွယ်သည့် ပြစ်မှုသည် ခိုးမှုဖြစ်သည်။ ထို့ကြောင့် အပြစ်ပေးရာတွင် ရာဇသတ်ကြီး ပုဒ်မ ၄၅၄ ဟုသာ မဖော်ပြဘဲ ကျူးလွန်သောပြစ်မှုအရ ပုဒ်မ ၄၅၄ (၁) သို့မဟုတ် ၄၅၄ (၂) ဟု ဖော်ပြရမည်။

ယခုဖော်ပြချက်မှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၆၊ ၃၆၇ နှင့် တရားရုံးများလက်စွဲအပိုဒ် ၆၅၃၊ ၆၅၄၊ ၆၅၅ တို့ပါ ဖော်ပြချက်များအရ ကောက်နုတ်တင်ပြခြင်းဖြစ်သည်။

## တရားရုံးများညွှန်ကြားလွှာ

တရားရုံးချုပ်၏ ၂၀-၁-၁၉၅၆ ရက်စွဲပါ တရားရုံးများညွှန်ကြားလွှာအမှတ် ၄/၅၆ တွင် " အချို့သော ရာဇဝတ်တရားသူကြီးများသည် စီရင်ချက်ကို ရှေးဦးစွာရေးမှတ်ထားခြင်းမပြုဘဲ နှုတ်ဖြင့်သာ ချမှတ်လေ့ရှိကြောင်း၊ အထူးသဖြင့် တရားခံများက ၎င်းတို့ကျူးလွန်သောပြစ်မှုများကို ဖြောင့်ဆိုဝန်ခံသည့် အမှုများ၌ နှုတ်ဖြင့်သာ ပြစ်ဒဏ်များ စီရင်သတ်မှတ်ကြပြီး စီရင်ချက်များကို နောက်မှရေးလေ့ရှိကြောင်းကို ဤတရားလွှတ်တော်မှ တရားသူကြီးများ ဝမ်းနည်းစွာဖြင့် သိရှိကြရသည်။ ထိုသို့ပြုမူခြင်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၇ (၁) နှင့် ရုံးလက်စွဲအပိုဒ် ၆၇၆ တွင်ပြဋ္ဌာန်းထားသော ညွှန်ကြားချက်များနှင့် တိုက်ရိုက်ဆန့်ကျင်လေသည်။

ထို့ကြောင့် ရာဇဝတ် တရားသူကြီးအားလုံးတို့သည် ဤညဉ်ဆိုးကို (ရှိခဲ့ကြလျှင်) လုံးဝစွန့်ပစ်ကြရန်လိုအပ်ကြောင်း အထူးသတိပြုကြစေလိုသည်" ဟူ၍ ညွှန်ကြားထားသည်။

## ပြည်သူ့တရားသူကြီးအဖွဲ့ညွှန်ကြားချက်

ပြည်သူ့တရားသူကြီးအဖွဲ့သည် ၂၁-၁၂-၁၉၇၇ ရက်စွဲဖြင့် ညွှန်ကြားချက်အမှတ် ၁၅ ကို ထုတ်ပြန်ခဲ့သည်။ ယင်းညွှန်ကြားချက်တွင် ပြစ်မှုဆိုင်ရာမူလမှုများ၊ အယူခံမှုများနှင့် ပြင်ဆင်မှုများ တွင် စီရင်ချက်နှင့်အမိန့်များရေးသားရာ၌ လိုက်နာရန် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။ ယင်းလုပ်ထုံးလုပ်နည်း၏ နိဒါန်းပိုင်းတွင် တရားစီရင်ရေးအဖွဲ့များသည် စီရင်ချက်ကို ပြည့်စုံစွာ မရေးသဖြင့်-

(က) ကာလယက်ရှင်များဖြစ်ကြသည့် တရားလိုတရားခံများအနေဖြင့် မည်သည့်အကြောင်းကြောင့် အမှုရှုံးသည် နိုင်သည်ကို သဘောပေါက်နားလည်ရန် မဖြစ်နိုင်ခြင်း၊

(ခ) ပြည်သူများအနေဖြင့် တရားရုံးက အမှန်တရားကို စီရင်ကြောင်း ထင်ရှားစွာမတွေ့ရှိနိုင်ခြင်း၊

(ဂ) အယူခံရုံးများအနေဖြင့် အောက်အဆင့်တွင်ရှိသည့်ရုံးများက မည်သည့်အကြောင်းကြောင့် အရှုံးအနိုင်ဆုံးဖြတ်သည်ကို မသိရှိနိုင်၍ ယင်းတို့၏ ချို့ယွင်းချက်များကို ပြန်လည်လမ်းညွှန်ပေးရန် မဖြစ်နိုင်ခြင်း စသည့် အားနည်းချက်များကို တွေ့ရသောကြောင့် စီရင်ချက်များတွင် မည်သည့်အကြောင်းကြောင့် အရှုံးအနိုင်ဆုံးဖြတ်သည်ကို စုံလင်စွာရေးသားဖော်ပြသင့်သည့်အပြင် မည်သည့်ဥပဒေများအရ ဆုံးဖြတ်ခြင်းပြုသည်ကိုလည်း ပြည့်စုံစွာရေးသားဖော်ပြသင့်ကြောင်း လမ်းညွှန်ထားသည်။

## ပြည့်စုံမှန်ကန်ခိုင်မာသော စီရင်ချက်ဖြစ်စေဖို့

စီရင်ချက်များ ပြည့်စုံမှန်ကန်ခိုင်မာနေဖို့ဆိုလျှင် အမှုတွဲတွင်ပေါ်ပေါက်သော သက်သေခံချက်များအပေါ်တွင်သာ ရှုမြင်ဆင်ခြင်သုံးသပ် ဆုံးဖြတ်ရမည်။ အမှုတွဲသက်သေခံချက်များတွင် မပါရှိသော တရားရုံးပြင်ပပြောဆိုချက်များကို ထည့်သွင်းမစဉ်းစားရ။ အမှုတွဲသက်သေခံချက်များတွင် နှုတ်သက်သေခံချက်ရှိမည်။ စာရွက်စာတမ်းသက်သေခံချက် အထောက်အထားများရှိမည်။ သက်သေက မည်သို့ထွက်ဆိုသနည်း။ သက်သေခံအချက် အထောက်အထားများအဖြစ် ဘာတွေ တင်ပြထားသနည်း။ ထောက်ခံသည့်သက်သေခံချက်များ ရှိ-မရှိ စိတ်ချယုံကြည်ရခြင်း ရှိ-မရှိ ဆန်းစစ်ရမည်။ သက်သေ၏ ထွက်ဆိုချက်များအပေါ် အရှိကိုအရှိတိုင်း သုံးသပ်ရမည်။ သက်သေ၏ ထွက်ဆိုချက်အတိုင်း ဖြစ်စေရမည်။ မိမိအလိုရှိရာသို့ ဆွဲယူသုံးသပ်ခြင်းမျိုးမပြုရ။ ဆန္ဒဂတိ၊ ဒေါသဂတိ၊ ဘယာဂတိ၊ မောဟဂတိ စသည့်အဂတိတရားလေးပါး ကင်းစင်လျှင် အရှိကိုအရှိတိုင်း၊ အမှန်ကို အမှန်တိုင်း ရှုမြင်ဆင်ခြင် သုံးသပ်နိုင်ကြမည်ဖြစ်သည်။

ဤတွင် တရားစောင့်နတ်သမီး၏ပုံရိပ်သွင်ကို မြင်ယောင်မိသည်။ မျက်စိကို အဝတ်စည်းထားသည်။ လက်တစ်ဖက်က ချိန်ခွင်ကိုကိုင်၍ လက်တစ်ဖက်က ဓားရှည်ကိုကိုင်ထားသည်။ မည်သူ့ မျက်နှာကိုမျှမကြည့်၊ ကျောသားရင်သားမခွဲခြား၊ ဆင်းရဲသူချမ်းသာသူ၊ အာဏာရှိသူအာဏာမဲ့သူ ၊ ရာထူးကြီးသူရာထူးငယ်သူ၊ အင်အားကြီးသူ အင်အားငယ်သူ မည်သည့်ဘက်ကိုမျှမလိုက် စိုးရိမ်သောက ပူပင်ကြောင့်ကြမှုကင်းပြီး သတ္တိရှိရှိ တရားအမှန်ကိုအမှန်အတိုင်း ဖြောင့်မတ်မှန်ကန်တည့်မတ်စွာ သုံးသပ်ဆုံးဖြတ်စီရင်ချက်ချမှတ်ကြဖို့ ညွှန်ပြပုံဖော်ထားသည်။ ဤသည်ကို အမြဲနှလုံးသွင်းထားလျှင် ဆင်ခြင်မှုစွမ်းအား မြင့်မားနေမည်။ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များ တရားမျှတ မှန်ကန်နေမည်။ ပြည့်စုံ မှန်ကန်၊ ခိုင်မာသော စီရင်ချက်များဖြစ်နေမည်။

## စီရင်ချက်သည် တရားစီရင်ရေး၏ ပင်မကျောရိုးဖြစ်သည်သာ

စီရင်ချက်သည် မှုခင်းတစ်ခု စုံစမ်းစစ်ဆေးပြီးမြောက်ခြင်း၏ အဖြေဖြစ်သည်။ တရားစီရင်ရေးမဏ္ဍိုင်၏ ပြယုဂ်ဖြစ်သည်။ စီရင်ချက်မမှန်၊ စီရင်ချက်မခိုင်လျှင် တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်နေမည်။ စီရင်ချက်မှန်လျှင်၊ စီရင်ချက်ခိုင်လျှင် တရားစီရင်ရေးမဏ္ဍိုင် မယိမ်းမယိုင် တည့်မတ် ကြံ့ခိုင်နေမည်။ ထို့ကြောင့်စီရင်ချက်သည် တရားစီရင်ရေးယန္တရား၏ ပင်မကျောရိုးဖြစ်သည်။

စီရင်ချက်တိုင်းသည် ပြည့်စုံမှန်ကန်နေရမည်။ တရားမျှတမှုရှိနေရမည်။ ဥပဒေနှင့်အညီ ဖြစ်နေရမည်။ ပြည့်စုံမှန်ကန် မျှတမှုမရှိ၊ ဥပဒေနှင့်အညီမဟုတ်သော စီရင်ချက်တစ်ခုတည်းကြောင့် တရားစီရင်ရေးမဏ္ဍိုင်ကြီးတစ်ခုလုံးကို တိမ်းစောင်းယိမ်းယိုင်သွားစေနိုင်သည်ကို အစဉ်သတိချပ်နေကြသင့်သည်။ တရားစီရင်ရေးမဏ္ဍိုင် မယိမ်းမယိုင် တည့်မတ်ကြံ့ခိုင်နေစေဖို့ တရားစီရင်ရေး၏ ပင်မကျောရိုးဖြစ်သော စီရင်ချက်များ ထာဝရပြည့်စုံမှန်ကန် ခိုင်မာနေကြရမည်ဖြစ်ကြောင်းပါဗျာ။

- **သက်သေထွက်ချက်များအပေါ် အစွဲကင်းစွာ ရှုမြင်ဆင်ခြင် သုံးသပ်ဆုံးဖြတ်နိုင်ကြပါစေ၊**
- **စီရင်ချက်များပြည့်စုံမှန်ကန်ခိုင်မာနေပါစေ၊**
- **တရားစီရင်ရေးမဏ္ဍိုင် မယိမ်းမယိုင် တည့်မတ်ကြံ့ခိုင်နေပါစေ။**

# အသေးစားငွေရေးကြေးရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အသေးစားငွေရေးကြေးရေးဥပဒေကြမ်း**
**(၂၀၁၉ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-------)**
**(၁၃၈၁ ခုနှစ်၊ လ၊ ရက်)**
**(၂၀၁၉ ခုနှစ်၊ လ၊ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသေးစားငွေရေးကြေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသေးစားငွေရေးကြေးရေးလုပ်ငန်း** ဆိုသည်မှာ အသင်းဝင်များအား အသေးစားချေးငွေနှင့် အသေးစားစီးပွားရေးလုပ်ငန်းချေးငွေ ထုတ်ချေးခြင်း၊ ယင်းတို့ထံမှ စုဆောင်းငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း၊ အာမခံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊ ဒစ်ဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ရယူဆောင်ရွက်ခြင်း(Digital Financial Services)နှင့် အခြားအသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။

(ခ) **အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ မတည်ငွေ၊ ချေးငွေနှင့် ထောက်ပံ့ငွေများထည့်ဝင်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်သည့် ပြည်တွင်း သို့မဟုတ် ပြည်ပကုမ္ပဏီများနှင့် အစုစပ်ကုမ္ပဏီများကို ဆိုသည်။

(ဂ) **အသေးစားချေးငွေ** ဆိုသည်မှာ အာမခံပစ္စည်း(Collateral) ရယူခြင်းမပြုဘဲ အသင်းဝင်များသို့ ထုတ်ချေးသည့်ငွေကိုဆိုသည်။

(ဃ) **အသေးစားစီးပွားရေးလုပ်ငန်းချေးငွေ(Micro-business Loan)** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (Micro,Small and Medium Enterprises)သို့ အာမခံပစ္စည်းရယူ၍ဖြစ်စေ၊ ရယူခြင်းမပြုဘဲဖြစ်စေ ထုတ်ချေးသည့်ငွေကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) ကြီးကြပ်မှုကော်မတီဆိုသည်မှာ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနက ဤဥပဒေအရဖွဲ့စည်းသော အသေးစားငွေရေးကြေးရေး ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဆ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီက ဤဥပဒေအရ ဖွဲ့စည်းထားသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဇ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနကို ဆိုသည်။

(ဈ) **ဒါရိုက်တာအဖွဲ့ဝင်** ဆိုသည်မှာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် အတူတကွလုပ်ကိုင်ဆောင်ရွက်ကြသော ကုမ္ပဏီ၏ ဒါရိုက်တာများကို ဆိုသည်။ ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါဒါရိုက်တာအဖွဲ့ဝင်ဆိုသည်မှာ ထိုဒါရိုက်တာတစ်ဦးကို ဆိုသည်။

(ည) **စီမံခန့်ခွဲမှုကော်မတီ** ဆိုသည်မှာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှုအဖွဲ့ကို ဆိုသည်။

(ဋ) **စုဆောင်းငွေ** ဆိုသည်မှာ တောင်းခံလျှင်ဖြစ်စေ၊ အခြားအခြေအနေတစ်ရပ်ရပ်တွင်ဖြစ်စေ ပြန်လည်ပေးရန်တာဝန်ရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ အသင်းဝင်များက စုဆောင်းထားသည့်ငွေကို ဆိုသည်။

(ဌ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရထုတ်ပေးသော အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ဆိုသည်။

(ဍ) **အသင်းဝင်** ဆိုသည်မှာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်သည့် နယ်မြေအတွင်းနေထိုင်ပြီး ယင်းအဖွဲ့အစည်းထံမှ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုရယူသုံးစွဲသူကို ဆိုသည်။

(ဎ) **မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးအသင်း** ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ထုတ်ပေးထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများပါဝင်၍ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ လွှတ်လပ်စွာဖွဲ့စည်းထားသည့် အသင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသင်းဝင်များ၏ လူမှုရေး၊ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး အခြေအနေများ တိုးတက်ကောင်းမွန်စေရန်၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဂ) ချွေတာစုဆောင်းသည့် အလေ့အထ ပြုစုပျိုးထောင်ပေးရန်၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းအသစ်များ ပေါ်ထွက်လာစေရေးအတွက် အားပေးရန်၊

(င) အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖန်တီးပေးရန်နှင့် ချဲ့ထွင်ပေးရန်၊

(စ) အသင်းဝင်များအား စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပြင် အခြားဝင်ငွေရရှိနိုင်သော နည်းလမ်းများဖြင့် အကူအညီပေးရန်၊

(ဆ) အသင်းဝင်များအား ငွေကြေးအသိပညာပေးခြင်းဖြင့် ငွေကြေးဆိုင်ရာဆုံးရှုံးနိုင်မှုအန္တရာယ်များ (Financial Risks) မှ အကာအကွယ်ပေးရန်၊

(ဇ) ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေး (Financial Inclusion)ကို အထောက်အကူပြုရန်။

## အခန်း (၃)
## ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည်-

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သင့်လျော်သည့်အဖွဲ့ဝင်များပါဝင်သော ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါကဒုတိယ ဥက္ကဋ္ဌကို သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ယင်းကြီးကြပ်မှုကော်မတီတွင် အသေးစားငွေရေးကြေးရေး လုပ်ငန်းကျွမ်းကျင်ပညာရှင်နှစ်ဦးအား အဖွဲ့ဝင်အဖြစ် ခန့်အပ်ရမည်။

(ဃ) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၅။ ဝန်ကြီးဌာနသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းကျွမ်းကျင်ပညာရှင်၏ အရည်အချင်းနှင့်စံနှုန်းများ သတ်မှတ်ခြင်း၊ ခန့်အပ်ခြင်းနှင့်သက်တမ်းကိုသတ်မှတ်ခြင်း၊ သက်တမ်းပြီးမြောက်၍ဖြစ်စေ၊ ရပ်ဆိုင်းခံရ၍ဖြစ်စေ၊ ထုတ်ပယ်ခံရ၍ဖြစ်စေ ယင်း၏နေရာတွင် အစားထိုးခန့်အပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆။ ဝန်ကြီးဌာနက ခန့်အပ်ထားသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇။ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့် သက်ဆိုင်သော မူဝါဒလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အသင်းဝင်များ လိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များ သတ်မှတ်ပြဋ္ဌာန်းခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအတွက် လိုင်စင်ခွင့်ပြုခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ လွှဲပြောင်းခွင့်ပြုခြင်းနှင့် အစုရှယ်ယာရောင်းချခွင့်ပြုခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအမျိုးအစားအလိုက် အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်းပမာဏနှင့် ထပ်မံတိုးမြှင့်သည့် မတည်ငွေရင်း ပမာဏသတ်မှတ်ခြင်း၊

(င) အသေးစား ငွေရေးကြေးရေးလုပ်ငန်းအား လုပ်ကိုင်ခွင့်ပြုထားသည့် ဝန်ဆောင်မှုများအပြင် အခြားအသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုအသစ်များ ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာမှုအပေါ် စိစစ်ခွင့်ပြုပေးခြင်း၊

(စ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ ချေးငွေအပေါ်ကောက်ခံရမည့် အတိုးနှုန်း၊ စုဆောင်းငွေအပေါ်ပေးအပ်ရမည့် အတိုးနှုန်း၊ အခြားဝန်ဆောင်ခနှင့် ဒဏ်ကြေးများသတ်မှတ်ခြင်း၊

(ဆ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား စိစစ်သုံးသပ်၍ ဝန်ကြီးဌာနသို့အစီရင်ခံတင်ပြခြင်း၊

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းက လိုက်နာစေရန်အတွက် လိုအပ်သည့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဈ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ဤဥပဒေပါ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်း၊ ရည်ရွယ်ချက်များကို အသုံးချပြီး အခြားအကျိုးအမြတ်ရရှိစေမည့် လုပ်ငန်းများ လုပ်ဆောင်ပါက အရေးယူဆောင်ရွက်ခြင်း၊

(ည) စည်းကမ်းလိုက်နာမှုမရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊

(ဋ) မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်ကောင်းမွန်စေရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၈။ ကြီးကြပ်မှုကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကြေးနှင့် ထပ်မံတိုးမြှင့်သည့် မတည်ငွေပမာဏအပေါ် ကောက်ခံသည့် လိုင်စင်ကြေးများ သတ်မှတ်ခြင်း၊

(ခ) ကြီးကြပ်မှုကော်မတီတွင် အဖွဲ့ဝင်အဖြစ်ဆောင်ရွက်မည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်း။

## အခန်း (၄)
## လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းကော်မတီများတွင် သက်ဆိုင်ရာစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သင့်လျော်သည့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဦးစီးဌာန၏ ရုံးတာဝန်ခံက အတွင်းရေးမှူးအဖြစ်ပါဝင်၍ ဖွဲ့စည်းရမည်။

၁၀။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်ရယူခြင်းမရှိဘဲ အသေးစားငွေရေးကြေးရေး လုပ်ငန်းဆောင်ရွက်နေမှုများအား စုံစမ်းဖော်ထုတ်အရေးယူခြင်းကို ဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေပါ ရည်ရွယ်ချက်များ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိ မရှိ စိစစ်ကြပ်မတ်ခြင်း၊

(ဃ) လိုင်စင်ခွင့်ပြုခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းအတွက် ကြီးကြပ်မှုကော်မတီသို့ ထောက်ခံချက်ပေးခြင်း၊

(င) အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြီးကြပ်မှုကော်မတီနှင့် တွေ့ဆုံဆွေးနွေးခြင်း၊

(စ) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏လုပ်ငန်းတာဝန်များ

၁၁။ **ဦးစီးဌာနသည်** အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လိုင်စင်လျှောက်လွှာများကို စိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်လုပ်ငန်းကော်မတီတို့၏ ထောက်ခံချက်ဖြင့် ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အား လွှဲပြောင်းခြင်း သို့မဟုတ် အစုရှယ်ယာရောင်းချခြင်း ပြုလုပ်ရန် လျှောက်ထားလာပါက စိစစ်၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ဂ) အခြားအသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းရန် လျှောက်ထားလာပါက စိစစ်၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ဃ) အသေးစားငွေရေးကြေးရေးလုပ်ငန်းအား လုပ်ကိုင်ခွင့်ပြုထားသည့် ဝန်ဆောင်မှုများအပြင် အခြားအသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုအသစ်များ ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာပါက စိစစ်၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(င) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွင် ထိန်းသိမ်းထားရှိရမည့် စာရင်းပုံစံများ၊ ဦးစီးဌာနသို့ပေးပို့ရမည့် အစီရင်ခံစာနှင့် စာရင်းပုံစံများကို သတ်မှတ်ခြင်း၊

(စ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း၊

(ဆ) လုပ်ငန်းပိတ်သိမ်းခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲခြင်း၊ လုပ်ငန်းနယ်မြေတိုးချဲ့ခြင်း၊ ရုံးခွဲများတည်ထောင်ခြင်း၊ ချေးငွေရယူခြင်း၊ မတည်ငွေရင်းတိုးမြှင့်ခြင်း၊ ထောက်ပံ့ငွေများရယူခြင်း၊ အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ ငှားရမ်းခြင်းများအား စိစစ်ခွင့်ပြုခြင်း။

(ဇ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြီးကြပ်မှုကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) လုပ်ငန်းဆောင်ရွက်မှု ရပ်ဆိုင်းခြင်း၊ အသင်းဝင်များ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် အခြေအနေဖြစ်ပေါ်ခြင်း၊ ငွေကြေးကဏ္ဍတည်ငြိမ်မှုကို ထိခိုက်စေခြင်းစသည့် အခြေအနေများဖြစ်ပေါ်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လိုင်စင်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတို့ကို ကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ည) လိုအပ်သောလုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို ကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက်ရယူ၍ ထုတ်ပြန်ခြင်း၊

(ဋ) ကြီးကြပ်မှုကော်မတီက စီမံခန့်ခွဲမှုနည်းလမ်းအရ ဒဏ်ကြေးပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းထံမှ ဒဏ်ကြေးများ ကောက်ခံခြင်း၊

(ဌ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ကြော်ငြာတွင်လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက်ဖြင့် မှားယွင်းစွာ ကြော်ငြာခြင်းကိုသိရှိပါက ယင်းသို့ကြော်ငြာခြင်းကို ရပ်စဲစေခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း သို့မဟုတ် ရုပ်သိမ်းစေခြင်း၊

(ဍ) အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ (development partners) နှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဎ) ကြီးကြပ်မှုကော်မတီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

**ဆက်လက်ဖော်ပြပါမည်။**



# လမ်းပေါ်နေကလေးများစောင့်ရှောက်ရေးအစည်းအဝေး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၁၀**
လမ်းပေါ်နေကလေးများ ယာယီစောင့်ရှောက်ရေးအတွက် အစီအမံများရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ(၃)တွင် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါက်တာဒေါ်ကေသီကျော်က ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခု၏နေရာ ၁၂ ခုတို့ရှိလမ်းပေါ်နေကလေး ကျား ၁၆၄ ဦး၊မ ၅၅ ဦးတို့အားစစ်တမ်းကောက်ယူခဲ့ရာလမ်းပေါ် နေကလေးများအနေဖြင့် အတန်းပညာဆက်လက်သင်ယူလိုခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားလိုခြင်း၊ နေထိုင်ရန်အိမ်၊ မိဘနှင့် မိသားစုဝင်များ၏ ချစ်ချင်းမေတ္တာ၊ ငွေကြေး၊ အစားအစာနှင့် အဝတ်အထည် စသည်လိုအပ်ခြင်းများအပြင် အကာအကွယ်ပေးမှုနှင့် လုံခြုံမှုကောင်းသော အလုပ်အကိုင်ကောင်းများရရှိလိုခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများလိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းပေါ်နေကလေးများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး အရေးကြီးသည့် ပြဿနာဖြစ်သည့်အတွက် လိုအပ်သောဝန်ဆောင်မှုများပေးနိုင်ရန်နှင့် စောစီးစွာ ကြိုတင်ကာကွယ်မှုပေးပြီး နည်းလမ်းများချမှတ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ နည်းဥပဒေများအတိုင်းတိကျစွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအတွင်းရှိသက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

# ဆိပ်ဖြူ-ပခုက္ကူ ကားလမ်း ယောချောင်းတံတားသစ် (ကံတွင်း) ဖွင့်လှစ်

**ဆိပ်ဖြူ အောက်တိုဘာ ၁၀**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အရှေ့ကံတွင်းကျေးရွာတွင် ယနေ့ နံနက်ပိုင်းက ဆိပ်ဖြူ-ပခုက္ကူ ကားလမ်း ယောချောင်းတံတား (ကံတွင်း) တံတားဖွင့်ပွဲ ကျင်းပသည်။


တိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များပက်ဖျန်းခဲ့ကြပြီး တံတားသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ယောချောင်းတံတား(ကံတွင်း)တံတားသစ်ကိုဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူမှ ၂၀၁၇ ခုနှစ် ဇွန် ၅ ရက်မှစတင်၍ တည်ဆောက်ခဲ့သည်။

အောက်ခံအုတ်မြစ် အချင်း ၁ ဒသမ ၂ မီတာ ဘိုးပိုင်အမျိုးအစား၊ သံကူကွန်ကရစ်ကပ်ခုံနှစ်ခုပါ ရေလယ်တိုင်ရှစ်တိုင် ကိုယ်ထည်၊ ရက်မ ၁၀၀ PC Girder ကိုးခန်း၊ သံကူကွန်ကရစ်ကြမ်းခင်း ကိုးခန်းနှင့် Steel Pipe လက်ရန်းအမျိုးအစား၊ တံတားအရှည်ပေ ၉၀၀၊ တံတားအကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်းမောင်း၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေနှင့် လူသွားလမ်း နှစ်လမ်းပါရှိပြီး ခွင့်ပြုတန်ချိန် ကုန်+ယာဉ် တန် ၆၀ ဖြစ်သည်။

မြို့နယ်လမ်းဦးစီးဌာနက ယောချောင်းတံတား (ကံတွင်း) ဆိပ်ဖြူဘက်ကမ်းချဉ်းကပ်လမ်း နှစ်ဖာလုံ၊ ပခုက္ကူမြို့နယ်ဘက် ချဉ်းကပ်လမ်းသုံးမိုင်တို့ကို လမ်းတာပေါင် ၃၄ ပေ အကျယ်ဆောင်ရွက်ပေးထားသည့်အပြင် ယခင်လမ်းဟောင်းအန္တရာယ်အတက်၊ အဆင်းသုံးထပ်ကွေ့အား အများပြည်သူလမ်းအန္တရာယ်ကင်းဝေးစေရန် လမ်းဖြောင့်၍ ဖောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



# သီတင်းကျွတ်ကာလ ဌာနေပြန်ခရီးသည်များကြောင့် အဝေးပြေးယာဉ်လိုင်းများ လက်မှတ်ရောင်းအားကောင်း

**မူဆယ် အောက်တိုဘာ ၁၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် သီတင်းကျွတ် ဌာနေပြန်ခရီးသည်များ များပြားခြင်းကြောင့် မူဆယ်မြို့ သိန်းသန်းချီကားကြီးကွင်းရှိ အဝေးပြေးယာဉ်လိုင်းများမှ ယာဉ်လက်မှတ်များ ရောင်းအားကောင်းနေကြောင်း ယာဉ်ဂိတ်မှူးများ၏ ပြောကြားချက်အရ သိရသည်။

"သီတင်းကျွတ်ကာလမှာ ဌာနေပြန်ခရီးသည်တွေ တော်တော်များနေပါတယ်၊ ယာဉ်လက်မှတ်တွေကို ကြိုတင်ရောင်းတာတွေလည်းရှိတယ်၊ အရင်ရက်တွေက တစ်ရက်ကိုခရီးသည် ယာဉ်လိုင်းတစ်စီးပဲ ပုံမှန်ပြေးဆွဲတယ်၊ အခု ဌာနေပြန်ခရီးသည်တွေ များပြားနေတဲ့အတွက် ခရီးသည်များ အဆင်ပြေချောမွေ့စေရန် ယာဉ်လိုင်းများကိုတစ်ရက်နှစ်စီးနှုန်းနဲ့ ပြေးဆွဲပေးနေပါတယ်" ဟု မူဆယ်မြို့ အဝေးပြေးသိန်းသန်းချီကားကြီးကွင်းရှိ ဝင်းနားယာဉ်လိုင်းဂိတ်မှူးက ပြောကြားသည်။




မူဆယ်မြို့သည် မြန်မာနိုင်ငံဒေသအနှံ့မှ အလုပ်လုပ်ကိုင်ရန်လာရောက်သည့်အလုပ်သမား၊ တာဝန်ကျအစိုးရဝန်ထမ်းများနှင့် အလည်အပတ်လာရောက်သည့် ခရီးသည်များပေါင်းစုံသည့်မြို့ဖြစ်သည်။

**ဆလိုင်းဖန်ရိုးထန်(ပြန်/ဆက်)**

# ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ စကားဝိုင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၀**
ကမ္ဘာ့စိတ်ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် သေကြောင်းကြံမှုကာကွယ်ရေး စိတ်ကျန်းမာရေးမြှင့်တင်ပေး ( Mental. Health Promotion and Suicide Prevention ) အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပထမထပ်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ထိုအသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း၊ စိတ်ကျန်းမာရေးပညာအဖွဲ့တို့က ကြီးမှူးကျင်းပခြင်းဖြစ်သည်။ စကားဝိုင်းတွင် သေကြောင်းကြံမှုကာကွယ်ရေး စိတ်ကျန်းမာရေးမြှင့်တင်ပေး ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာတင်ဦး၊ ပါမောက္ခ ဆရာကြီးဒေါက်တာခင်မြင့်၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး ဒေါက်တာစိုးမင်း၊ ဒေါက်တာမေမိုးနွယ်နှင့် ကိုစိုးထိုက်(ဖဒို)တို့က ကျယ်ပြန့်စွာ ဆွေးနွေးကြသည်။

ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ရာတွင် စိတ်ကျဝေဒနာခံစားနေရသူများ၊ အရက်(သို့) မူးယစ်ဆေးဝါးသုံးစွဲနေသူများ၊ နာကျင်မှုနာတာရှည်ခံစားနေရသူများ၊ မတော်မတရားနှိပ်စက်ညှဉ်းပန်းခံရသူများနှင့် လူမှုအသိုက်အဝန်းနှင့် ကင်းကွာနေသူများတွင် အများဆုံးဖြစ်ပေါ်နေကြောင်း သိရသည်။

ယခုအခါတွင် ကမ္ဘာနှင့်တစ်ဝန်းနေရာများတွင် စက္ကန့် ၄၀ တိုင်း လူတစ်ယောက် ကိုယ့်ကိုယ်ကို အဆုံးစီရင်ပြီးသေဆုံးနေကြောင်း သိရသည်။

ယင်းအတွက် အဆုံးစီရင်ရန် စဉ်းစားလုပ်ဆောင်နေသူများ ကြားသိမြင်တွေ့လာလျှင် ကာယကံရှင်နှင့်တွေ့ဆုံကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုသည့်အကြောင်းကို ဆိတ်ငြိမ်ရာနေရာတစ်ခုခုတွင် ဆွေးနွေးရန်လိုကြောင်း၊ နားထောင်ရန်အသင့်ရှိဖို့လိုအပ်ကြောင်း၊ ဆရာဝန်စိတ်ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊ နှစ်သိမ့်ဆွေးနွေးပေးနိုင်သူ၊ ဆေးလူမှုဆက်ဆံရေးပညာရှင်တို့ထံ လိုက်လံပို့ဆောင်ပေးရန်လိုအပ်ကြောင်း၊ လတ်တလောအန္တရာယ်ရှိနေသည်ဟုယူဆလျှင် ကာယကံရှင်ကိုတစ်ယောက်တည်းမထားဘဲ စောင့်ရှောက်ပေးရန်လိုကြောင်း၊ မျက်ခြည်မပြတ် ဂရုစိုက်ရန်လိုကြောင်းနှင့် အနီးအနားတွင် ပိုးသတ်ဆေး၊လက်နက်များ၊ဆေးဝါးများအလွယ်တကူမထားရှိရန်လိုကြောင်း ပညာရှင်များက အဓိကဆွေးနွေးခဲ့ကြသည်။

**မြင့်မောင်**

## အသံချဲ့စက်ဖွင့်လှစ်ရာတွင် စည်းကမ်းမလိုက်နာပါက အရေးယူသွားမည်

**မော်လမြိုင် အောက်တိုဘာ ၁၀**
မွန်ပြည်နယ်တွင် အသံချဲ့စက်၊ ဆောင်းဘောက်များဖွင့်လှစ်မှုနှင့်ပတ်သက်၍ သတ်မှတ်စည်းကမ်းချက်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးက ပြောကြားသည်။

ယင်းအပြင် အများပြည်သူများအား အထိတ်တလန့်ဖြစ်စေခြင်းနှင့် စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သော မီးရှူးမီးပန်းများ၊ ဖြောက်အိုးနှင့် ရှူးဒိုင်းများ ရောင်းဝယ်ဖြန့်ဖြူးခြင်း၊ လယ်ဝယ်ထားရှိခြင်း၊ ပစ်ဖောက်ခြင်းတို့ကို တားမြစ်ထားသည့်အတွက် လိုက်နာမှုမရှိပါက ဥပဒေအရ ဆက်လက်အရေးယူသွားမည် ဖြစ်ကြောင်း ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးက ဆက်လက်ပြောကြားသည်။

**ကိုဟိန်း(ပေါင်)**

## တိုတိုထွာထွာဖတ်စရာ

### ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**မိုးကုတ်**
ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်အန္တရာယ်ကင်းရှင်းရေးကော်မတီနှင့် ပူးပေါင်းအဖွဲ့များသည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက မိုးကုတ်မြို့ လူစည်ကားရာနေရာများတွင် အသိပညာပေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြသည်။

ယာဉ်များသတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာမောင်းနှင်ခြင်း ရှိ-မရှိ၊ မော်တော်ယာဉ်နှင့် လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို လူစည်ကားရာနေရာများဖြစ်သော မြို့မရပ်ကွက်၊ ရှမ်းတောကျောင်းအနီး လမ်းဆုံနေရာနှင့် ကျောက်တိုင်ကွင်းလမ်းဆုံနေရာတို့တွင် ရှင်းလင်းဟောပြောခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဖြိုးမမ(မိုးကုတ်)**

### ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်

**ပုလဲ**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ပုလဲ-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် (၂၈/၆) တွင် ဖွင့်လှစ်ထားသော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြို့နယ်ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက် ည ၈ နာရီက မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အဖျက်အမှောင့်ပြုလုပ်လိုသူများ ဝင်ရောက်မှုမရှိစေရေး၊ မူးယစ်ဆေးဝါးများနှင့် တရားမဝင်သစ်များ သယ်ဆောင်မှုမရှိစေရေးနှင့် ဖမ်းဆီးရမိစေရေးအတွက် ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

### အိမ်တွင်းမှုအခြေခံပန်းကြယ်သီးထိုးသင်တန်းဖွင့်

**မိတ္ထီလာ**
မိတ္ထီလာခရိုင် အမျိုးသမီးရေးရာကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အိမ်တွင်းမှု အခြေခံပန်းကြယ်သီးထိုးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းသို့ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

### သစ်တောလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ပေးအပ်

**မိုးညှင်း**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်ပေးအပ်ပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက မိုးညှင်းမြို့နယ် အုတ်ကျင်းရပ်ကွက် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မိုးညှင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်နိုင်ထွန်းက ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်ရရှိသော အိမ်ထောင်စု ၂၈၉ စုအား တည်ထောင်ခွင့်ပြုဧရိယာဧက ၁၄၄၀ အား လုပ်ကိုင်ဆောင်ရွက်ခွင့်လက်မှတ်များထုတ်ပေးခဲ့သည်။

**နီတိုး**

### မှူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**
ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့မရဲစခန်းမှူး ဒု-ရဲမှူးညွန့်ဝင်း၊ ယာဉ်ထိန်းတပ်ဖွဲ့စု ၄၉မှ ရဲအုပ်အောင်သိန်းထွေးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီက လမ်းမတော်မြို့နယ် ခုတင် ၅၀၀ အထူးကုဆေးရုံကြီးရှေ့တွင် မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် မှူခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

### မှူခင်းအသိပညာပေးဟောပြောပွဲ ဗဟန်း၌ ကျင်းပ

**ရန်ကုန်**
ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း (၁)လမ်းရှိ ပအို့ဝ်ဓမ္မာရုံတွင် အောက်တိုဘာ ၈ ရက် ညနေ ၄ နာရီက မြို့နယ်အတွင်း ပြည်သူများအား မှူခင်းအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဦးသိန်းဝင်းက မြို့နယ်အတွင်းရှိပြည်သူများအား သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် မှူခင်းဖြစ်ရပ်များကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ရဲစိန်**

## ဘီးလင်းမြစ်ကြောင်းရှင်းလင်းရေး ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘီးလင်း အောက်တိုဘာ ၁၀**
ဘီးလင်းမြို့နယ်၌ ဘီးလင်းမြစ်ကြောင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



ဘီးလင်းမြစ်ကြောင်းရှင်းလင်းရေးကို တာဝန်ယူဆောင်ရွက်နေသည့် ကော့မူခုကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ စောနေဗလုက မြစ်ကြောင်းရှင်းလင်းထိန်းသိမ်းရေး၊ ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်ရေးအတွက် မြစ်ကြောင်းတိုင်းတာခြင်းကို ဘီးလင်းဘင်ဘန်းချောင်းမှ စတင်တိုင်းတာရာ ရွှေလှေကျောင်းရွာအထိ ၂၄ မိုင် တိုင်းတာဆောင်ရွက်ထားရှိပြီးကျန်ရှိနေသေးသည့် စစ်တောင်းမြစ်ဝအထိတိုင်းတာခြင်းလုပ်ငန်းကို ယခုလအတွင်းပြီးစီးရေးဆောင်ရွက်ရန် လျာထားသတ်မှတ်ထားကြောင်းနှင့် တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက မြစ်ကြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည့် မေးမြန်းချက်များကို ကုမ္ပဏီမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## မိုးထောင်ငရုတ်များ ယမန်နှစ်ထက် ဈေးနှစ်ဆကျော်မြင့်တက်

**မန္တလေး အောက်တိုဘာ ၁၀**
ယခုနှစ်ရာသီတွင် ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ တပ်ကုန်းနှင့် ကျောက်ဆည်မြို့နယ်တို့မှ ထွက်ရှိသည့် မိုးထောင် ငရုတ်များ ယမန်နှစ်ကာလတူ ပေါက်ဈေးထက် ဈေးနှစ်ဆကျော် မြင့်တက်လာကြောင်း မန္တလေးဈေးကွက်မှ သိရသည်။

အဆိုပါ ငရုတ်များမှာ ယမန်နှစ် ယခုလိုရာသီတွင် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်သာရှိခဲ့သော်လည်း ယခုနှစ်တွင် တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ ဝယ်လိုအားကောင်းစွာ ဈေးပေး ဝယ်ယူနေသောကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဈေးအထိ မြင့်တက်လာသည့်အပြင် သကြံန်ပြီးကာလမှစ၍ ငရုတ်အစိုများကိုလည်း အဆိုပါနိုင်ငံများမှ ဈေးကောင်းပေး၍ စတင်ဝယ်မှုများရှိလာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောကြားသည်။

''ဒီနှစ်တော့ ငရုတ်စိုက်တောင်သူတွေအတွက် ပျော်ရွှင်စရာကောင်းတဲ့ နှစ်တစ်နှစ်လို့ ပြောရမှာပဲ။ ခါတုကင်းစင်တဲ့ မြန်မာ့ငရုတ်ကို တရုတ်နဲ့ ထိုင်းက ဝယ်လိုအားကောင်းလာတဲ့အတွက် ဈေးနှုန်းတွေကလည်း မနှစ်ကထက် နှစ်ဆကျော် မြင့်တက်လာတယ်။ ဒါ့အပြင် ဒီနှစ်ရဲ့ ထူးခြားချက်အနေနဲ့ တရုတ်နဲ့ ထိုင်းကတစ်ခါမှ မဝယ်ဖူးတဲ့ ငရုတ်အမှည့်အစိုတွေကိုလည်းတစ်ပိဿာကို ငွေကျပ် ၆၀၀၀ အထိ ဈေးကောင်းပေးပြီးဝယ်ယူမှုတွေရှိလာတယ်။ လက်ရှိအခြေအနေမှာ ပြည်တွင်းလုပ်ငန်းရှင်တွေကလည်း ငရုတ်ခြောက်အတွက် ခေတ်မီ ထုပ်ပိုးစနစ်တွေ၊ အခြောက်ခံစက်တွေအပြင် ငရုတ်အစိုအတွက်လည်း အအေးခန်းတွေကို တည်ဆောက်လာကြတယ်'' ဟု ၎င်းက ပြောသည်။

လက်ရှိ မန္တလေးဈေးကွက်တွင် မိုးထောင်ငရုတ်အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ငရုတ်အပွ(အမည်း) တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ငရုတ်ပွ(ထိပ်စ)တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း ရောင်းချနေရပြီး လက်ရှိအချိန်တွင် ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များ၌ ငရုတ်လှိုင်လှိုင် ထွက်ရှိနေသည့်အတွက် ငရုတ်စိုက် တောင်သူများသာမက ဒေသခံများပါ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ပိတ်ဆို့ရှာဖွေမှုများဆောင်ရွက်

**ကြို့ပင်ကောက် အောက်တိုဘာ ၁၀**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် သီတင်းကျွတ်ကာလ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ညပိုင်းပိတ်ဆို့ရှာဖွေမှုများကို မြို့နယ်ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများဖြင့် ပူးပေါင်း၍ ညပိုင်းပိတ်ဆို့ရှာဖွေမှုများကို အောက်တိုဘာ ၉ ရက် ညနေ ၅ နာရီမှ ၉ နာရီအထိ ရန်ကုန်-ပြည်ကားလမ်း ရွှေကျွန်းတောခတ်ဆီဆိုင်ရှေ့တွင် Spot check သတ်မှတ်၍ဆောင်ရွက်ခဲ့သည်။

အဆိုပါ ညပိုင်းပိတ်ဆို့ရှာဖွေမှုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်ဦးဆောင်၍ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေး၊ လူကုန်ကူးမှုပပျောက်ရေးအတွက် ဖြတ်သန်းသွားလာသော ခရီးသည်တင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ဥပဒေနှင့် မလွတ်ကင်းသည့်ပစ္စည်းများ၊ လူကိုအန္တရာယ်ဖြစ်စေသော တုတ်၊ ဓား လက်နက်များအား ပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ခွာနာလျှာနာကာကွယ်ဆေးများ ထိုးနှံ

**ပွင့်ဖြူ အောက်တိုဘာ ၁၀**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ကျွဲ၊ နွားတိရစ္ဆာန်များတွင် ခွာနာလျှာနာရောဂါကင်းဝေးစေရန် အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပွင့်ဖြူမြို့နယ် လယ်လှကုန်းကျေးရွာရှိ ကျွဲ၊ နွားတိရစ္ဆာန်များအား ခွာနာလျှာနာရောဂါကင်းဝေးရေး ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန့်ဇော်ထွေးနှင့် ဝန်ထမ်းများက ကျေးရွာရှိကျွဲ၊ နွားကောင်ရေ ၂၄၆ ကောင်အား ခွာနာလျှာနာရောဂါကာကွယ်ဆေးများ လိုက်လံထိုးနှံပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် လယ်လှကုန်းကျေးရွာအပါအဝင် ကျေးရွာပေါင်း ၃၆ ရွာအား ကွင်းဆင်းပြီး ကျွဲ၊ နွားကောင်ရေစုစုပေါင်း ၃၅၈၂ ကောင်အား ခွာနာလျှာနာရောဂါကာကွယ်ဆေးများထိုးနှံပြီးဖြစ်ပြီး ကျန်ရှိသည့် ကျေးရွာများမှ ကျွဲ၊ နွားများကိုလည်း ခွာနာလျှာနာရောဂါ ကင်းဝေးစေရန် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## ကျောက်မျက်တူးဖော်ခွင့်လုပ်ငန်းပြန်လည်ခွင့်ပြုချိန် ကုမ္ပဏီ ငါးခုသာ တူးဖော်ခွင့်လျှောက်ထား



**ဖားကန့် အောက်တိုဘာ ၁၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အတွင်း မိုးတွင်းကာလ ကျောက်မျက် တူးဖော်ခွင့် သုံးလပိတ်ထားရာမှ အောက်တိုဘာလမှစ၍ တူးဖော်ခွင့် ပြန်လည်ခွင့်ပြုချိန်တွင် လာရောက် လျှောက်ထားသည့် ကုမ္ပဏီအရေ အတွက်မှာ ငါးခုသာရှိသေးကြောင်း ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးဒါရှီလဆိုင်းထံမှ သိရ သည်။

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အတွင်းရှိ ကျောက်မျက်တူးဖော်ရေး လုပ်ငန်းများတွင် မိုးတွင်းကာလ မြေစာပုံပြိုကျမှုများ မကြာခဏဖြစ် ပေါ်နေခြင်းကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များအန္တရာယ် မဖြစ်စေရန် ကျောက်မျက်တူးဖော်ခွင့် သုံးလရပ်နားထားရာမှ အောက်တို ဘာလတွင် လုပ်ငန်းများ ပြန်လည်ချ ထားပေးရာ၌ နိုင်ငံတော်နှင့်အကျိုးတူ လုပ်ကိုင်ခွင့်သက်တမ်းကျန်ရှိသည့် လုပ်ကွက် ၆၀ မှ လုပ်ကွက်ငါးကွက် သာလျှင် ဆက်လက်လုပ်ဆောင်ရန် သက်ဆိုင်ရာသို့ သတင်းပို့ထားပြီး ပုဂ္ဂလိကကုမ္ပဏီများမှ လုပ်ကွက် ၈၀၀ ကျော်တွင် ဆက်လက်လုပ်ကိုင် ရန် ဆက်သွယ်ခြင်းမရှိသေးကြောင်း ပြည်နယ်ဝန်ကြီးက ပြောကြားသည်။

ကချင်ပြည်နယ် ဖားကန့်ဒေသ အတွင်းရှိ ကျောက်မျက်လုပ်ကွက် များတွင် ယခင်ထုတ်ပြန်ထားသည့် ကျောက်မျက် ဥပဒေကြမ်းအရ လုပ်ကွက်တစ်ခုလျှင် မြေဧက ၃၀ အထိ လုပ်ကိုင်ခွင့်လက်မှတ်များထုတ် ပေးခဲ့သော်လည်း ယခုအခါဥပဒေသစ် အရ အလတ်စားလုပ်ကွက်များတွင် မြေအကျယ်ငါးဧကသာ ခွင့်ပြုပေး မည်ဖြစ်သဖြင့် ကုမ္ပဏီများမှာ စိတ်ပါ ဝင်စားမှုနည်းပါးနေခြင်းဖြစ်ကြောင်း၊ အလတ်စားကျောက်မျက်တူးဖော်မှု လုပ်ကွက်လုပ်ကိုင်နိုင်ရန် ဧက ၇၄၀၀၀ ကျော် သတ်မှတ်ထားပြီး လက်လုပ် လက်စားလုပ်ကွက်များကို မော် ၂၆ မော်တွင် ဧက ၂၇၇၀၀ ကျော် လုပ်ကိုင် ခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးထံမှ သိရသည်။

**ဝင်းနိုင်**
**(ကချင်မြေ)**

## ရေကျော်ပွဲဈေး ကျင်းပစဉ် YBS ၉၃ ခရီးသည်တင်ယာဉ်အား ယာယီလမ်းလွှဲမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

နှစ်စဉ်နှစ်တိုင်းကျင်းပလေ့ရှိသော သီတင်းကျွတ် ပွဲတော် ရေကျော်ပွဲဈေးကို အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ ကြီး၏ လမ်းပိုင်းအချို့ ပိတ်ဆို့လေ့ရှိသောကြောင့် ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်ရက်များ အတွင်း ပွဲဈေးကျင်းပချိန်တွင် လူထုမိတ်ဆွေ ပြည်သူ့အကျိုးပြုယာဉ်လိုင်း၏ YBS ၉၃ အပြန် ခရီးစဉ်အား ယာယီလမ်းလွှဲမှ သွားလာစေမည် ဖြစ်ကြောင်း လူထုမိတ်ဆွေ ပြည်သူ့အကျိုးပြု ယာဉ်လိုင်းမှ သိရသည်။

ယာယီလမ်းလွှဲမှာ ပန်းဆိုးတန်းမှတ်တိုင် (Ruby Mart)မှ ထွက်ခွာလာပြီးလျှင် ဗိုလ်အောင်ကျော် လမ်းသို့ ရောက်သောအခါ လက်ယာဘက်သို့ ချိုးကွေ့ပြီး ထိုမှတစ်ဆင့် မဟာဗန္ဓုလလမ်းသို့ ရောက်ရှိမည်ဖြစ်ပြီး လက်ဝဲဘက်သို့ ထပ်မံချိုးကွေ့ ကာ ၎င်းလမ်းအတိုင်း ဆက်လက်မောင်းနှင်မည် ဖြစ်ကြောင်း၊ ထို့နောက် အိုးရှင်းမှတ်တိုင်မှ ထွက်ခွာ လာပြီးလျှင် မဟာဗန္ဓုလတံတား၏ လက်ယာဘက် အောက် ချဉ်းကပ်လမ်းမှတစ်ဆင့် လက်ဝဲဘက်သို့ ချိုးကွေ့၍ သီတာဆိပ်မှတ်တိုင်သို့ ရောက်ရှိမည် ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် သီတာဆိပ်မှတ်တိုင်မှ အောက်ပုဇွန်တောင်လမ်းအတိုင်း ဆက်လက် ထွက်ခွာလာပြီး ပုဇွန်တောင်ဈေးမှတ်တိုင်သို့ ရောက်ရှိပါက မူလပုံမှန်လမ်းကြောင်းအတိုင်း ပြန်လည်မောင်းနှင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတွက်ကြောင့် ယာယီလမ်းလွှဲမှ သွားလာ ရစဉ်တွင် (၄၆) လမ်း (ဗိုလ်ချုပ်လမ်း) မှတ်တိုင်နှင့် လမ်း (၅၀) (ဗိုလ်ချုပ်လမ်း) မှတ်တိုင်တို့ကို ရောက်ရှိမည်မဟုတ်ဘဲ ဘိုကလေးဈေး၊ (၄၆) လမ်း (မဟာဗန္ဓုလ)၊ လမ်း (၅၀) (မဟာဗန္ဓုလ)၊ ဂန္ဓီ၊ အိုးရှင်း၊ သီတာဆိပ်နှင့် ညောင်တန်းမှတ်တိုင် တို့ကိုသာ ရောက်ရှိဖြတ်သန်းမည်ဖြစ်ကြောင်း လူထုမိတ်ဆွေ ပြည်သူ့အကျိုးပြုယာဉ်လိုင်းမှ သိရသည်။

**ပွင့်သစ္စာ**

## ရွာကောက်–အုန်းတောဂိတ် ရထားလမ်းပိုင်းပြုပြင်

**ပျဉ်းမနား အောက်တိုဘာ ၁၀**

နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ ရန်ကုန်–မန္တလေး မီးရထားလမ်း နှင့် ရန်ကုန်–မန္တလေးကားလမ်းဆုံရာ ရွာကောက်–အုန်းတောဂိတ် မီးရထားသံလမ်း ဂိတ် မိုင်တိုင်အမှတ် ၂၂၅/၂၃–၂၄ ကြားရှိ မီးရထားသံလမ်းကူး လမ်းပိုင်းအား မြန်မာ့မီးရထား၊ တိုင်းအမှတ်(၅) တောင်ငူက အောက်တိုဘာ ၉ ရက် နံနက်ပိုင်း မှစတင်ကာ မီးရထားလမ်းပိုင်းအား ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ရထားခရီးစဉ်များ ပုံမှန်ပြေးဆွဲလို့ရအောင် ဒွေးလမ်း (၂)လမ်းအစား လမ်းပိုင်းတစ်လမ်းကိုပိတ်ပြီး ကျန်လမ်းပိုင်းတစ်လမ်းမှ မီးရထားများကို ပုံမှန် အတိုင်း ပြေးဆွဲလျက်ရှိပါတယ်'' ဟု တိုင်းအမှတ် (၅)တောင်ငူမှ အင်ဂျင်နီယာ မှူး (မြို့ပြ) ဦးလင်းခိုင်ဌေးက ရှင်းပြသည်။

လမ်းပြုပြင်နေချိန်တွင် ရန်ကုန်ဘက်မှလာသော မော်တော်ယာဉ်၊ မော်တော် ဆိုင်ကယ်များကို ပါဠိကွေ့မီးပွိုင့်မှ ပန်းခင်းလမ်းဘက်သို့လည်းကောင်း၊ မန္တလေး ဘက်မှလာသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ရွာကောက်– အုန်းတောဂိတ်မှ ရွာကောက်(၉)လမ်း တံတားဘက်သို့လည်းကောင်း လမ်းလွှဲ ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါလမ်းပိုင်းသည် နှစ်ကာလကြာမြင့်သည့်အတွက် မီးရထားလမ်း၏ အနေအထားမှာ ညီညာမှုမရှိဘဲ မီးရထားသံလမ်းမှာ မြင့်တက်နေသည့်အတွက် အဆိုပါမီးရထားသံလမ်းပေါ်သို့ ဖြတ်သန်းကူးလူးသွားလာနေကြသည့် မော်တော် ယာဉ်၊ မော်တော်ဆိုင်ကယ်များမှာ မကြာခဏ တိမ်းမှောက်မှုများ ဖြစ်ပွားလျက် ရှိသည်။

**ကိုကိုရှူပ (နေပြည်တော်)**



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၈ လမ်း (အောက်) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီတွင်ကျင်းပရာ ဦးရန်အောင် (တိုင်းဒေသကြီးလွှတ်တော်ကိုယ် စားလှယ်–၂) နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(အဆိုပါလမ်းမှာ အရှည် ၃၉၆ ပေ၊ အကျယ် ၂၆ ပေဖြစ်ကြောင်း သိရသည်။) စိုးမိုးကျော်

ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏

### တိုတိုထွာထွာဖတ်စရာ

## တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရှေးဟောင်းသမိုင်းဝင်ရွှေစည်းခုံ စွယ်တော်ရှင်စေတီတော်ကြီး၏ အကြိမ်(၉၆၀) မြောက် တန်ဆောင်တိုင်ဗုဒ္ဓ ပူဇနိယပွဲတော်ကြီးကို နိုဝင်ဘာ ၄ ရက်မှ ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရားကြီးတောင်ဘက်ကွင်းပြင်ကျယ်တွင် မြန်မာပြည်အရပ်ရပ်မှ လာရောက်ရောင်းချကြမည့် ဈေးသည်များအတွက် ဈေးဆိုင်ခန်းပေါင်း တစ်ထောင်ကျော် ဆောက်လုပ်လျက်ရှိကြောင်း၊ ဘုရားကြီးပွဲတော်ကာလ အတွင်း မြန်မာ့ရိုးရာအလှုခတ်ခြင်းဝိုင်းများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ၊ ဇာတ်ပွဲများ၊ အငြိမ့်ပွဲများဖြင့် ဖျော်ဖြေကပြပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**ကိုထိန် (ငါ့သရောက်)**

## ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးတိုင်းတာစစ်ဆေး

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာနှင့် ရွာသာကြီးကျေးရွာ တို့တွင် ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးနိုင်ရေးအတွက် အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီက ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် မြေပြင်ကွင်းဆင်း တိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ခြင်းလုပ်ငန်းကို ရွာသာကြီး ကျေးရွာ လမ်းအရှည်ပေတစ်မိုင်အား လမ်းအကျယ် ၁၂ ပေ ၊ ဒုတစ်ပေနှင့် ကိုးလက်မခွဲ ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်းနှင့် လက်ခုပ်ကျေးရွာ လမ်း အရှည်ပေ တစ်မိုင်နှစ်ဖာလုံကျော်အား လမ်းအကျယ် ၁၂ ပေ၊ ဒုတစ်ပေကိုး လက်မ ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ကျောင်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်း

**သီပေါ**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိရေဘေးသင့်ကျောင်းများ ပြန်လည် ထူထောင်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပညာရေးမိသားစု၏ ကူညီ ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကူညီပံ့ပိုးလှူဒါန်းခြင်းအခမ်း အနား ကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် ပညာ ရေးမှူးရုံး၌ ကျင်းပသည်။

သီပေါမြို့နယ် ပညာရေးမှူး ဦးဝင်းဇော်ဦးက ငွေကျပ် ၂၅ သိန်းနှင့် ကျောင်းသုံးပစ္စည်းများ၊ အဝတ်အထည်နှင့် အခြားအသုံးအဆောင်ပစ္စည်း များကို ကျိုက်မရောမြို့နယ် ဒုတိယပညာရေးမှူး ဦးအောင်နိုင်ဦးထံ ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## မြေတိုင်းတာခြင်းသင်တန်းဖွင့်

**ရန်ကုန်**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တန်းမြင့်မြေတိုင်းတာခြင်း နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်း သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေး ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၉၈ ဦးတက်ရောက်ပြီး အခြေခံ မြေတိုင်း၊ တန်းမြင့်မြေတိုင်း၊ မြေစာရင်းဘာသာရပ်၊ Total Station RTK–GPS များဖြင့် မြေတိုင်းတာခြင်းနှင့် ကွန်ပျူတာဖြင့် မြေပုံရေးဆွဲခြင်းပညာရပ် များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချကြောင်း သိရသည်။

**ဝင်းမော်**

## ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေး

**သပိတ်ကျင်း**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ညောင်လေးပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးနှစ်ပြည့် သုံးသပ်ဆွေးနွေးပွဲနှင့် ကော်မတီ သစ်ရွေးချယ်ဖွဲ့စည်းခြင်းကို အောက်တိုဘာ ၈ ရက်မွန်းလွဲပိုင်းက ကျေးရွာခန်းမ ဆောင်၌ ကျင်းပသည်။

ညောင်လေးပင်ကျေးရွာတွင် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ပြီး လူမှု စီးပွားဘဝမြှင့်တင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရေးနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ အောင်မြင်အောင်ဆောင် ရွက်နိုင်စေရေးအတွက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

**စိုးနိုင်ဝင်း (သပိတ်ကျင်း)**

# တိုက်စစ်မှူး ဒမ်ဘီလီ ရီးယဲလ်နှင့် ကစားမည့် အယ်လ်ကလပ်စီကိုပွဲစဉ် လွဲချော်မည်




ဘာစီလိုနာအသင်းတိုက်စစ်မှူး ဒမ်ဘီလီဟာ စပိန်ဘောလုံး အဖွဲ့ချုပ်က အောက်တိုဘာ ၉ ရက်မှာ နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့တာကြောင့် ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ် အသင်းတို့ ကစားမယ့် ပထမအကြိမ် အယ်လ်ကလပ်စီကို ပွဲစဉ်မှာ ပါဝင်ခွင့်ရရှိမှာမဟုတ်ဘဲ လွဲချော်မှာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဒမ်ဘီလီဟာ ဘာစီလိုနာအသင်းက ဆီဗီလာအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ စပိန် လာလီဂါပွဲစဉ်မှာ ကွင်းလယ်ဒိုင်လူကြီးကို အလွန်ဆိုးရွား ကြောင်း ပြောကြားခဲ့တာမို့ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒိုင်လူကြီးများ အပေါ် မထီမဲ့မြင်ပြုမှုနှင့် လေးစားမှုမရှိသော သဘောထား တို့ကြောင့် စပိန်ဘောလုံးအဖွဲ့ချုပ် စည်းမျဉ်းစည်းကမ်း ကော်မတီက တိုက်စစ်မှူး ဒမ်ဘီလီကို နှစ်ပွဲပယ် ပြစ်ဒဏ် ချမှတ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို နှစ်ပွဲပယ် ပြစ်ဒဏ်ကျခံခဲ့ရတာကြောင့် တိုက်စစ်မှူး ဒမ်ဘီလီဟာ အောက်တိုဘာ ၁၉ ရက်မှာ ကစားမယ့် အီဘားအသင်းနဲ့ အဝေးကွင်းပွဲစဉ်နဲ့ အောက်တိုဘာ ၂၆ ရက်မှာ ကစားမယ့် ရီးယဲလ်မက်ဒရစ် အသင်းနဲ့ အိမ်ကွင်းပွဲစဉ်တွေမှာ လွဲချော်ရတော့မှာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်း တို့ဟာ လာလီဂါရှစ်ပွဲကစားအပြီးမှာ ရီးယဲလ်မက်ဒရစ် အသင်းက အမှတ်ပေးဇယားအဆင့်(၁)နဲ့ ဘာစီလိုနာ အသင်းက အဆင့်(၂)နေရာတို့မှာ အသီးသီးရပ်တည်နေတာ လည်း ဖြစ်ပါတယ်။

ရော်နယ်အာရောဂျိုနဲ့ ဂျရက်ပီကေးတို့လည်း တစ်ပွဲ ပယ်ပြစ်ဒဏ်ကျခံထားရတာကြောင့် ဘာစီလိုနာအသင်းနဲ့ အီဘားအသင်းတို့ပွဲစဉ်မှာ လွဲချော်မှာဖြစ်ပါတယ်။ ပီကေးဟာ ဆီဗီလာအသင်းနဲ့ပွဲစဉ်မှာ ဒီရာသီရဲ့ ငါးကြိမ် မြောက် အဝါကတ်ပြသခံခဲ့ရတာကြောင့် တစ်ပွဲပယ် ပြစ်ဒဏ် ကျခံခဲ့ရတာဖြစ်ပြီး ဘာစီလိုနာအသင်းက ဒမ်ဘီလီနဲ့ ရော်နယ်အာရောဂျိုတို့ရဲ့ ပွဲပယ်ပြစ်ဒဏ်များနဲ့ စပ်လျဉ်းပြီး စပိန်ဘောလုံးအဖွဲ့ချုပ် စည်းမျဉ်းစည်းကမ်းကော်မတီထံ လျှောက်လဲချက်တင်သွားဖို့လည်း ဆုံးဖြတ်ထားပါတယ်။



# အမ်မရီကန်နဲ့ မန်ဇူကစ်တို့ နှစ်ဦးပေါင်းပြီး ပေါ့ဘာကို ကမ်းလှမ်းဖို့ ဂျူဗင်တပ်အသင်းစီစဉ်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ် အသင်းဟာ မန်ယူအသင်းရဲ့ ကွင်းလယ် ကစားသမား ပေါ့ဘာကိုခေါ်ယူဖို့ စီစဉ်ထားတာကြောင့် အမ်မရီကန်နဲ့ မန်ဇူကစ်နှစ်ဦးပေါင်းပြီး ကမ်းလှမ်းဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။

ပေါ့ဘာဟာ နွေရာသီအပြောင်း အရွှေ့ကာလကတည်းက မန်ယူအသင်း ကနေ ထွက်ခွာဖို့စီစဉ်နေတာ ဖြစ်ပေ မယ့် အပြောင်းအရွှေ့ကိစ္စ မအောင်မြင် ခဲ့တာကြောင့် အိုးထရက်ဖို့ဒ်မှာပဲ ဆက်ရှိနေခဲ့တာ ဖြစ်ပါတယ်။

ပေါ့ဘာကို ရီးယဲလ်မက်ဒရစ်အသင်း က ခေါ်ယူဖို့ စိတ်ဆန္ဒပြင်းပြနေပေ မယ့် ပေါ့ဘာလိုချင်တဲ့ ပြောင်းရွှေ့ ကြေးကို ပေးဖို့ဆန္ဒမရှိဘူးလို့ ဆိုပါ တယ်။ ပေါ့ဘာဟာ ရာသီအစမှာ ခြေစွမ်းမပြနိုင်ခဲ့တာမို့ ပေါ့ဘာရဲ့ မန်ယူအသင်း အနာဂတ်ဟာလည်း မသေချာ ဖြစ်လာခဲ့ပါတယ်။ မန်ယူ အသင်းအနေနဲ့ ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား မန်ဇူကစ်ကို ခေါ်ယူဖို့ နွေရာသီ အပြောင်းအရွှေ့ ကာလက စီစဉ်ခဲ့တာကြောင့် ဂျူဗင်တပ် အသင်းက ပေါ့ဘာကို ခေါ်ယူဖို့ အမ်မ ရီကန်နဲ့ မန်ဇူကစ်နှစ်ဦးပေါင်းပြီး ကမ်းလှမ်းဖို့စီစဉ်လာတာ ဖြစ်ပါတယ်။

**ငွေကြယ် ရေးသားသည်**

# မန်ယူအသင်းနည်းပြတာဝန်ပေးမည်ဆိုပါက တာဝန်ယူကိုင်တွယ်မည်ဟု ဂျူဗင်တပ်အသင်းနည်းပြဟောင်း အယ်လ်လီဂရီ ပြောကြား

ဂျူဗင်တပ်အသင်း နည်းပြဟောင်း အယ်လ်လီဂရီဟာ မန်ယူအသင်းအနေနဲ့ နည်းပြတာဝန်ပေးမယ်ဆိုရင် တာဝန်ယူကိုင်တွယ်လိုကြောင်း ပြောကြား လာပါတယ်။ အယ်လ်လီဂရီဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီကုန်က ဂျူဗင်တပ် အသင်းကနေ ထွက်ခွာခဲ့ပြီးနောက်ပိုင်းမှာ အသင်းလက်မဲ့ဖြစ်နေရသူလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပရီမီယာလိဂ်ကလပ်မန်ယူအသင်းရဲ့ နည်းပြ ဆိုးရှား နေရာမှာ ဆက်ခံမယ့် အနာဂတ်နည်းပြဟာ အယ်လ်လီဂရီ ဖြစ်လာနိုင်တယ် လို့လည်း ရေပန်းစားနေတာ ဖြစ်ပါတယ်။

နည်းပြ ဆိုးရှားဟာ မန်ယူအသင်းအတွက် အခုနှစ်ဘောလုံးရာသီအစပိုင်း ကတည်းက ရလဒ်ပိုင်းကဆိုးရွားခဲ့ရတာကြောင့် မန်ယူအသင်းကလည်း လီဗာပူး အသင်းနဲ့ကစားမယ့်ပွဲစဉ်ကို စောင့်ကြည့်မယ်လို့ သတိပေးထားတာဖြစ်ပါတယ်။

မန်ယူအသင်းရဲ့အမှုဆောင် ဒုတိယဥက္ကဋ္ဌဖြစ်သူက လွန်ခဲ့တဲ့ ခြောက်လ အတွင်းက နည်းပြ ဆိုးရှားကို သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာ ဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာ နှစ်ပွဲသာအနိုင်ရပြီး တန်းဆင်းဇုန်အထက် နှစ်မှတ်အကွာနဲ့ အမှတ်ပေးဇယားအဆင့် ၁၂ နေရာမှာ ရပ်တည်နေတာကြောင့် မန်ယူအသင်းရဲ့ ရလဒ်ပိုင်းအဆိုးရွားဆုံးရာသီအဖြစ်လည်း ဝေဖန်ခံထား ရတာဖြစ်ပါတယ်။

အယ်လ်လီဂရီဟာ မန်ယူအသင်းအမှုဆောင် ဒုတိယဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝက်ဒ် ရဲ့ နည်းပြရာထူးနေရာ အစားထိုးမယ့် ဖြစ်တန်ခြေစာရင်းမှာ ထိပ်ဆုံးကဦးဆောင် နေတာဖြစ်ပါတယ်။ အယ်လ်လီဂရီဟာ အီတလီမြေမှာ အောင်မြင်မှုရရှိခဲ့တဲ့ နည်းပြတစ်ဦးဖြစ်ပြီး ၂၀၀၉ ကနေ ၂၀၁၄ အထိ အေစီမီလန်အသင်းကို ကိုင်တွယ်ခဲ့ရာမှာ စီးရီးအေဖလားတစ်ကြိမ်နဲ့ အီတလီစူပါဖလားတစ်ကြိမ်တို့ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၄ ကနေ ၂၀၁၉ အထိ ဂျူဗင်တပ်အသင်းမှာ တာဝန်ယူချိန်မှာတော့ အယ်လ်လီဂရီအနေနဲ့ ဂျူဗင်တပ်အသင်းအတွက် အီတလီစီးရီးအေဖလား ငါးကြိမ်၊ ကိုပါအီတာလီယာဖလား လေးကြိမ်နဲ့ အီတလီစူပါဖလား နှစ်ကြိမ်တို့ကို ရယူပေးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

# အာရှပြိုင်ပွဲအကြို မြန်မာနှင့် ဗီယက်နမ် ယူ-၁၉ အမျိုးသမီးအသင်းတို့ ယနေ့ခြေစမ်းမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် လေ့ကျင့်ပြင်ဆင် နေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ဗီယက်နမ် ယူ-၁၉ အမျိုးသမီး အသင်းတို့သည် ပြိုင်ပွဲအကြို မန္တလေးမြို့၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည် ဖြစ်ပြီး ပထမပွဲကို အောက်တိုဘာ ၁၁ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာနှင့် ဗီယက်နမ် ယူ-၁၉ အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲနှစ်ပွဲစလုံးကို ကွင်းဝင်ကြေး အခမဲ့သတ်မှတ်ထားသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပြည်ပလေ့ကျင့်ရေးခရီးစဉ် သွားရောက်ရန် စီစဉ်ထားသော်လည်း အဆင်မပြေသောကြောင့် ဗီယက်နမ် ယူ-၁၉ အသင်းနှင့်သာ ခြေစမ်းပွဲကစားခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဒုတိယ ခြေစမ်းပွဲကို အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အတွက် ဇူလိုင် ၁ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲသာ ကစားရသေးကာ စင်ကာပူလက်ရွေးစင်အသင်းကို ငါးဂိုးပြတ် အနိုင်ရထားသည်။ မြန်မာအသင်းသည် ဇူလိုင်လတွင် နိုင်ငံတကာခြေစမ်းပွဲကစားပြီးနောက်ပိုင်း သုံးလနီးပါးကြာမှ ခြေစမ်းပွဲထပ်မံကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် မန္တလေးခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲလေးပွဲကစားမည် ဖြစ်ပြီး ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲပြီးပါက ပြည်တွင်းအသင်းများနှင့် အောက်တိုဘာ ၁၆ ရက်နှင့် ၁၈ ရက်တို့တွင် ထပ်မံကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယခုခြေစမ်းပွဲများအတွက် ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားပြီး ပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည် ဖြစ်သည်။ မြန်မာနှင့် ဗီယက်နမ်အသင်းတို့သည် ခြေစစ်ပွဲများ အဆင့်ဆင့် ကစားကာ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရထားခြင်းဖြစ်ပြီး နှစ်သင်းစလုံး အတွက် အကျိုးရှိမည့် ခြေစမ်းပွဲဖြစ်လာမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၁၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၀ ပါ ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်သတင်း ဒုတိယစာပိုဒ်ပါ **ပုဇွန်တောင်မြို့နယ် အမှတ် (၇) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်**အစား **ပုဇွန်တောင်မြို့နယ် အမှတ် (၇) ရပ်ကွက် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်နိုင်**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ရီရီမြင့်၊ ဥမ္မာသန့်**

❒ **သီတင်းကျွတ်ရုံးပိတ်ရက်မှ**

''နေရပ်ပြန်မယ့်အချိန်ကပ်မှ လက်မှတ်ရဦးမလား ဆိုပြီး အိမ်ကလှမ်းဆက်သွယ်မေးတဲ့သူတောင် လက်မှတ်ရရှိစေဖို့အတွက် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးနေပြီး အခက်အခဲရှိလာလို့ ကျွန်တော်တို့ဆီ ဆက်သွယ်လာရင်တောင် ခရီးသည်တွေ အဆင်ပြေစေဖို့ ကျွန်တော်တို့အနေနဲ့ လက်မှတ်များရရှိစေဖို့ ဆောင်ရွက် ပေးနေပါတယ်။ ခရီးသွားတဲ့သူ အလွန်များပြားလာလို့ ဆက်သွယ်အကူအညီတောင်းလာရင်လည်း အရန်ယာဉ် များကို အဆင်ပြေစေဖို့စီစဉ်ဆောင်ရွက်ပေးထားတာပါတယ်။ ဒါကလည်း သီတင်းကျွတ်နဲ့ သင်္ကြန်ရုံးပိတ်ရက်ကာလ အတွက်ပဲ ဖြစ်ပါတယ်။ အောင်ဆန်းကွင်းလိုနေရာမှာ လက်မှတ်သွားဝယ်ရင်တော့ လက်မှတ်ကုန်ပြီလို့ ပြောမှာ ပါပဲ။ ဒီယာဉ်ရပ်နားစခန်းမှာတော့ ယာဉ်လိုင်းက အများကြီး ရှိနေတော့ ခရီးသည်များအတွက် လက်မှတ်က အဆင်ပြေ ပါတယ်''ဟု တာဝန်ခံ ဦးဘမြင့်က ပြောသည်။

**စီမံဆောင်ရွက်**

ခရီးသည်များ လက်မှတ်ဝယ်ယူရန် အခက်အခဲဖြစ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ဒဂုံရောအဝေးပြေး ယာဉ်ရပ်နားစခန်းတို့၌ အဖွဲ့ငယ်များဖွဲ့စည်း၍ လိုအပ်သည် များကို စီမံဆောင်ရွက်ပေးနေကြောင်း၊ ယာဉ်လိုင်းများ လက်မှတ်ခနှုန်းထားပြောင်းလဲ၍ ကောက်ခံခြင်းမပြုရန် လည်း ညွှန်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာ ပိုင်အဖွဲ့ (အဝေးပြေး)မှ သိရသည်။

''ဒီသီတင်းကျွတ်ကာလမှာ ယာဉ်အစီးရေ မလျော့ သွားပါဘူး။ တိုးဖို့ပဲရှိနေတာပါ။ ခရီးသည်များလက်မှတ် ဝယ်ဖို့ခက်ခဲပေမယ့် ယာဉ်စီးခလက်မှတ်ခနှုန်းထားက ပြောင်းလဲခြင်းမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ သီတင်း ကျွတ်ပိတ်ရက်တွေကို ကြိုမျှော်တွေးပြီး ယာဉ်လိုင်းအသီးသီး နဲ့တွေ့ဆုံကာ ဆွေးနွေးခဲ့ပါတယ်။ လက်မှတ်ခပိုမရောင်း ဖို့ပါ။ သူတို့လည်း ပိုမရောင်းကြပါဘူး။ မိုးတွင်းကာလဆိုရင် တချို့ခရီးသည်ယာဉ်လိုင်းတွေမှာ ခရီးသည်ဦးရေ ၂၀ လောက်နဲ့ သွားရတာတွေအများကြီးရှိပါတယ်။ ခုလို ခရီးသည်ရရှိတဲ့အချိန်ကျတော့ ယာဉ်အစီးရေကိုထပ်တိုးပြီး ပြေးဆွဲပေးနေကြတာပါ။ ဒါကြောင့် ပုံမှန်ပြေးဆွဲနေတယ် လို့ပဲ ဆိုချင်ပါတယ်။ ခရီးသည်ရှိသလောက် ယာဉ်လိုင်း တွေက လက်မှတ်တွေကို ရောင်းချပေးသွားမှာပါပဲ''ဟု တာဝန်ခံ ဦးဘမြင့်က ထပ်မံရှင်းပြသည်။

**ယာဉ်လိုင်း ၂၅၆ လိုင်းရှိ**

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၏ အတွင်း နှင့်အပြင်တွင် ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် ပြည်နယ် နှင့်တိုင်းဒေသကြီးအသီးသီးသို့ ပြေးဆွဲနေသောယာဉ်လိုင်း စာရင်းအရ ယာဉ်လိုင်း ၂၅၆ လိုင်းရှိပြီး ယာဉ်အစီးရေ ၂၅၀၀ ကျော်ရှိကာ တစ်ရက်လျှင် ယာဉ်အစီးရေ ၅၀၀ ကျော်ကို ခရီးသည်များသွားလာရေးအဆင်ပြေစေရန်အတွက် ပုံမှန် ပြေးဆွဲပေးလျက်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင် အဖွဲ့ (အဝေးပြေး)မှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ရီရီစံ
### အသက်(၈၇)နှစ်

75–81 RIT Welfare Group မှ ဦးမြင့်သန်း(သဇင်ဂါးဒင်းဟိုတယ်–ပုဂံ)–ဒေါ်တင်မာမြင့် (RIT 81 Batch Civil)တို့၏ မိခင် ဒေါ်ခင်ရီရီစံ သည် ၈–၁၀–၂၀၁၉ (အင်္ဂါနေ့) ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75–81 RIT Welfare Group**
**All Major မှ အင်ဂျင်နီယာနှင့်**
**ဗိသုကာသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှအုန်း
### အသက်(၈၅)နှစ်

ဒေါက်တာစိုးဦး(ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)နှင့် ဇနီး ဒေါက်တာစန်းစန်းယု (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်လှအုန်းသည် ၁၀–၁၀–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှအုန်း
### အသက်(၈၅)နှစ်

ဒေါက်တာစိုးဦး(ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)နှင့် ဇနီး ဒေါက်တာစန်းစန်းယု (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်လှအုန်းသည် ၁၀–၁၀–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ကုသရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှအုန်း
### အသက်(၈၅)နှစ်

ဒေါက်တာစိုးဦး(ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)နှင့် ဇနီး ဒေါက်တာစန်းစန်းယု (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ဟင်္သာတခရိုင် ပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်လှအုန်းသည် ၁၀–၁၀–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ**
**ဟင်္သာတခရိုင်ပြည်သူ့ဆေးရုံကြီး**

## အနိစ္စ

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်မြင့် (၆၅)နှစ်

**ကထိက၊ ဓာတုဗေဒ (ငြိမ်း)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၄)လမ်း၊ အမှတ်(၁၂၅)နေ (ဦးထွန်း)–ဒေါ်လှကြည် တို့၏သမီးကြီး၊ ဦးထွန်းလှိုင်(EP–1973)–ဒေါ်သီတာတို့၏ ညီမ၊ ဒေါက်တာပူစူး(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန)၊ ဒေါက်တာမြင့်သန်း–ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးအောင်သူတို့၏အစ်မ၊ ဦးကျော်သူလှိုင်–ဒေါ်ဇင်မိုးသွယ်၊ ဒေါ်သန္တာလှိုင် – David Lin၊ ဒေါ်သက်မွန်အေး (ILBC)–ဦးဆိုင်းနော်၊ ဒေါ်သီသီအောင်(ILBC)–ဦးစည်သူဆွေ၊ ဒေါ်အေးရည်မွန်(MC)တို့၏ ချစ်လှစွာသော အဒေါ်၊ မြေးခြောက်ယောက်တို့၏ ဘွားဘွားသည် ၉–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅–၁၀–၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးထွန်းနေ (၅၉) နှစ်

**အလုပ်ရုံခွဲမှူး**
**ကုန်ထုတ်အမိုးနီးယားဌာန**

ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မြို့မရပ်ကွက်နေ (ဦးဘဂဝမ်းဆင်းထပ္ပါး)–ဒေါ်ဂါရေးသရီးဒေဝီတို့၏သား၊ (ဦးဖန်နီ)–ဒေါ်ခိုင်ခိုင်ဝင်းတို့၏ ညီ/မောင်၊ ဦးတင်ရွှေ (ခ) မွန်း–ဒေါ်မေနူး၊ ဦးစိုးနီ–ဒေါ်မာလာ၊ (ဦးဘိုးနီ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ရှုခင်းသာအိမ်ရာ၊ အင်ကြင်းလမ်း၊ တိုက်(A–7)၊ အခန်း(201)နေ ဒေါ်မိုးမိုးဌေး၏ခင်ပွန်း၊ ဒေါက်တာဟန်ဇင်နို (ပင်လုံဆေးရုံ)၊ မမေသူထွန်း (First Year English)၊ မောင်လှိုင်ဇင်နို တို့၏ဖခင်သည် ၉–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀ နာရီတွင် မော်ဘီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၁၀–၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (သာကေတမြို့နယ်နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅–၁၀–၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီ မှ ၁၁ နာရီအထိ မှော်ဘီမြို့နယ်၊ မြောင်းတကာခတ်မြေသြဇာစက်ရုံ၊ ပိတောက်ရပ်ကွက်၊ အမှတ်(၁၂/က)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ကြည်း–၁၂၇၅၉
## ဗိုလ်မှူးကြီး ထိန်လင်း (ငြိမ်း)
### အသက် (၇၀)
### ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)
### မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း

ပဲခူးမြို့၊ အမှတ်(၅၈)၊ (15–A)ရပ်ကွက်၊ ဥသျှစ်မြို့သစ်၊ ဆည်မြောင်းလမ်းနေ ဒေါ်မာလာ၏ခင်ပွန်း၊ ကိုစိန်ဝင်း၏ဖခင် ဗိုလ်မှူးကြီးထိန်လင်း (ငြိမ်း)သည် ၁၀–၁၀–၂၀၁၉ ရက် နံနက် ၁၁:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၄၇) ကျောင်းဆင်း**
**အရာရှိများနှင့် မိသားစုများ**

## ဦးသိန်းဆွေ
## အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၁၇၈–ခ)၊ (၃၄)လမ်းနေ (ဦးဥမောင်–ဒေါ်ခင်ရွှေ)တို့၏သား၊ ဦးခင်စိုး–ဒေါ်ကြည်ဝင်း (G.T.I –ပြည်)တို့၏သားသမက်၊ ဒေါ်အေးအေးစိုး (အထက–၅၊ ဗိုလ်တထောင်)၏ခင်ပွန်း၊ မောင်ဆန်းထူးဇလ (AYE MYAT SAY Co.,Ltd)၏ဖခင် ဦးသိန်းဆွေသည် ၉–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၇:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၁၀–၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅–၁၀–၂၀၁၉ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် (၃၄)လမ်းနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

## ဆရာမကြီးဒေါ်ခင်မျိုးမြင့်
### အသက်(၈၅)နှစ်
### ကထိက(ငြိမ်း)၊ အင်္ဂလိပ်စာဌာန
### ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
### မော်လမြိုင်တက္ကသိုလ်

[ဦးပု (အတွင်းဝန်–ငြိမ်း၊ ပညာရေးဝန်ကြီးဌာန)–ဒေါ်မိမိလေး (ကျောက်ပန်းတောင်း)]တို့၏ သမီး၊ [ဦးဉာဏ်ဝင်း (ကုန်သွယ်လယ်ယာ–ငြိမ်း)]–ဒေါ်ခင်မျိုးသန့် (အထက်တန်းပြ–ငြိမ်း) တို့၏ ညီမ၊ ပြည်မြို့နေ ဦးဌေးနိုင်–ဒေါ်မီမီခိုင်တို့၏ မွေးစားမိခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏ အဘွား ဒေါ်ခင်မျိုးမြင့်သည် ၉–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၁၀ နာရီတွင် ပြည်မြို့၊ အောင်ဆန်းကွက်သစ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၁၀–၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် ပြည်မြို့အေးငြိမ်းရာသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်းလင်း
### အသက် (၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၃–ခ ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၁၀၃)နေ (ဗိုလ်မှူးဝေလင်း–ဒေါ်မမလေး)တို့၏သမီး၊ [ဦးစံဖေ–ဒေါ်အေးကြွယ် (ဖဲပွင့်မအုန်းမယ်ဆေးပေါ့လိပ်)]တို့၏သမီးချွေးမ၊ (ဦးစိုးလှိုင်)၏ချစ်လှစွာသောဇနီး၊ (Dr.အောင်မင်း)–ဒေါ်သန္တာစိုး(GNP Co.,Ltd)၊ ဦးရန်နိုင်စိုး၊ ဦးကျော်ကျော်စိုး–ဒေါ်မြင့်မြင့်အေး၊ ဒေါ်စုစုလှိုင် (ကထိက–အရှေ့တိုင်းပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးဇော်မင်းသိန်း–ဒေါ်ယုယုလှိုင် (Ashro Myanmar Co.,Ltd)၊ ဦးဝင်းသန်း–ဒေါ်ခင်ချောလှိုင်(စာရေးဆရာမခင်ဝေလင်း)၊ ဦးဘိုဘိုစိုး–ဒေါ်စန်းသီတာ (ရုံးအုပ်–စီမံရေးရာဌာနခွဲ၊ စီမံ–၅၊ ဆည်/ ရေဦးစီးဌာန–ရုံးချုပ်)၊ ဒေါ်ခင်ဥမ္မာစိုး(Ireland)၊ ဦးဝင်းမင်းစိုး(Sunjin Myanmar Co.,Ltd)–ဒေါ်ဖြူဖြူဝင်း၊ ဦးမိုးဇော်–[ဒေါ်ဖြိုးမမစိုး(Ireland)]တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြတ်မင်းကိုကို၊ဘုန်းဇော်ကို၊ကောင်းသုဝေ၊သီဟမင်းသွေး(UMAMI)၊ လူထက်စံ၊ ရွှန်းလဲ့ဘိုဘို၊ ဂျက်ဆင်ဇော်၊ ချမ်းမြေ့ခင်၊ ချမ်းမင်းကိုတို့၏ဘွားဘွားကြီးသည် ၉–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် OSC ဆေးရုံ(မ/ဥ)၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၁၀–၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်စန္ဒာချစ်(ယုဇန ဟိုတယ်)
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရွာတန်းရှည်၊ ဦးလွန်းမောင်(၄)လမ်း၊ အမှတ်(၈/၁၄)နေ (ဦးချစ်တင်)–ဒေါ်သိန်းရွှေ တို့၏ သမီး၊ ဦးစိုးမြင့်–ဒေါ်လေးလေးမြင့်၊ ဦးသန်းညွှန့်–ဒေါ်မော်မော်၊ ဒေါ်လေးလေးဆင့်၊ ဦးမိုးကျော်အောင်–ဒေါ်တိုးတိုးလွင် တို့၏ ညီမ၊ ကိုသန့်ဇင်–မခင်ခင်လေး၊ ကိုသန်းဇော်ဦး–မစန္ဒာလင်း၊ ကိုသန့်ဇင်အောင်–မဥမ္မာချစ်၊ မမိုးသန္တာချစ် တို့၏အစ်မသည် ၁၀–၁၀–၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ကွယ်သွားပါသဖြင့် ၁၂–၁၀–၂၀၁၉ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ခြံအမှတ်(၈/၁၄)၊ ဦးလွန်းမောင်(၄)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးသက်နိုင်အေး(ခ)နိုင်နိုင် (၄၂)နှစ်

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ်(၂၉၇)နေ (ဦးချင်းငှား–ဒေါ်မြိုင်)တို့၏ မြေး၊ (ဦးခင်မောင်အေး)–ဒေါ်မြင့်မြင့်ဦး တို့၏ သားကြီး၊ ဦးစောမော်ဂန်–ဒေါ်သင်းသင်းမြတ် တို့၏ သားသမက်၊ ဦးအောင်နိုင်အေး–ဒေါ်ညောင်ခမ်းလွန်၊ မထက်ထက်အေး၊ မောင်အောင်မင်းအေး–မအိမျိုးဆွေ၊ ကိုဝင်းထွဋ်အေး တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဒေါ်သူဇာထွန်း(ခ)မပုံ့ပုံ့၏ ခင်ပွန်း၊ မမေမြင့်မြတ် ၏ ဖခင်ဦးသက်နိုင်အေး(ခ)နိုင်နိုင်သည် ၁၀–၁၀–၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂–၁၀–၂၀၁၉ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သုသာန်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေ သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးခင် (မောင်တော)
### အသက်(၉၉)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးစောမောင်၏ မိခင်ကြီး ဒေါ်အေးခင်သည် ၂၆–၈–၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄ ဆေးတက္ကသိုလ်(၁)ဝင်**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးထိန်လင်း(ငြိမ်း)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၇၀)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး လုပ်ငန်းတွင် ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးထိန်လင်းသည် ၁၀–၁၀–၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဒေါ်စိန်မှုံ (ဥဒေါင်း)
### အသက်(၈၆)နှစ်

ကရင်ပြည်နယ်၊ ဥဒေါင်းရွာနေ (ဦးစံထွန်း–ဒေါ်သိန်းမယ်)တို့၏ သမီးထွေး၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဘီ(၃)လမ်း၊ တိုက်(၂၂)၊ အခန်း(၄၀၂)နေ (ဦးညွှန့်မောင်)၏ဇနီး၊ ဒေါ်မေရီသန်း(ထ–ခွဲ၊ လ–၁၊ ဒဂုံဆိပ်ကမ်း–ငြိမ်း)၊ ဒေါ်မေမေသန်း၊ ဦးဇော်ညွှန့်ဦး၊ ဦးကျော်ဇော(က–က–ငွေ၊ ငြိမ်း)တို့၏ မိခင်၊ မောင်စောဝေယံထက်၊ မောင်မင်းသန့်၊ မောင်အာကာမင်း၊ မဟန်မီမိုး တို့၏အဘွားသည် ၉–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၁၀–၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅–၁၀–၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ဘီ(၃)လမ်း၊ တိုက်(၂၂)၊ အခန်း(၄၀၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မေကြည် (၈၃) နှစ်

**ကြို့ကုန်းရိပ်သာ၊ အင်းစိန်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက်အမှတ်(၂၀)၊ အခန်း(၂)နေ (ဦးစိန်မှုံ–ဒေါ်အုံ)တို့၏သမီး၊ (ဦးတင်ဖေ)၏ဇနီး၊ ဦးနိုင်ဝင်း–ဒေါ်စန်းစန်းဝင်း(ကထိက–ငြိမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ အမေရိကန်နိုင်ငံ၊ LA မြို့နေ ဦးကျော်နိုင်အေး–ဒေါ်မြမြအေးတို့၏ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မောင်စိုးနိုင်ထက်–Chrisna C Htet၊ မအေပရယ်အေးမြတ်မွန်၊ မောင်ဘုန်းမြတ်ကျော်(4th yr Mech)တို့၏ချစ်လှစွာသောအဘွား၊ မြစ်တစ်ယောက်၏ ဘွားဘွားကြီးသည် ၁၀–၁၀–၂၀၁၉ ရက် နံနက် ၃:၅၈ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၁၀–၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

## ဒေါ်ချစ်သန်း

**ဦးစီးမှူး(ငြိမ်း)၊ ပြည်နယ်သမ**

### အသက်(၇၅)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဓမ္မာရုံရပ်ကွက်၊ အမှတ်(၃၇/က)နေ (ဦးဘအောင်–ဒေါ်ချစ်မေ)တို့၏ သမီး၊ [ဦးမောင်မောင်ယု (တရားလွှတ်တော်ရှေ့နေ)]၏ ဇနီး၊ ဦးနေလင်းအောင် [3rd Marine Engineer, Ocean Tanker Co.,Ltd.]–ဒေါ်နှင်းဝတ်ရည်ဖြိုး၊ ဒေါ်ယုဝေဝေအောင် (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်)တို့၏ မိခင်၊ မောင်အောင်ဘုန်းစံ (KG)၏ အဘွားသည် ၁၀–၁၀–၂၀၁၉ ရက် နံနက် ၃:၀၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၁၀–၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းနွဲ့ (စ–စ–စ–ငြိမ်း)
### အသက်(၆၈)နှစ်

**စစ်တွေ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၈)လမ်း၊ အမှတ်(၉၇၈)နေ (ဦးစံသိန်း–ဒေါ်ခင်စောဦး)တို့၏ သမီး၊ ဦးကြည်စိန် (ဦးစီးအရာရှိဆည်မြောင်း–ငြိမ်း)၏ ညီမ၊ ဦးမောင်မောင်နိုင်–ဒေါ်ခင်သက်သက် (မြန်မာ့ရေလုပ်ငန်း–ငြိမ်း)၊ ဦးထိန်လင်းနိုင် (မန်နေဂျာ WARTSILA Myanmar ကျောက်ဆည်)–ဒေါ်စိန်စိန်ဝင်း တို့၏ အစ်မ၊ မဖူးမြတ်စန္ဒီ(ဖူးဖူး)၊ မခင်နှင်းသက်ဝေ၊ မသီရိအိန္ဒြာအောင် (ဂျူးဂျူး)၊ မဟန်သီသက်ဝေတို့၏ အကြီးရှင်သည် ၁၀–၁၀–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၁၀–၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆–၁၀–၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ထွေး
### အသက်(၄၅)နှစ်
### အငယ်တန်းလက်ထောက် အင်ဂျင်နီယာ
### မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖ–ဆ–ပ–လ ရပ်ကွက်၊ မြဝတီအိမ်ရာ၊ တိုက်အမှတ်(၂၆)၊ အခန်း(၄)နေ (ဦးမောင်တင်)–ဒေါ်ခင်ခင် တို့၏ သားထွေး၊ ဒေါ်ကြူကြူ (ဦးလှအောင်)–ဒေါ်ဖြူဖြူ ဦးခင်မောင်ဇင်–ဒေါ်ခင်မူ၊ ဦးခင်မောင်ဝင်း–ဒေါ်လွင်မာဦး၊ (ဦးလှမိုး–ဒေါ်နီနီဝင်း)၊ ဦးခင်မောင်မြင့်–ဒေါ်နွယ်နွယ်အေး၊ ဦးမျိုးညွန့်–ဒေါ်သန်းသန်းနွယ်၊ ဦးခင်မောင်မြင့်–ဒေါ်ကြူကြူဝင်း တို့၏ ညီ/မောင်၊ တူ/တူမ ၁၃ ယောက် တို့၏ ဦးလေး ဦးခင်မောင်ထွေးသည် ၁၀–၁၀–၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂–၁၀–၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## မန်းဖရက်သိန်းဖေ
### ရန်ကုန်တက္ကသိုလ်၊ ရုက္ခဗေဒဌာန
### လက်ထောက်ကထိက (ငြိမ်း)
### အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ(၁၆)လမ်းနေ ဒေါ်မေပုလဲ၏ ခင်ပွန်း မန်းဖရက်သိန်းဖေသည် ၄–၁၀–၂၀၁၉ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဆရာကြီးမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၁–၁၉၇၄ တောင်ကြီးကောလိပ် ကျောင်းသူကျောင်းသားများ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

ဂျပန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် General Koji Yamasaki ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြပြီး ညပိုင်းတွင် ဂျပန်နိုင်ငံ Tokyo မြို့ရှိ Haneda လေဆိပ်သို့ ရောက်ရှိကြရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်သူ၊ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနမှ Colonel Ishiwata၊ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei Sasakawa၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) ဗိုလ်မှူးကြီး တင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪

## သီတင်းကျွတ်ရုံးပိတ်ရက် ခရီးသွားများ အဆင်ပြေစေရေး အရန်ယာဉ်များ ဆောင်ရွက်ပေးထား



သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမှတစ်ဆင့် နေရပ်ပြန်ကြသည့် ခရီးသည်များကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၀**

သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမှတစ်ဆင့် နေရပ်ဒေသအသီးသီးသို့ ပြန်ကြသည့် ခရီးသည်များ အဆင်ပြေစေရန်အတွက် အရန်ယာဉ်များကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(အဝေးပြေး)မှ တာဝန်ခံ ဦးဘမြင့်က ပြောသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❒

ကြေးမုံ ယနေ့ ဖတ်စရာ

ပုဂံဒေသရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ
စာမျက်နှာ » ၄

သီတင်းကျွတ်ရုံးပိတ်ရက် ခရီးသွားပြည်သူများ၏ စကားသံများ
စာမျက်နှာ » ၈

အသက် ၁၀၀ နီးပါးရှိပြီဖြစ်သည့် အနုပညာသမားတစ်ဦး၏ ကြိုးပမ်းမှု(သို့မဟုတ်) မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုသီချင်းရေးဖွဲ့နေသည့် စည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်
စာမျက်နှာ » ၉

တိုင်ဖွန်းမုန်တိုင်း ဟာဂီဘစ် နီးကပ်လာမှုကြောင့် လေကြောင်းလိုင်းများ ဖျက်သိမ်း
စာမျက်နှာ » ၁၂

အမေရိကန်သမ္မတက မိမိအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်းမရှိဟု ယူကရိန်းသမ္မတ ပြောကြား
စာမျက်နှာ » ၁၃

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...

ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။